# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၁၈ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# (၁၄-၉-၂၀၁၁)

**အချိန်၊ ၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အ စည်းအဝေးရဲ့ ၁၈ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၆.၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးမြင့်ကိုကို(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြည်း ၁၆၄၅၀ ဗိုလ်မှူးကြီးမြင့်ကိုကို ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြည်း ၁၈၈၄၁ ဗိုလ်မှူးကြီးတင့်ဆန်းဟာ ယနေ့မနက် ဝမ်းကိုက်ဝမ်းလျှောရောဂါဖြစ်ပွားနေပါ၍ အစည်းအဝေး မတက်ရောက်နိုင်ပါသောကြောင့် ၁၄-၉-၂၀၁၁ ခုနှစ် တစ်ရက် အစည်းအဝေး မတက်ရောက်နိုင်ခြင်းအားခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း သည် ယမန်နေ့ကတည်းက တုတ်ကွေးမိဖျားနာနေပါသဖြင့် ဆေးသောက်၍ အနားယူရန် တာဝန်ကျ ဆရာဝန်မှ ညွှန်ကြားထားပါသောကြောင့် ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိပါသဖြင့် ဦးဝင်းသန်း၏ ယနေ့ ၁၄-၉-၂၀၁၁ ရက်နေ့ ပျက်ကွက်မှုအား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဧရာဝတီတိုင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းမှ ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ဟာ မနေ့က ခြေခေါက်လဲတဲ့ အတွက် ခုတင် ၁၀၀ ဆေးရုံကိုသွားပြတဲ့အခါမှာ ခြေကျင်းဝတ်အမာရွတ် ဆုတ်ပြဲသွားကြောင်း သိရပါတယ်။ ဒါကြောင့်မို့လို့ ဆေးကုသမှုခံယူပြီးတော့ ၅ ရက်ခန့် အနားယူရမယ်ဖြစ်ကြောင်း ဆရာဝန်ကြီးက ညွှန်ကြားပါတယ်။ ဒါကြောင့်မို့လို့ ဦးညွန့်လှိုင်အား စက်တင်ဘာလ ၁၄ ရက်၊ ယနေ့ကစပြီးတော့ ၁၆ ရက်နေ့အထိ ၃ ရက်ခွင့်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း နေမကောင်းဖြစ်နေပါသဖြင့် ဒီနေ့ ၁၄-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ကျွန်မ ဒေါ်ခင်စောဝေမှ ဒေါ်မိမြင့်သန်းကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားသော ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်းရင်း ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ပနိုင်ငံများမှာ သွားရောက် အလုပ်လုပ်ကိုင်ကြတဲ့ အလုပ်သမားများနဲ့ပတ်သက်တဲ့ မေးခွန်းနှစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ် ခင်ဗျား။ ပထမမေးခွန်းကတော့ ပြည်ပနိုင်ငံများသို့ ဥပဒေနှင့်အညီ တရားဝင်သွားရောက် အလုပ်လုပ်ကိုင် နေသည့် မိမိနိုင်ငံသားအရေအတွက် မည်မျှရှိပါသလဲ။ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်နေသူ အရေအတွက် ခန့်မှန်းသိရှိနိုင်ပါသလား။ ခန့်မှန်းသိရှိနိုင်အောင်မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲ။ ဒုတိယမေးခွန်းကတော့ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားအရေအတွက် မည်မျှရှိပါသလဲ။ ၎င်းတို့၏အလုပ်သမားအခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထား ရှိပါသလဲ။ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်ဝင်း(မောင်တောမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော် များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ စာဖြင့်ဖတ်ပြတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ ပြည်ထောင်စုဖွားဒေသခံမြန်မာမွတ်စလင်ပြည်သူများသည် များသောအားဖြင့် ပညာမဲ့များ၊ အလုပ်လက်မဲ့များနှင့် ဆင်းရဲနွမ်းပါးသူများရှိပါသဖြင့် အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ယနေ့အချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှုများ ပပျောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေပါသဖြင့် ၎င်းဒေသရှိ ပြည်ထောင်စုဖွားမဲဆန္ဒရှင်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပအလုပ်အကိုင်များ သွားရောက်လုပ်ကိုင်ခွင့်ရရှိရေး ဖန်တီးပေးနိုင်မည်ဆိုပါက နိုင်ငံတော်အတွက်တစ်ဖက်တစ်လမ်းမှ အခွန်ဘဏ္ဍာငွေများ ရရှိနိုင်မည်ဖြစ်ပြီး ယင်းဒေသရှိ ပြည်ထောင်စုဖွားဒေသခံမဲဆန္ဒရှင်ပြည်သူများအတွက်လည်းအကျိုးဖြစ်ထွန်းလာမည့်အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များကိုလည်း ဖြည့်ဆည်းပေးရာရောက်ပါတယ်။ ကျွန်တော် ဖြည့်စွက်တင်ပြလိုသည်မှာ လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်က မောင်တောခရိုင်မှလှေစီးရွှေ့ပြောင်းလုပ်သားအများအပြား တရားမဝင်ရေကြောင်းခရီးဖြင့်သွားကြ၍ အခြားနိုင်ငံများသို့ရောက်ရှိခဲ့ပါသည်။ ယင်းနိုင်ငံများကလှေစီးရွှေ့ပြောင်းလုပ်သားများကိုတလွဲအသုံးချကာ နိုင်ငံတကာသွင်းကုန်တွေ ကျွန်တော်တို့ တိုင်းပြည်နိုင်ငံရေးအရ သိက္ခာကျအောင်လုပ်ခဲ့သည်ကိုသတိရမိပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးချိုးဖောက်နေသည်ဟုပင် စွပ်စွဲခဲ့ပါတယ်။ နိုင်ငံခြားတိုင်းပြည်များသို့အလုပ်အကိုင်များတရားဝင်သွားရောက်လုပ်ကိုင်ခွင့်ရရှိပါက အုပ်ချုပ်ရေးပိုင်းမှာလည်းကောင်းမွန်လာပြီး ဒေသခံပြည်သူများ၏မိသားစုဘဝလည်းပြေလည်လာမှာဖြစ်ပြီး လူနေသိပ်သည်းမှုလျော့နည်းစေမှာဖြစ်ကြောင်းရိုးသားစွာယုံကြည်မိပါတယ်။ ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းမှာ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ ပြည်ထောင်စုဖွားဒေသခံပြည်သူများသည်ပညာရေးနိမ့်ကျပြီး လူနေထူထပ်၍အလုပ်လက်မဲ့များပြားလွန်းသည့်အပြင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ခွင့်လည်းမရရှိသဖြင့် ယင်းဒေသတွင်ပြဿနာအခက်အခဲမျိုးစုံနဲ့ကြုံတွေ့နေရပါတယ်။ ပြည်ပအလုပ်အကိုင်များသွားရောက်လုပ်ကိုင်ခွင့်မရရှိသည်ကို နိုင်ငံတော်အစိုးရအနေဖြင့် သိရှိခြင်း ရှိ၊ မရှိ နှင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရက မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကိုသိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊အလုပ်သမားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမား

ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဖြစ်ပါတယ်။ နေပြည်တော် လယ်ဝေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရှေးဦးစွာရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေဖြင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်ရန်အတွက် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး အလုပ်သမားများကို ဥပဒေနှင့် အညီစေလွှတ်လျက်ရှိပါတယ်။ ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်အထိ အလုပ်သမားဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ပနိုင်ငံ ၁၅ နိုင်ငံသို့ အလုပ်သမားစုစုပေါင်း ၆၀၇၂၂၅ ဦးစေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၃ သန်းခန့်ရှိနိုင်သည့်အနက် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့်အညီ အလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် မဟုတ်ဘဲ သွားရောက်လုပ်ကိုင်နေသော အလုပ်သမားအရေအတွက်မှာ ၂ သန်းခွဲခန့်ရှိမည်ဟုခန့်မှန်းတွက်ချက်ထားပါတယ်။ ထိုသို့ ပြည်ပရောက်မြန်မာအလုပ်သမားအရေအတွက်ကို သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ Mekong Migration Network, International Organization for Migration Asian Research Centre for Migration နဲ့ အခြား Research Institute များမှ သတင်းရယူခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဒုတိယအချက်အနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေအတွက်နှင့် စပ်လျဉ်းပြီးတော့ အထက်ပါနိုင်ငံတကာအဖွဲ့အစည်းများရဲ့ အချက်အလက်များအရ မြန်မာအလုပ်သမားအရေအတွက်မှာ ခန့်မှန်းခြေ ၂ သန်းခန့်ရှိပါတယ်။ ထိုင်းနိုင်ငံမှာ အလုပ်သမားမှတ်ပုံတင်ထားသူမှာ ၁.၅ သန်းခန့်ရှိပြီး ကျန်အရေအတွက်မှာ အထောက်အထားမဲ့ဖြစ်ပါတယ်။ ၈-၉-၂၀၁၁ ရက်နေ့အထိနယ်စပ်စခန်းများမှမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးပြီးတဲ့အရေအတွက်မှာ ၅၄၈၁၀၃ ဦးဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ်။ ကာကွယ်စောင့်ရှောက်ရေးနဲ့ပတ်သက်လို့ နှစ်နိုင်ငံအကြား အလုပ်သမားခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက ၂၀၀၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ထို့အပြင် မြန်မာအလုပ်သမားများအကာအကွယ်ပေးနိုင်ရေးနှင့်ပတ်သက်၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနာယကအဖြစ်ဦးဆောင်သော ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား ကူညီစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းထားပြီး အလုပ်သမားများကြုံတွေ့နေရတဲ့ အခက်အခဲများကိုကူညီဖြေရှင်းပေးလျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၁ အဖြစ် ၂၅-၅-၂၀၁၁ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းထားသော ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီးတော့မှ အဖွဲ့ဝင်

၁၅ ဦးဖြင့် စတင်ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဖွဲ့ကိုလည်းပဲ လုပ်ငန်းကော်မတီသုံးရပ်ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းကော်မတီသုံးရပ်အနက် အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပြည်ပအလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကော်မတီအား ပြည်ပရောက်မြန်မာအလုပ်သမားများကို အပြည့်အဝအကာအကွယ်ပေးနိုင်ရေးအတွက်ဖွဲ့စည်းထားရှိခြင်းဖြစ်ပါတယ်။ ဒီကော်မတီဟာ ထိုင်းနိုင်ငံရောက်အလုပ်သမားများရဲ့ အခွင့်အရေးအတွက် ထိရောက်စွာကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါနိုင်ငံမှာ Labour Attache တစ်ဦးထားရှိရေးအပါအဝင် ILO Convention များ၊ အာဆီယံစီဘူး Cebu Declaration GMS Strategic Framework and Action Plan များနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာထိုင်းနိုင်ငံအစိုးရ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၁) ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေခံလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရန်နှင့် သက်သာချောင်ချိရေးကို တိုးမြှင့်ဆောင်ရွက်ရန် ။

(၂) ရွှေ့ပြောင်းအလုပ်သမားများအတွက် သင့်တင့်မျှတသော အလုပ်အကိုင်ဆိုင်ရာအကာအကွယ်ပေးမှုလုပ်ခလစာ သင့်လျော်သောအလုပ်အကိုင်နှင့် နေထိုင်မှုအခြေအနေကောင်းမွန်မှုတို့အတွက် တိုးမြှင့်ဆောင်ရွက်ပေးရန်။

(၃) ရွှေ့ပြောင်းအလုပ်သမားများကို ခွဲခြားဆက်ဆံမှု၊ အလွဲပြုမှု၊ အမြတ်ထုတ်မှု၊ အကြမ်းဖက်မှုတို့မှ ထိုင်းနိုင်ငံ၏ ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးရန်။

(၄) ရွှေ့ပြောင်းအလုပ်သမားများကို ရသင့်ရထိုက်သောအခွင့်အရေးများ သာတူညီမျှမှုရှိစေရေးတိုးမြှင့်ဆောင်ရွက်ရန်။

(၅) အခက်အခဲနှင့်ကြုံတွေ့နေရသော ရွှေ့ပြောင်းအလုပ်သမားများအားအကူအညီပေးရေးကိုထိုင်းနိုင်ငံနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာတွင်မြန်မာသံရုံး၏ စွမ်းဆောင် နိုင်မှုကို အထောက်အကူပြုရန်။

(၆) တရားမဝင် လူစုဆောင်းသူများ၊ လူကုန်ကူးသူများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အထောက်အထားမရှိဘဲ ရွှေ့ပြောင်းလုပ်ကိုင်မှုအတွက် ကြုံတွေ့ရသည့်အခက်အခဲများ၊ အန္တရာယ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း မီဒီယာများမှတဆင့်အသိပညာပေးခြင်း အစီအစဉ်များချမှတ်ဆောင်ရွက်သွားရန်။

(၇) ရွှေ့ပြောင်းအလုပ်သမားများအတွက် နှစ်နိုင်ငံအစိုးရများကသတင်းကွန်ယက်ထူထောင်ပြီး သတင်းအချက်အလက်များဖလှယ်ခြင်းနှင့် တိကျမှန်ကန်သော သတင်းအချက်အလက်များ ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ရန်။

(၈) ရွှေ့ပြောင်းမှုစီမံခန့်ခွဲခြင်းစနစ်များ မြှင့်တင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုရေးကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေးနှင့် အလုပ်သမားဈေးကွက် သတင်းအချက်အလက်များ တိုးတက်ရရှိရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ဆောင်ရွက်သွားရန်တို့ပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအား အကာအကွယ်ပေးနိုင်ရန် အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကော်မတီက ပြင်ဆင်ဆောင်ရွက်နေမှုများအား သိရှိနိုင်ပါရန် ပြန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း မေးမြန်းတဲ့ကိစ္စနဲ့စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းတင်ပြလိုပါတယ်။ အလုပ်သမားဝန်ကြီးဌာနဟာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်လျက်အလုပ်ရှာဖွေသူများအား ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများတွင် အလုပ်အကိုင်ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းစစ်တွေ၊သံတွဲ၊ကျောက်ဖြူ၊အမ်းနှင့် ကျောက်တော်မြို့များတွင် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများကို ဖွင့်လှစ်ထားရှိပါတယ်။ ပြည်ပအလုပ်အကိုင်ကိစ္စရပ်များကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမှသာမက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကလည်း ဝန်ဆောင်မှုပေးလျက်ရှိကြပြီး အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် ကြော်ငြာခြင်း၊ သတင်းစာနှင့်ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနရဲ့ ဝက်ဆိုဒ်တွင်ကြော်ငြာခြင်းတို့ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာရှိ ပြည်ပအလုပ်အကိုင်လုပ်ကိုင်လိုသူများကို အသိပေးလျက်ရှိပါတယ်။

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီကလည်း ကိုးရီးယားသမ္မတနိုင်ငံသို့ အလုပ်သမားများစေလွှတ်လျက်ရှိပြီး တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့တို့တွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကလည်း ထိုင်းနိုင်ငံသို့ အလုပ်သမားများကို စိစစ်စေလွှတ်ပေးလျက်ရှိပါတယ်။ ပြည်ပတွင် အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် သတင်းစာနှင့်ဂျာနယ်ကြော်ငြာများတွင် ပါရှိသော အလုပ်အကိုင် အခွင့်အလမ်းများအပေါ် မိမိတို့ကြိုက်နှစ်သက်ရာ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းတွင်လိုအပ်သော နိုင်ငံကူးလက်မှတ်အပါအဝင် အထောက်အထား၊ စာရွက်စာတမ်းများဖြင့် စာရင်း

သွင်းမှတ်ပုံတင်ခြင်း၊ အလုပ်ရှင်၏ရွေးခြယ်မှုကိုခံယူခြင်း၊ ၄င်းအလုပ်တွင် လုပ်ကိုင်ရန်ဆုံးဖြတ်ပါက အလုပ်ရှင်နှင့်သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ Calling Visa ကိုစောင့်၍ပြည်ပသို့ထွက်ခွာခြင်းလုပ်ငန်းစဥ်များကိုဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ဘူးသီးတောင်နှင့်မောင်တောတို့တွင် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများမရှိသေးသဖြင့် ကြော်ငြာများအား ဘူးသီးတောင်နှင့် မောင်တော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ပေးပို့၍ ကြော်ငြာပေးသွားမည်ဖြစ်ပါတယ်။ ၎င်းဒေသတွင် ပြည်ပအလုပ်အကိုင်ရှာဖွေသူများ တိုးတက်များပြားလာပါက အစိုးရအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးဖွင့်လှစ်ပေးခြင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ ခွင့်ပြုပေးခြင်းတို့ကို စီစဥ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရသစ်လက်ထက်မှာ အသစ်ဖွဲ့စည်းတဲ့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပတ်သက်ပြီးတော့မှ မေးခွန်းလေးခု မေးမြန်းလိုပါတယ်။ မေးခွန်းနံပါတ် တစ်ကတော့ မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခုအသစ်ဖွဲ့တဲ့ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်မယ်ဆိုတာ သိလိုပါတယ်။ မေးခွန်းနံပါတ်နှစ် မည်ကဲ့သို့သော စက်မှုလုပ်ငန်းများကို ရည်မှန်းချက်ထားပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုတာ သိလိုပါတယ်။ မေးခွန်းနံပါတ်သုံး မည်သို့သော အကျိုးကျေးဇူးများ ရရှိစေမည်ဆိုတာကို သိရှိလိုပါတယ်။ မေးခွန်းနံပါတ်လေး နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိ မယ်ဆိုတာကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း

ဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းတစ်ခုမေးလိုပါတယ်။ ကျွန်တော်တို့ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်ရှိ ရန်ကုန်-မန္တလေးလမ်းဟောင်းမှ ယခုရန်ကုန်-မန္တလေးအမြန် လမ်းမကြီးအထိ ပေါက်သော ရှစ်မိုင်ခွဲခန့်ရှိသော ကျောက်တံခါး-အင်းပတ်လည်လမ်းသည် ကျေးရွာချင်းဆက်လမ်း ဖြစ်ပြီးရွာပေါင်း ၅၀၊ ၆၀ ခန့်ကအသုံးပြုအားကိုးရသောလမ်းဖြစ်ခဲ့ပါသည်။ အမြန်လမ်းမကြီးစီမံကိန်း ပေါ်ပေါက်လာသောအချိန်တွင် ထိုလမ်းကိုစီမံကိန်းမှမြေသယ်ကား၊ ကျောက်သယ်ကားများက လမ်းမ ကြီးစီမံကိန်းပြီးလျှင် ပြန်လည်ပြုပြင်ပေးမည်ဆိုကာ အသုံးပြုခဲ့သဖြင့် လမ်းရောတံတားပါအလွန် အမင်းပျက်စီးသွားပြီး လမ်းမကြီးပြီးဆုံးသွားသောအခါ ပြန်လည်ပြုပြင်ပေးခဲ့ခြင်း မရှိသောကြောင့် ယခုအခါ သွားလာရေးအလွန်ခက်ခဲရပါသည်။ ယခုလိုမိုးတွင်းမှာဆိုလျှင် ပို၍ဆိုးရွားပါသည်။ အင်း ပတ်လည်ဆိုသည့် ရွာမှ မြို့ပေါ်သို့ လေး၊ ငါးမိုင်ခန့်သာ ဝေးသော်လည်း မိုင်၃၀ နီးပါးခန့်ပတ်၍ သွား လာနေရပါသဖြင့် အချိန်ကုန်လူပန်းနှင့် ဒုက္ခရောက်ကြရပါသောကြောင့် နိုင်ငံတော်အနေဖြင့် ကျောက်တံခါးအင်းပတ်လည် လမ်းပျက်စီးနေသည်ကိုသိပါသလား။ သိပါလျှင် ပြင်ပေးရန်အစီအစဉ် ရှိပါသလား။ ရှိလျှင်မည်သည့်အချိန်တွင် စတင်ပြုပြင်ပေးမည်ကို သိရှိလိုပါသည်။ မရှိလျှင်မည်သည့် အကြောင်းကြောင့်ဆိုသည်ကိုလည်းသိလိုပါသည်။ ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်မြန်မာ့စက်မှုဖွံ့ ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနဲ့ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့ စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဖြစ်ပါတယ်။ ကျွန်တော် ပထမမေးခွန်းဖြစ်တဲ့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင် ပြပါမယ်။ ဒီလိုရှင်းလင်းတင်ပြတဲ့နေရာမှာ ဒါမေးခွန်းဖြစ်ပေမယ့် ဒီဝန်ကြီးဌာနတစ်ခုလုံးရဲ့ရည်ရွယ် ချက်နဲ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြမှာဖြစ်တဲ့အတွက် အချိန်အနည်းငယ်ပေးဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မျက်မှောက်ခေတ် မြန်မာနိုင်ငံရဲ့ပဓာနလိုအပ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးခေါ်တဲ့ Economic Development ဖြစ်ပါတယ်။ Economic Development ကို တိုင်းတာတဲ့အခါမှာ ကျွန်တော်တို့ Micro Economic အင်ဒီကိတ်တာဖြစ်တဲ့ အဓိကညွှန်ကိန်းတစ်ရပ်ဟာ GDP လို့ခေါ်တဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှု

တန်ဖိုးပဲဖြစ်ပါတယ်။ ဒီကနေ့မြန်မာနိုင်ငံရဲ့ GDP ကိုသုံးသပ်မယ်ဆိုရင် ကုန်ထုတ်လုပ်မှုဟာ လယ်ယာစိုက်ပျိုးရေးအပေါ်မှာသာ အဓိကအခြေပြုလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ GDP ကဏ္ဍအလိုက်ပါဝင်မှုအချိုးအစား AIS ကို Avration Agriculture Industry ကြည့်မယ်ဆိုရင် စိုက်ပျိုးရေ၊ ၃၆.၄ ရာခိုင်နှုန်း၊ စက်မှု ၂၆ ရာခိုင်နှုန်းနှင့်ဝန်ဆောင်မှု ၃၇.၆ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်၊ ဒီမှာပါဝင်တဲ့ စက်မှု ၂၆ ရာခိုင်နှုန်းပင်လျှင် Stability Single မဟုတ်ပါဘူး။ မတည်ငြိမ်ပါဘူး။ ကျွန်တော်တို့ စက်မှုလုပ်ငန်းတွေဟာ Dependency များတဲ့အတွက်ကြောင့် ရှိလိုက်၊ ပျက်သွားလိုက်၊ ပြန်လုပ်လိုက်နဲ့ ဒီ Figure တွေဟာ ကျွန်တော်တို့ Constant Figure ရရှိဖို့အတွက် ခက်ခဲနေတဲ့အနေအထား သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်၊ အာဆီယံဒေသတွင်း နိုင်ငံမှာရှိတဲ့ စက်မှုကဏ္ဍပါဝင်မှုနှုန်းကို ကြည့်မယ်ဆိုရင်တော့ အင်ဒိုနီးရှားနိုင်ငံ ၄၆.၄ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ ၄၅.၆ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံ ၄၁.၆ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံ ၄၁.၄ ရာခိုင်နှုန်း၊ လာအိုနိုင်ငံ ၃၁.၇ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံ ၃၁.၃ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ၂၁.၄ ရာခိုင်နှုန်း အသီးသီးဖြစ်ကြောင်းတွေ့ရှိရတဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ အနေအထားကို သုံးသပ်နိုင်ပြီးတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍဟာ တိုးမြှင့်လုပ်ဆောင်ဖို့ လိုအပ်နေတယ်ဆိုတာ ကျွန်တော့်အနေနဲ့ သုံးသပ်တွေ့ရှိရမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု အဆင့်အတန်းကိုပင်လျှင် အဆင့်အတန်းမီမီနဲ့ တိုးမြှင့်ထုတ်လုပ်မယ်ဆိုရင်တစ်နိုင်ငံလုံး အတိုင်းအတာနှင့် Farm Mechanization ပြုလုပ်ရမှာဖြစ်ပါတယ်။ ဒီလို Farm Mechanization ပြုလုပ်ရေးအတွက်လည်း မြန်မာနိုင်ငံရဲ့ လက်ရှိစက်မှုဖွံ့ဖြိုးရေးအခြေအနေများက ကန့်သတ်ချက်တစ်ရပ်အနေနဲ့ဖြစ်တည်နေတယ်ဆိုတာကို ကျွန်တော်တို့ ပကတိအခြေအနေမှန်များအရ၊ အတွေ့အကြုံများအရသုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့စက်မှုဖွံ့ဖြိုးရေးကိုသုံးသပ်တဲ့အခါမှာ အဓိကကန့်သတ်ချက်များကို ကျော်လွှားဖို့လိုအပ်တယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီကန့်သတ်ချက်တွေကတော့ နည်းပညာဖွံ့ဖြိုးမှု(Technology Development)၊ စက်ရုံအရင်းအနှီး(Capital)၊ စွမ်းအင်လိုအပ်ချက်(Energy)၊ စက်မှုကုန်ကြမ်းလိုအပ်ချက်(Industrial and Engineering Material ) တို့ပဲဖြစ်ပါတယ်။ ဒီကန့်သတ်ချက်တွေကို ကျော်လွှားနိုင်ဖို့အတွက် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍမှာ နိုင်ငံတော်ကနေကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ (Private Sector)၊ အများပိုင်ကဏ္ဍ (Public Sector)တို့တွေအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့ အမျိုးသားစက်မှုဖွံ့ဖြိုးရေး (National Industry Development)၊ အခြေအနေတစ်ရပ်ကို ဖန်တီးဖို့အတွက် ရည်ရွယ်ချက်နဲ့ မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာနကိုဖွဲ့စည်းပြီး လုပ်ငန်းစဥ်များချမှတ်ကာ အကောင်အထည်ဖော်

ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့က ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ စက်မှုဖွံ့ဖြိုးရေးပြောင်းလဲမှု တရွေ့ရွေ့ဖြစ်စဉ် Evolution of Industry Basic ကိုခြုံငုံလေ့လာဖို့လိုအပ်ပါတယ်။ ဒီဖြစ်စဉ်တွေကိုခြုံငုံလေ့လာတဲ့အခါမှာ Evolution မှာ အဆင့်လေးဆင့်ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ အဆင့်တစ်ကတော့ Resource Based Industry လို့ခေါ်တဲ့ သဘာဝသယံဇာတကိုအခြေပြုတဲ့ စက်မှုလုပ်ငန်းများဖြစ်ပါတယ်။ တကယ်တော့ ကမ္ဘာပေါ်မှာ ဒီစက်မှုလုပ်ငန်းတွေထွန်းကားခဲ့တာ ၁၈ ရာစုနှစ်၊ ၁၉ ရာစုနှစ် ဖြစ်ပါတယ်။ ဒုတိယ ပြောင်းလဲမှုဖြစ်စဉ်က Technology Based Industry ဖြစ်ပါတယ်။ နည်းပညာကိုအခြေခံတဲ့ စက်မှုလုပ်ငန်းများပဲဖြစ်ပါတယ်။ ဒါကလည်း ၂၀ ရာစုနှစ်အစောပိုင်းလောက်ကတည်းက ထွန်းကားခဲ့တာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ Knowledge Based Industry ဖြစ်ပါတယ်။ အသိပညာကိုအခြေပြုတဲ့ စက်မှုလုပ်ငန်းများဖြစ်ပါတယ်။ များသောအားဖြင့် Electronic လုပ်ငန်းများ ITနဲ့ ICT လုပ်ငန်းများဖြစ်ပါတယ်။ Hardware ရော၊ Software ရော ပါတဲ့ လုပ်ငန်းရပ်ဖြစ်ပါတယ်။ ဒါတွေဟာ ၂၀ ရာစုနှစ်နှောင်းပိုင်းမှာ ထွန်းကားခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးဖြစ်စဉ်ကတော့ Scientific Laboratory Based Industry ဒီကနေ့ကျွန်တော်တို့ပြောနေတဲ့ Nano Technology ကိုအခြေပြုတဲ့ ဒီစက်မှုလုပ်ငန်းပိုင်းများပဲဖြစ်ပါတယ်။ လတ်တလော ၂၀၀၀ ပြည့်နှစ်လွန်မှစပြီးတော့ Developped ဖြစ်လာတဲ့နည်းပညာပဲဖြစ်ပါတယ်။ အဲဒီတော့ကျွန်တော်တို့ ပြောင်းရွှေ့မှုဖြစ်စဉ်တွေကို ကြည့်ပြီးတဲ့အခါကျရင်မြန်မာ့စက်မှုဖွံ့ဖြိုးရေးဌာနအနေနဲ့ ဒီလေးခုစလုံးသွားမှာလား၊ဘယ်လိုသွားမှာလည်းဆိုတာ စဉ်းစားသုံးသပ်ရမယ့် အခြေအနေတစ်ရပ်ဖြစ်လာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ ဒီအလယ်မှာရှိတဲ့ Technology Based Industry နဲ့ Knowledge Based Industry တို့ကို Target လုပ်ပြီးတော့ အဓိကပြစ်မှတ်ထားပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ Resource Based Industryဟာ ဒီနှစ်ခုသွားပြီးရင် အလွယ်တကူပဲ ကျော်လွှားမှာဖြစ်လို့ Scientific Laboratory Based Industry ဟာ ကျွန်တော်တို့အတွက် အခြေခံမရှိဘဲနဲ့ တက်လှမ်းဖို့ခက်ခဲနေသေးတဲ့ အနေအထားကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆောင်ရွက် နေတဲ့နေရာမှာ Technology Based Industry နဲ့ Knowledge Based Industry ကို အဓိကထားရင် ကျွန်တော်တို့ စက်မှုဖွံ့ဖြိုးရေးမှာ လုပ်ငန်းကဏ္ဍကြီးသုံးရပ်ဆောင်ရွက်ဖို့လိုလာတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီကဏ္ဍကြီးသုံးရပ်ကတော့ -

(၁) National Mechnical Industry Complex က စက်မှုလုပ်ငန်းကို အခြေပြုတဲ့ Complex ဖြစ်ပါတယ်။

(၂) National Electronic Industry Complex Economic လုပ်ငန်းကို အခြေပြုတဲ့ဟာ ဖြစ်ပါတယ်။

(၃) National Aviation and Aerospace Industry Complex ဒီမှာ ကြည့်လိုက်တဲ့ အခါကျရင် Technology Based Industry အနေနဲ့Mechnical Industry ရဲ့ Source Industry တနည်းအားဖြင့် Mother Industry ဖြစ်တဲ့ Heavy Industry အဆင့်ကနေ စတင်တည်ထောင်ဖို့စီမံခြင်း ဖြစ်ပါတယ်။

Knowledge Based Industryနဲ့ ကြည့်မယ်ဆိုရင်လည်း Electronic Industryရဲ့ အခြေခံဖြစ်တဲ့ Water Industry အဆင့်ကနေပြီးတော့ တည်ဆောက်ခြင်း ဖြစ်ပါတယ်။ Aviation and Aerospace Industry ရဲ့ သဘာဝကတော့ Technology Based Industryနဲ့ Knowledge Based Industry တို့ရဲ့ အဆင့်မြင့်နည်းပညာပေါင်းစည်းမှုလို့ခေါ်တဲ့ High Level Technology Integrarion အဖြစ်ရှုမြင်သုံးသပ်ပြီးတော့ ဖော်ပြပါ Infrastructure သုံးခုကနေပြီးတော့ တည်ဆောက်သွားဖို့ ရည်မှန်းထားရှိပါတယ်။ အဲတော့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ အဓိက ရည်မှန်းချက်ဟာ Consumer Goods Industry အတွက် မဟုတ်ဘဲနဲ့ Capital Goods Industry အတွက် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားစက်မှုဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ စက်ရုံတွေ၊ စက်လိုင်းတွေ၊ စက်ပစ္စည်းတွေကို ထုတ်လုပ်ပေးနိုင်တဲ့ Source Industry တစ်နည်းအားဖြင့် Mother Industry များတည်ဆောက်ကာ အမျိုးသားစက်မှုလုပ်ငန်း စွမ်းအားစုတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဖြစ်ပါတယ်။ ဒါကြောင့် National Mechnical Industry Complexမှာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ Heavy Industry ကို အခြေခံတည်ဆောက်ပြီးတော့ ရေရှည်လုပ်ငန်းစဥ်အဖြစ် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အဲဒီမှာ ပါဝင်တဲ့စက်လိုင်းတွေကတော့ အဓိက heavy Costing Plant၊ Heavy Press and Forging Plant၊ Heavy Machining Plant၊ Heavy Gear and Reducer making Plant၊ heavy Equipment Plant၊ Heavy Heat Treatment Plant၊ Heavy Surface Treatment Plant၊ Electrification Equipment Plant၊ Hydraulic and Pneumatic Equipment Plant ဆိုတဲ့ စက်ရုံစုတွေပါဝင်မှာ ဖြစ်ပါတယ်။ စက်ရုံစုစုပေါင်း ၁၁ ခုနှင့် စက်အလုံးရေပေါင်း ၁၃၀၀၀ ခန့် မျှော်မှန်းထားပါတယ်။ ဒီမှာလည်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်ကြီးများ အမှတ်ရရှိစေဖို့ဆိုလို့ရှိရင် Casting plant သာမန်စက်ရုံ မဟုတ်ပါဘူး။ တစ်တုံး၊ တစ်တုံးကို တန်ချိန် ၃၅၀ လောက်ထိ လောင်းနိုင်တဲ့ Casting plant ဖြစ်ပါတယ်။ နောက်တစ်ခါ Forging ကတော့ ဝင်ရိုးတွေမှာ၊ ရှပ်တွေမှာ Roller တွေမှာသုံးပါ

တယ်။ သူကလည်း တစ်တုံး၊ တစ်တုံးကိုတန် ၁၂၀ လောက်ထိ Forge လုပ်နိုင်တဲ့ဟာ ဖြစ်ပါတယ်။ Machinery နဲ့ ပတ်သက်လာရင်လည်း ပေ ၇၀ ခန့် အချင်းကို စားနိုင်တဲ့စက်မျိုး၊ ပေ ၁၂၀ ခန့် အလျားကို စားနိုင်တဲ့စက်မျိုး၊ ပေ ၄၀ ခန့် အထုကိုစားနိုင်တဲ့စက်မျိုး ဒါမျိုးကိုရည်မှန်းထားတာ ဖြစ်ပါတယ်။ ဂီယာဟော့ ပင်ပလပ်မှာဆိုရင်လည်း ဒိုင်ယာမီတာအားဖြင့် ပေ ၅၀ လောက်ရှိတဲ့ ဂီယာသွားတွေကို အချင်းအားဖြင့်ပေ ၅၀ လောက်ရှိတဲ့ဂီယာသွားတွေကို စားနိုင်တဲ့အထိဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုစက်ရုံမျိုးမှာ (ဖရက်တီတေးရှင်းပလပ်) တည်တဲ့အခါကြရင် အနည်းဆုံး (ပါစ်) တစ်ခုခုကို တန် ၄၅၀ လောက်မနိုင်တဲ့ ဒီ (ဖရက်တီတေးရှင်းပလပ်) တည်ထောင်ရမှာဖြစ်ပါတယ်။ ဒီလိုတည်ထောင်မှသာလျှင် တန်ချိန် ၁၅၀၀၀ လောက် ရှိတဲ့ Horizontial Extrusion Pressတွေ တန်ချိန် ၁၅၀၀၀ ထိရှိတဲ့ Vertical Pressတွေ၊ တန်ချိန် ၅၀၀ လောက်အထိမနိုင်တဲ့ ဆိပ်ကမ်းဝန်ချီ Crane၊ ၅၀၀ MVA လောက် ထုတ်လုပ်နိုင်တဲ့ Steal Turbine၊ Gas Turbine၊ Hydro Turbine တွေ၊ နောက်တစ်ခါ ပလိပ် Rolling Mill ဆိုရင်လည်း ၁၀ မီတာလောက်ပြက်ရှိတဲ့ ပလိပ် Rolling Mill တွေ၊ နောက်တစ်ခါ ရှစ်မီတာလောက်အချင်းရှိတဲ့ Rolling Ring တွေဒီလို အမျိုးမျိုးထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခါ ရေနံတွင်းတူးစက်တွေဆိုရင်လည်း အနက်ပေ ၂၅၀၀၀ လောက်အထိတူးနိုင်မယ့် ရေနံတွင်းတူးစက်မျိုးကို ကိုယ်တိုင်ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ဒီလို heavy industry ကနေ တိုက်ရိုက်ထွက်လာတဲ့ စက်ရုံတွေရှိပါတယ်။ ဆင့်ပွားထွက်လာတဲ့ စက်ရုံတွေရှိပါတယ်။ တိုက်ရိုက်ထွက်လာတဲ့စက်ရုံတွေမှာ Material နဲ့ ပတ်သက်လာရင် Steal Mill ၊Aluminium Mill၊ Brass Mill၊ Chemical plant အမျိုးမျိုးနဲ့ Mining Plant အမျိုးမျိုးဆိုင်ရာ စက်လိုင်းနဲ့ စက်ပစ္စည်းတွေ ဖြစ်ပါတယ်။ Energy နဲ့ ပတ်သက်တဲ့ Mill တွေ Plant တွေ ထွက်လာဖို့ဆိုရင် Oil and Gas ၊Drilling Plat Formတွေ၊ Petrol Chemical plant တွေ၊ Gas Turbine Plants တွေ၊ Hydro Turbine Plants တွေ၊ Thermal Tubinne Plants တွေနဲ့ဆိုင်တဲ့ စက်လိုင်းတွေနဲ့ စက်ပစ္စည်းဖြစ်ပါတယ်။ ဒီ production ဆိုင်ရာ Plants တွေ၊ Mills တွေအနေနဲ့ဆိုရင် Cement Mill၊ ဘိလပ်မြေစက်ရုံတွေ၊ Rice Mill ဆန်စက်တွေ၊ Sugar Mill သကြားစက်တွေ၊ Rubber Mill and processing Plant၊ Textile Mill အဝတ်အထည်စက်တွေ၊ heavy Cranes and Steal Structure Making Mill တွေပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အဲဒီအပြင် ပုဂ္ဂလိကအသေးစားနဲ့ အလတ်စားလုပ်ငန်းတွေဖြစ်တဲ့ Consumer Goods industry နဲ့ပတ်သက်တဲ့ စက်လိုင်းနဲ့စက်ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ဆောင်ရွက်ထားခြင်းပဲဖြစ်ပါတယ်။ ဒီလို heavy industryကို အခြေပြုပြီးတော့ နောက်ထပ်ဆင့်ပွားထုတ်လုပ်နိုင်မယ့် အကြီးစားစက်မှု ကုန်ထုတ်လုပ်ငန်းကြီးများလည်း ဆက်လက်ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

ဒီလိုဆင့်ပွား ပေါ်ထွန်းလာမယ့် စက်ရုံစုတွေကတော့ heavy Maching tools industry, heavy duty Engines industry, heavy duty behicle industry, heavy duty railway wagon industry, heavy duty locomotive and Coach industry, ship building industry, earth working Machinery industry, construction Machinery industry ပဲဖြစ်ပါတယ်။ဒါတွေဟာ နိုင်ငံနဲ့အဝန်းလိုအပ်နိုင်တဲ့ စက်မှုလက်မှုလုပ်ငန်း အားလုံးကိုလွှမ်းခြုံနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ဒီလိုကြီးမားတဲ့ရည်ရွယ်ချက်နဲ့ ဘာလို့ထူထောင်ရသလဲဆိုတဲ့ဟာကိုလည်း ကျွန်တော့်အနေနဲ့ ရှင်းပြလိုပါတယ်။ ဒီအာဆီယံဒေသတွင်းနိုင်ငံများမှာရှိတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းကို လေ့လာသုံးသပ်မယ်ဆိုရင် ကျွန်တော်တို့ SME တွေနဲ့ Value added industry တွေကို အခြေပြုကြောင်းတွေ့ရှိရပါတယ်။ ဒီလို Paradigm ပုံစံမှာ အားသာချက်လည်းတချို့ရှိပါတယ်။ သို့ပေမယ့် အားနည်းချက်အနေနဲ့ဆိုရင် ဒီထုတ်လုပ်မှုစက်လိုင်းတွေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေဟာ source industry သို့မဟုတ် source countries တွေပေါ်မှာမှီခိုမှုများပြားပါတယ်။ ဒီလိုအားနည်းချက်ကြောင့် ဈေးကွက်တည်ငြိမ်မှုအပေါ်မှာ အလွန်အာရုံစိုက်ရပြီးတော့ ဈေးကွက်မတည်မငြိမ်ဖြစ်တာနဲ့ ထိန်းသိမ်းရန်ခက်ခဲတယ်ဆိုတာ သုံးသပ်တွေ့ရှိရပါတယ်။ နည်းပညာမှီခိုမှုဟာများပြားပြီးတော့ လက်ဝေခံလုပ်ငန်းများအနေနဲ့ ရပ်တည်နိုင်ရတဲ့ သဘာဝပဲရှိတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အမေရိကန်နိုင်ငံ၊ အနောက်ဥရောပနိုင်ငံနဲ့ အာရှအရှေ့ပိုင်း နိုင်ငံတွေဖြစ်တဲ့ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံတို့ကတော့ source industry ကို အခြေပြုပြီးတော့ စက်မှုကုန်ထုတ်လုပ်ငန်းတွေကို ထုတ်လုပ်ဆောင်ရွက်ခြင်းဖြစ်တာနှင့်အညီ နည်းပညာမှီခိုမှုနည်းပါးပြီးတော့ ကုန်ထုတ်လုပ်မှုပုံစံဟာလည်း ဈေးကွက်အခြေအနေနဲ့ လိုက်လျောညီစွာ ထိန်းညှိပြောင်းလဲနိုင်တဲ့ အခွင့်အလမ်းဖန်တီးမှု initiative ကို မိမိလက်ဝယ်ထားရှိနိုင်တဲ့ အခြေအနေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ အဲဒီတော့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်မှာတော့ ဒီဖော်ပြပါ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွေ့အကြုံများနဲ့ အတိတ်သင်ခန်းစာများအပေါ်မှာ အသေးစိတ်လေ့လာဆန်းစစ်ပြီးမှ မိမိနိုင်ငံရဲ့ ပကတိအခြေအနေ၊ အာဆီယံဒေသတွင်းနိုင်ငံများရဲ့ ဦးတည်လမ်းကြောင်း အနာဂတ်ကမ္ဘာ့စက်မှု ကုန်ထုတ်လုပ်ငန်းများရဲ့ အလားအလာများကို သေသေချာချာအချိန်ယူလေ့လာသုံးသပ်ပြီးမှ ရေရှည်တည်တံ့ခိုင်မြဲမယ့် သားစဉ်မြေးဆက်အကျိုးရှိပြီးတော့ အားထားလုပ်ကိုင်နိုင်မယ့် တစ်မျိုးသားလုံးက ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်မယ့် အနာဂတ်မြန်မာ့စက်မှုဖွံ့ဖြိုးရေးနဲ့ နည်းပညာဖွံ့ဖြိုးရေးအတွက် အာမခံချက်ရှိပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ အဆင့်အတန်းကိုရောက်ရှိနိုင်မယ့် အစီအမံနဲ့လုပ်ငန်းစဉ်များ ဦးတည်ချက်များကို မြဲမြဲမြန်မြန်ချမှတ်

ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲဒီတော့ National electronic industry complex ကို တစ်ခါ ပြန်ကြည့်မယ်ဆိုရင် သူ့ရဲ့ဖွဲ့စည်းမှုကသုံးရပ်ဖြစ်ပါတယ်။ တစ်ခုကတော့ electronics science and Technology research and development center ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့ အခါကျတော့ software developments တွေဟာလူနဲ့ပဲလုပ်နိုင်မှာ ဖြစ်တဲ့အတွက်ဖြစ်ပါတယ်။ နောက်ဒုတိယတစ်ခုကတော့ basic electronic industry park နဲ့ တတိယတစ်ခုကတော့ electronic products industry park ဖြစ်ပါတယ်။ basic electronic industry park ဆိုတာကျွန်တော်တို့ electronic ပစ္စည်းတိုင်းမှာလိုတဲ့ semi conducters တွေ၊ weafers တွေ၊ culbs တွေ၊ cables တွေ၊ SMT တွေအကုန်လုံးကို ထုတ်လုပ်နိုင်ဖို့ဖြစ်ပါတယ်။ electronic products industry park ကတော့ဒီကနေ့ မျက်မြင်တွေ့ရှိနေတဲ့ electronic ပစ္စည်းအားလုံးကို ထုတ်လုပ်နိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီ electronic စက်မှုကုန်ထုတ်လုပ်ငန်းရဲ့ သဘောသဘာဝကိုလေ့လာ မယ်ဆိုရင်လည်း သူကပြောင်းလဲမှုအလွန်မြန်ဆန်တဲ့ သဘာဝရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ products တွေရဲ့ သက်တမ်းဟာအလွန်တိုတောင်းပြီးတော့ customer ရဲ့ လိုအင်ဆန္ဒနဲ့ဆွဲဆောင်မှု ကို ပေးစွမ်းနိုင်ဖို့အတွက် product အသစ်တွေကို အမြဲတမ်းပေါ်ထွန်းဖို့ အာရုံစိုက်ပြီးတော့ သုတေ သနပြုလုပ်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ knowledge based industry ဖြစ်တဲ့အားလျော်စွာ Hardware development နှင့် software development ကိုဟန်ချက်ညီပြိုင်တူဖွံ့ဖြိုးတိုးတက် ရန် လိုအပ်ကြောင်းလည်းတွေ့ရှိရပါတယ်။ အဆင့်မြင့်နည်းပညာနှင့် အဆင့်မြင့်စက်ပစ္စည်းတွေကို ကိုင်တွယ်အသုံးပြုရတဲ့ အတွက်ကြောင့် နည်းပညာမြင့်မားတဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး High Tech Human Resources Development ကို အီလက်ထရောနစ် စက်မှုကုန်ထုတ်လုပ်ငန်းရဲ့ အသက်သွေးကြောသဖွယ်ဖြစ်တယ်ဆိုတာကို ရှုမြင်ဆင်ခြင်အပ်တာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းသဘာဝ သဘောတရားတွေနဲ့အညီ နည်းပညာမြင့်မားတဲ့ လူသားအရင်းအမြစ်တွေကို စဥ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးနဲ့ အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်တောင်းဆိုမှုနှင့်အညီ ဆန်းသစ် တီထွင်နိုင်ရေးအတွက် electronics science and Technology research and development center ဟာမရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်လာပါတယ်။ ဒီလို ဒီcenter ကြီးကို ထူထောင်တဲ့အခါကျရင်တော့ သုတေသနဌာနကြီးခြောက်ခုအထိပါဝင်ပြီးတော့ ဘာသာရပ်ဆိုင်ရာ ပုံစံထုတ်နဲ့ သုတေသနဌာနခွဲပေါင်း ၃၄ ခုအထိ ရည်မှန်းထားတာဖြစ်ပါတယ်။ ဒီဌာနကြီး တွေကတော့-

(က) National electronic laboratory centre

(ခ) Research and Development centre

(ဂ) System Development centre

(ဃ) software industry centre

(င) Test and Evaluation centre နဲ့

(စ) Basic Research centre တွေပဲဖြစ်ပါတယ်။

ဒီ Basic Industry Park မှာထုတ်လုပ်တဲ့ဟာတွေကတော့အဓိက Wafer Industry ပစ္စည်းတွေဖြစ်ပြီးတော့ Silicon Wafer CMOS Integrated Circuit Industry, Gallium Arsenide IC Industry ,Hybrid IC Circuit Industry, Quartz Crystal Resontor Industry ,Integrated Circuit Devices Packages Industry,12 layer Printed Circuit Boart Industry ,Surface Mounting Technology Industry, Plastic Case and Mold Industry, Steel Case and Cabient Industry, Cord and Cable Industry, Surface Coating Industry စသဖြင့် Industry တွေပါဝင်မှာဖြစ်ပါတယ်။

တစ်နည်းအားဖြင့် Basic Electronic Industry Park က Electronic Production အားလုံးရဲ့ Sourse Industry အဖြစ်ပါဝင်မှာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ Electronic Product Industry Complex မှာတော့စက်ရုံစုပေါင်း (၄၂) စုပါမှာပါ။ဒီနေရာမှာတော့ Control Electronic နှင့် ဆိုင်တဲ့စက်ရုံစု ၃ စု၊ Communication and Navigation Electronics နဲ့ဆိုင်တဲ့ စက်ရုံစု ၉ စု Avionics နှင့်ဆိုင်တဲ့စက်ရုံစု ၅ စု၊ Marine Electronics နဲ့ဆိုင်တဲ့စက်ရုံစု ၉ စု၊ New Energy Electrpnics နဲ့ဆိုင်တဲ့စက်ရုံစု ၈ စု၊ Digital Instrument Electronics နှင့်ဆိုင်တဲ့စက်ရုံစု ၆ စု၊ IT Electronics နှင့်ဆိုင်တဲ့စက်ရုံစု ၂ စု၊ Textile Electronics နဲ့ဆိုင်တဲ့စက်ရုံစု ၂ စု၊ Modern Agriculture Electronics နှင့်ဆိုင်တဲ့စက်ရုံစု ၃ စု၊ House Hold Appliance Electronics နဲ့ဆိုင်တဲ့စက်ရုံစု ၂ စုတို့ပဲ ဖြစ်ပါတယ်။အဲဒီတော့ Basic Aviation and Aerospace Industry စက်ရုံစုတွေကို ဆက်ပြီးတင်ပြပါမယ်။ အဲဒီတော့ Air Fame Fabrication and Structuring Industry ,Aircraft Engine Production Industry, Aerospace Propulsion Industry, Rocket Fuel Processing Industry, Special Machining Industry, Micro Machining Industry, Special Material Processing Industry ကိုပါဝင်မှာပဲဖြစ်ပါတယ်။ ဒီလို Source Industries သို့မဟုတ် Mother Industries တွေထူထောင်တဲ့နေရာမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုအမြောက်အများ လိုအပ်တာဟာမလွဲဧကန်ဖြစ်ပါတယ်။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုလိုအပ်တာဖြစ်သကဲ့သို့ ပြည်တွင်းငွေရင်းနှီးမြှုပ်နှံမှု လည်းအများကြီးလိုအပ်ပါတယ်။ စက်ရုံတစ်ရုံရဲ့အရွယ်အစားပင်လျှင် (၃၄၈ m x

၃၀၀ m) တစ်နည်းအားဖြင့် ပေ (၁၁၄၈ ပေ x ၉၉၀ ပေ)၊ တစ်နည်းအားဖြင့်ဘောလုံးကွင်းရဲ့ ၁၅ ကွင်းစာအရွယ်အစားရှိပါတယ်။ အဲဒီတော့ စက်ရုံမှာရှိတဲ့ Over Head  Crane တွေရဲ့ Maximum Lifting Capacity ကလည်းတန် ၄၅၀ ဖြစ်တဲ့အတွက် Steel Structure တွေရဲ့ခံနိုင်ဝန်အားဟာ တန်ချိန် ၁၀၀၀ ဖြစ်ပါတယ်။ ဒီကနေ့တံတား တစ်ခုဟာတန်ချိန် ၁၀၀ ထက်မပိုပါဘူး။ နောက်Heavy Industry Complex တစ်ခုတည်းမှာပင် လျှင်စက်ရုံ ၁၁ ရုံပါပြီးတော့ Over Head Crane ၃၃၀နဲ့ အလုပ်လုပ်ရမှာဖြစ်ပါတယ်။ ဒီ Master Planအရ Mechanical Industryမှာ Complex(၁၁)ခု၊ Electronic Industryမှာ Complex လေးခုနဲ့ Aviation Aerospace Industry Complex(၃) ခု မျှော်မှန်းထားတဲ့အတွက် လုပ်ငန်းပမာဏကို  ချင့်ချိန်နိုင်မှာ ဖြစ်ပါတယ်။ သို့သော် ဒီရင်းနှီးမြုပ်နှံမှုဟာ နိုင်ငံတော်ရဲ့ ရေရှည်ရင်းနှီးမြုပ်နှံမှု တစ်နည်းအားဖြင့် တစ်မျိုးသားလုံးနှင့်ဆိုင်တဲ့ အမျိုးသားရင်းနှီးမြုပ်နှံမှု National Investment ပဲဖြစ်ပါတယ်။ အမျိုးသားကုန်ထုတ်လုပ်မှုကို အဆပေါင်းမြောက်များစွာတိုးတက်စေမယ့် Productive Sector ရဲ့ ရင်းနှီးမြုပ်နှံမှုဖြစ်ပါတယ်။ Productive Sector မှာတောင်မှ သာမန်စက်မှုထုတ်ကုန်လုပ်ငန်းမဟုတ်ဘဲနဲ့ စက်လိုင်းထုတ်လုပ်မှုဖြစ်တဲ့အတွက် ၎င်းကတစ်ဆင့် ဆင့်ပွားစက်မှုလုပ်ငန်းများဖြစ်ပေါ်စေနိုင်တဲ့  Synergetic Productive Paradigmပုံစံဖြစ်ပါတယ်။ နောင်အနာဂတ်မှာ ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးအတွက် စက်ရုံနဲ့စက်လိုင်းတွေ၊ စက်မှုနဲ့ Electronic ကုန်ထုတ်လုပ်ငန်းတွေကို လုံလုံလောက်လောက် ထုတ်လုပ်တည်ဆောက်ပေးနိုင်မှာ ဖြစ်ပြီးတော့ ပြည်နယ်၊ ပြည်မမခွဲခြားဘဲ ဒေသအားလုံးမှာ စက်မှုလုပ်ငန်းများဟာ အများပိုင်နဲ့ ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် ပျံ့ပျံ့နှံ့နှံ့ရောက်ရှိစေပြီး မိမိဒေသရဲ့သဘာဝသယံဇာတများ၊ ပစ္စည်းသယံဇာတများနဲ့ လူသယံဇာတများကို အခွင့်အရေးတူညီမျှစွာ ထုတ်လုပ်နိုင်မယ့် အကျိုးကျေးဇူးရရှိမှာဖြစ်ပါတယ်။ ဒီလိုတည်ဆောက်နိုင်ခြင်းအားဖြင့် တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်တဲ့ အခွင့်အရေးရှိတဲ့ အမျိုးသားစက်မှုကုန်ထုတ်လုပ်မှုဘဝ (National Industrialization Age) ကို ရောက်ရှိစေဖို့အတွက် ရည်မှန်းဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ဒီကနေ့ လယ်ယာကဏ္ဍသည်လည်း စက်မှုလယ်ယာစနစ်သို့ ဦးတည်လျက်ရှိတဲ့အတွက်ကြောင့်၊ ဒီကဏ္ဍကနေပိုလျှံလာမယ့် လူသားအရင်းအမြစ်တွေနဲ့ လက်ရှိအလုပ်အကိုင်အခွင့်အလမ်းကိုစောင့်မျှော်နေတဲ့ လူသားအရင်းအမြစ်အားလုံးကို စီမံကိန်းတည်ဆောက်တဲ့ကာလကစတင်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းများ စဥ်ဆက်မပြတ်ဖော်ဆောင်ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ထို့အပြင်မြန်မာနိုင်ငံရဲ့လက်ရှိစိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့ ASEAN Accord  အရ ၂၀၁၅ ခုနှစ်မှ AFTA လို့ခေါ်တဲ့ လွတ်လပ်တဲ့အာဆီယံဈေးကွက် ပေါ်ထွန်းလာမှုအတွက်လည်း မိမိနိုင်ငံသားများအနေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့တွန်းအားကို  ပေးနိုင်မယ့်စွမ်းအားတစ်ရပ်ကိုဖြစ်ပေါ်

နိုင်စေမှာဖြစ်ကြောင်းသုံးသပ်အပ်ပါတယ်။ ဒီနေရာမှာ Source Industries တွေထူထောင်ရာမှာ နောက်ထပ်အဓိက ဖြေရှင်းရမယ့် စိန်ခေါ်မှုတစ်ရပ်ရှိပါတယ်။ Source Industries ဟာ ၊ စက်ရုံတွေ၊ Capital တွေ၊ အရင်းအနှီးတွေ Enginering Materils တွေကိုဖြေရှင်းပေးနိုင်ပေမယ့် မဖြေရှင်းပေးနိုင်မယ့်ဟာကစွမ်းအင်ပဲဖြစ်ပါတယ်။ ဒီစက်ရုံတွေထူထောင်တဲ့နေရာမှာလည်းပဲ စွမ်းအင်လိုအပ်ချက်က အလွန်ကြီးမားပါတယ်။ ဒီလိုမြန်မာနိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို သုံးသပ်မယ်ဆိုရင်၊ အပူစွမ်းအင် Thermal Gnergy, လျှပ်စစ်စွမ်းအား Electric Power တို့ပဲဖြစ်ပါတယ်။ ဒီမြန်မာနိုင်ငံ စွမ်းအင်အရင်းအမြစ်ကိုလေ့လာသုံးသပ်ရင်လည်း အရင်းအမြစ်သုံးခုသာကြီးကြီးမားမားရှိပါတယ်။ ဒါကတော့ရေနံနဲ့ သဘာဝဓာတ်ငွေ့အရင်းအမြစ်၊ ကျောက်မီးသွေးအရင်းအမြစ်နဲ့ ရေအရင်းအမြစ်တို့ပဲဖြစ်ပါတယ်။ ကျောက်မီးသွေးအရင်းအမြစ်က တစ်စုတစ်စည်းတည်းမတည်ဘဲနဲ့ ပြန့်ကျဲနေတဲ့အတွက် အမျိုးသားအဆင့်ဆောင်ရွက်ဖို့ အခက်အခဲကန့်သတ်ချက်ရှိနေပါတယ်။ သဘာဝဓာတ်ငွေ့အရင်းအမြစ်ကလည်း ဖော်ထုတ်ရန် အရင်းအနှီးကြီးမားတဲ့ နည်းပညာမြင့်မားမှုတို့အတွက် ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး ဆောင်ရွက်နေရတဲ့အတွက်ကြောင့်၊ မိမိတို့ရရှိနိုင်တဲ့ဝေစု၊ ကန့်သတ်ချက်တွေရှိနေပါတယ်။ ဒါကြောင့် ရေအရင်းအမြစ်ဟာလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် တစ်မျိုးသားလုံးစက်မှုထွန်းကားရေးအတွက် တစ်နည်းအားဖြင့် စက်မှုနိုင်ငံတက်လှမ်းရေးအတွက် အန္တိမရည်မှန်းချက်အတွက် မလွဲမသွေစဥ်းစားရမယ့် လုပ်ငန်းစဥ်တစ်ရပ်ဖြစ်တယ်လို့ ကျွန်တော်တို့ ခံယူရမှာဖြစ်ပြီးတော့လက်ရှိ၊ လက်တွေ့ ပကတိအခြေအနေနဲ့လည်း အကိုက်ညီဆုံးဖြစ်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်နိုင်တဲ့နည်းလမ်းပေါင်းများစွာရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီနေရာမှာရောဝတီမြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီးတော့လည်း အကျဥ်းမျှတင်ပြပါမယ်။ ဧရာဝတီမြစ်ဆုံစီမံကိန်းဟာ၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် (၁၈၀၀၀) ရမှာဖြစ်တဲ့အတွက်ကြောင့် ဒီစက်မှုဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်းကောင်း အရေးပါတဲ့ စွမ်းအင်စီမံကိန်းတစ်ရပ် ဖြစ်ပါတယ်။ ဒီလျှပ်စစ်ဓာတ်အားပမာဏဟာ မလေးရှားနိုင်ငံတစ်နိုင်ငံလုံးရဲ့ လျှပ်စစ်ဓာတ်အားပမာဏနဲ့ တူညီပါတယ်။ မလေးရှားနိုင်ငံဟာ ဒီလို လျှပ်စစ်ဓာတ်အားပမာဏသုံးစွဲနိုင်တဲ့ အတွက်စက်မှုထွန်းကားပြီးတော့ ဖွံ့ဖြိုးမှုရှိနေတဲ့သာဓကကို ချင့်ချိန်သုံးသပ်နိုင်ပါတယ်။ ဒီလျှပ်စစ်ဓာတ်အားပမာဏအတွက် နျူကလီးယားဓာတ်ပေါင်းဖိုတည်မယ်ဆိုရင်အခု ၂၀ တည်ရမှာဖြစ်ပါတယ်။ ဒီနျူကလီယား ဓာတ်ပေါင်းဖိုတစ်ခုရဲ့ကုန်ကျစရိတ်က တစ်ဘီလီယံဖြစ်တဲ့အတွက်ကြောင့် ငွေကြေးအားဖြင့် ၂၀ဘီလီယံလိုမှာဖြစ်ပါတယ်။ ဒီငွေကြေးပမာဏကို တတ်နိုင်တယ်ဆိုရင်တောင် တည်ဆောက်ဖို့အတွက် အချိန်နဲ့နိုင်ငံရေးဆိုင်ရာ

ကန့်သတ်ချက်တွေများစွာရှိပါတယ်။ ဒီကနေ့ ဈူကလီးယားဓာတ်ပေါင်းဖိုတွေကို လုံခြုံရေးအရ ကမ္ဘာပေါ်မှာ ဖျက်သိမ်းဖို့စဉ်းစားနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဂျပန်နိုင်ငံ၊ ဖူကူရှီးမားမှာ ဖြစ်တဲ့ကိစ္စ၊ လတ်တလော ပြင်သစ်နိုင်ငံတောင်ပိုင်းမှာဖြစ်ခဲ့တဲ့ ဈူကလီယားဓာတ်ပေါင်းဖိုကိစ္စတွေဟာ သင်ခန်းစာယူသင့်ပါတယ်။ ဂျာမဏီနိုင်ငံဟာ ၂၀၂၀ မှာ ဈူကလီယားဓာတ်ပေါင်းဖို အားလုံးဖျက်သိမ်းပေးဖို့အတွက်တောင် စဉ်းစားနေတဲ့အခြေအနေဖြစ်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်ကတော့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy ဖြစ်တဲ့အတွက် ကမ္ဘာကလက်ခံကြိုဆိုတဲ့ Green Energy ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေရဲ့ ခုနှစ်ရာခိုင်နှုန်းလောက်ကိုသာ အသုံးပြုမှာဖြစ်တဲ့အတွက်ကြောင့် မြစ်ကြောင်းတိမ်ကောရေးအတွက် ပူပန်စရာမရှိဘဲနဲ့ စနစ်တကျတွက်ချက်ပြီးမှ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီမြစ်ကြောင်းထိန်းသိမ်းရေးအတွက်လည်း သီးခြားအစီမံများရှိပြီးပဲဖြစ်ပါတယ်။ သဘာဝထိန်းသိမ်းရေးကိုပါ တစ်ဆက်တစ်စပ်တည်းဆောင်ရွက်နိုင်ဖို့အတွက် သစ်တောရေးရာဝန်ကြီးဌာနကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်ဒီကနေ့ လူဦးရေ သန်း ၆၀ ခန့် ရှိပြီးတော့သဘာဝသယံဇာတနဲ့ စိုက်ပျိုးရေးကိုသာ လျှင်မှီခိုနေရတဲ့မိမိတို့နိုင်ငံခေတ်မီရေး၊ စီပွားရေးအောင်မြင်မြင့်မားရေးအတွက် စက်မှုဖွံ့ဖြိုးရေးမှာ ရေအားလျှပ်စစ်စီမံကိန်းများလည်း မလွဲမသွေလိုအပ်တယ်ဆိုတာကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ဒီအမျိုးသားစက်မှုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဖို့အတွက် Plan Of Action ရေးဆွဲတဲ့နေရာမှာနိုင်ငံတကာရဲ့ ပကတိဖြစ်ထွန်းမှုနဲ့ စက်ရုံပေါင်း ၁၀၀ ကျော်လေ့လာပြီးမှနှစ်နဲ့ချီပြီး အချိန်ယူရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခင်တပ်မတော်အစိုးရလက်ထက်ကစတင်ပြီးတော့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ငွေကြေးရင်းနှီးမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ တည်ထောင်မှုလုပ်ငန်းတွေကို ၁၀ စုနှစ်ရည်မှန်းချက်တွေထားပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ငွေအား၊ လူအား၊ စိုက်ထုတ်ရုံသာမကပဲ။ ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့သော်လည်းကောင်း၊ နိုင်ငံတော်အနေနဲ့သော်လည်းကောင်း ကြီးမားသောအခက်အခဲတွေနဲ့ စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်လွှားရမှာမလွဲဧကန်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလုပ်ငန်းစဉ်ဟာ အနာဂတ် မြန်မာနိုင်ငံနဲ့ အနာဂတ်ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေအတွက် အလင်းရောင်ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဆင့်ရောက်ရှိရေးအတွက်လည်း မလွဲမသွေကျော်ဖြတ်ရမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီပွားရေးနဲ့လူမှုရေးဘဝများကို ပြောင်းလဲနိုင်စွမ်းရှိတဲ့ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်တယ်လို့ သုံးသပ်တင်ပြလိုပါတယ်။ မြန်မာ့အမျိုးသားစက်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ဟာ အလွန်ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းစဉ်ဖြစ်တာနဲ့အညီ ပါဝင်မှုကဏ္ဍအနေနဲ့ နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍ၊ အများပိုင်ကဏ္ဍ၊

ဖက်စပ်ပိုင်ကဏ္ဍနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍစသဖြင့် ကဏ္ဍအားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြီးတော့ ပေါင်းစပ်ထိန်းညှိဆောင်ရွက်သွားရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ ဒီကနေ့ အာဆီယံဒေသအတွင်းနိုင်ငံများဖြစ်တဲ့ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့သည် ပင်လျှင် Vision 2020 ရည်မှန်းချက်နှင့် Industrialized Economy တက်လှမ်းနေတယ်ဆိုတာ ကျွန်တော်တို့ စာစောင်များ၊ သူတို့ Pan Flatများအရ လေ့လာတွေ့ရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ယခုတင်ပြတဲ့ Plan Of Action နှင့်အညီ အမျိုးသားစက်မှုဖွံ့ဖြိုးရေးရည်မှန်းချက်တွေကို မြဲမြံတဲ့သိန္နိဋ္ဌာန်စိတ်နဲ့ အောင်မြင်တဲ့အထိ မမှိတ်မသုန်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီမြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီး ဌာနရဲ့ရည်မှန်းချက်ဟာ Mother Industry သို့မဟုတ် Capital Good Industry လို့ ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီစက်ရုံများဟာ နည်းပညာဖွံ့ဖြိုးမှုခေတ်နောက်ကျနေပြီး ငွေကြေးအရင်းအနှီး၊ စက်အရင်းအနှီးများအတွက် လမ်းစပျောက်နေတဲ့ ပုဂ္ဂလိကပိုင်နဲ့အများပိုင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အဓိကရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကို စက်မှုနိုင်ငံအဖြစ် တက်လှမ်းနိုင်ရေးအတွက် အဟန့်အတားဖြစ်နေတဲ့ နည်းပညာဖွံ့ဖြိုးမှုလိုအပ်ချက်၊ စက်အရင်းအနှီးလိုအပ်ချက်၊ စွမ်းအင်လိုအပ်ချက်နှင့် စက်မှုကုန်ကြမ်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တစ်မျိုးသားလုံးပါဝင်တဲ့ စက်မှုနိုင်ငံဖြစ်ထွန်းရေး လမ်းကြောင်းဆီကိုဦးတည်ပြီးတော့ ဒီကနေတစ်ဆင့်ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ထွန်းရေးကို ရည်မှန်းချက်ထားဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တစ်ဖက်မှာ မိမိနိုင်ငံမှာ အခွင့်အလမ်းနည်းပါးမှုကြောင့် လူမှုဘဝကို စွန့်လွှတ်အနစ်နာခံပြီးတော့ တခြားသော နိုင်ငံများမှာ သွားရောက်လုပ်ကိုင်နေရတဲ့ အင်ဂျင်နီယာတွေ၊ အတတ်ပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေ၊ စီမံခန့်ခွဲသူတွေ၊ ကျွမ်းကျင်အလုပ်သမားတွေ၊ သာမန်အလုပ်သမားတွေ ပါဝင်တဲ့ လူတန်းစားအားလုံးအတွက် မိမိနိုင်ငံမှာပင် ကြီးမားကျယ်ပြန့်သော အလုပ်အကိုင်အခွင့်အလမ်းများကို စဉ်ဆက်မပြတ်ဖြစ်ထွန်းစေကာ အိုးမကွာ၊ အိမ်မကွာအလုပ်လုပ်နိုင်တဲ့ အခွင့်အရေးနဲ့ မိမိနိုင်ငံ အတွက်အလုပ်လုပ်နိုင်တဲ့အခွင့်အရေး၊ မိမိအကျိုးသာမက နိုင်ငံအကျိုးကိုသယ်ပိုးနိုင်တဲ့ အခွင့်အရေး၊ မိမိသဘာဝသယံဇာတများကို ပြည်ပနိုင်ငံကိုအားကိုးရန်မလိုဘဲနဲ့ မိမိအစွမ်းနဲ့ ဖော်ထုတ်သုံးစွဲနိုင်တဲ့ အခွင့်အလမ်း၊ အတ္တ၊ ပရ အကျိုးကျေးဇူးနှစ်ရပ်စလုံးကို ရရှိစေပြီးတော့ နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အန္တိမရည်မှန်းချက်အဖြစ်ထားရှိကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ ပဲခူးတိုင်း၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါက်တာခင်မောင်ဆွေရဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်းကတော့ ကျောက်တံခါး၊ အင်းပတ်လည်လမ်း ပျက်စီးနေသည်ကိုသိပါ သလား။ ပြုပြင်ရန် အစီအစဉ်ရှိပါသလား။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး သိပါတယ်။ ပြုပြင်ရန် အစီအစဉ် ရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ကျောက်တံခါးမြို့နယ်အတွင်းမှာ ရန်ပုံငွေ ကျပ် ၂၃၁၃ သန်း သုံးစွဲခဲ့ပါတယ်။ အောင်မင်္ဂလာလမ်း- သရက်စိန်ကျောက်ချောလမ်း လေးမိုင်၊ သူဌေးကုန်း-ပြင်ရွာကျောက်ချောလမ်း ၁၀ မိုင်၊ ပိန်းဇလုပ်-ကညင်ကျိုး ဂဝံလမ်း နှစ်မိုင်၊ သူဌေးကုန်း- တောင်ခင်ဂဝံလမ်း လေးမိုင်၊ ကျောက်တံခါး-သမင်-အင်းကုန် ဂဝံလမ်း နှစ်မိုင်၊ ပဲနွယ်ကုန်း-ကျွင်ခါးကုန်း ဂဝံလမ်း နှစ်မိုင်၊ ပဲနွယ်ကုန်း-သံပုရာကုန် မြေသားလမ်းကိုးမိုင် ကျွန်တော်တို့ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီနှစ်မှာ ကျောက်တံခါးမြို့နယ် အတွက်ရန်ပုံငွေဟာ လမ်းတံတားလုပ်ငန်းအတွက် ၅၃.၉၆ သန်းလျာထားပြီးဖြစ်ပါတယ်။ ကျောက်တံခါး အင်းပတ်လည်လမ်း မြေသားလမ်း ရှစ်မိုင်ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနကနေ စက်သုံးဆီတွေ၊ ယန္တရားတွေပံ့ပိုးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ပုံငွေအနေနဲ့တော့ ကျောက်တံခါးမြို့နယ်စည်ပင်သာယာကနေ ရန်ပုံငွေကျပ်သန်း ၄၀ နဲ့ ဗဟိုရန်ပုံငွေကနေ ၇.၅ သန်းစိုက်ထုတ်ပြီး တော့ ၄၇.၅ သန်းနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြေသားလမ်းပြုပြင်ဖောက်လုပ်ခြင်းရှစ်မိုင်နဲ့ လမ်းဘေးရေနုတ်မြောင်းများတူးဖော်ခြင်း ရှစ်မိုင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနဲ့ သစ်သားတံတားများအစား ကွန်ကရစ် လမ်းများဆောက်လုပ်ခြင်းကိုတော့ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဆောင်ရွက်သွားပေးမှာဖြစ် ကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးမင်္ဂလာပါ။ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း (ခေါ်) ဦးမင်းထွန်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့မှ ရှမ်းပြည်နယ်ရှိ တရုတ်-မြန်မာနယ်စပ်အထိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံစိမ်းပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို စတင်လုပ်ကိုင်နေပြီး ထိုသို့ဆောင်ရွက်ကြရာတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေများကိုတူးဖော်၍ ပိုက်လိုင်းများချရန် ပြင်ဆင်ရမည်ဖြစ်ရာ တောင်သူလယ်သမားများနစ်နာမှုမရှိစေရန် ပျက်စီးသွားသော လယ်ယာမြေများအတွက် ထိုက်တန်သောလျော်ကြေးငွေများပေးလျော်ခြင်းကို တာဝန်ရှိပုဂ္ဂိုလ်များနှင့် တရုတ်ကုမ္ပဏီတို့

ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများပြုလုပ်နေသည်ဟု ကြားသိရပါသည်။ ယင်းပေးလျော်မည့် မြေတန်ဖိုးနှင့် ငါးနှစ်စာ သီးနှံတန်ဖိုးများကို နှစ်ဖက်ညှိနှိုင်းသဘောတူပြီးသည့်အခါ သတ်မှတ်လျော်ကြေးငွေတန်ဖိုးများကို အများပြည်သူသိရှိအောင် အစိုးရပိုင်သတင်းစာ၊ ရေဒီယိုတို့မှ ထုတ်ပြန်ကြော်ငြာပေးစေလိုပါသဖြင့် ထိုသို့သော ပွင့်လင်းမြင်သာသည့် အစီအစဉ်ရှိ၊ မရှိကို သိလိုပါသည်။ ဒါပါပဲ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသန်းဌေး(ပြည်ထောင်စုဝန်ကြီး၊စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ သီပေါမဲဆန္ဒနယ် က ဦးရဲထွန်း ရဲ့မေးခွန်းနဲ့ ပတ်သက်လို့ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကျွန်တော်က ပြန်လည်ဖြေကြားပါ့မယ်။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဒေဝူး E&P မြန်မာဦးဆောင်တဲ့ ရွှေစီမံကိန်းဝင် ကုမ္ပဏီများနဲ့ တရုတ်နိုင်ငံ CNPC ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းပြီးတော့ မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို မြန်မာ-တရုတ် နယ်စပ်ထိ၊ ရခိုင်ကမ်းရိုးတန်း၊ ကျောက်ဖြူကနေ မြန်မာ-တရုတ် နယ်စပ်အထိ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့ကို ဖြတ်သန်းပြီးတော့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရှည်စုစုပေါင်း ၇၉၂.၅ ကီလိုမီတာနှင့် ရေနံစိမ်းပိုက်လိုင်းအရှည် စုစုပေါင်း ၇၇၀.၅ ကီလိုမီတာ သွယ်တန်းဖို့ ရှိပါတယ်။ ဒီလိုပိုက်လိုင်းတွေ တည်ဆောက်မယ့် အမြဲတမ်းပိုက်လိုင်းနယ်မြေ Right Of Way ကို ပိုက်လိုင်းတစ်လိုင်းတည်းဆိုရင် အကျယ်မီတာ ၂၀ အသုံးပြုမှာဖြစ်ပါတယ်။ ပိုက်လိုင်းနှစ်လိုင်းအပြိုင်ဖြစ်မယ်ဆိုရင်တော့ အကျယ် မီတာ ၃၀ အတွင်းမှာပဲ မြေအများအပြားအသုံးပြုခြင်းမှ ရှောင်ရှားနိုင်ရန် ပိုက်လိုင်းနှစ်လိုင်း အတတ်နိုင်ဆုံးအပြိုင်ဆွဲသွားမှာ ဖြစ်ပါတယ်။ အဲဒီပိုက်လိုင်းတစ်လျှောက်မှာပိုက်လိုင်းသွယ်တန်းမှုလမ်းကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လက်ခံစခန်း၊ ထိန်းချုပ်စခန်း၊ ရေနံမောင်းနှင်စခန်းနှင့် ပစ္စည်းသိုလှောင်စခန်းတို့အတွက် ယာယီမြေအသုံးပြုရေးနှင့် အမြဲတမ်းအသုံးပြုရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းကြီး အကောင်အထည်ဖော်ဖို့အတွက်စွမ်းအင်ဝန်ကြီးဌာနဟာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ အစိုးရများနဲ့ဆက်စပ်ပြီးတော့ ဒီပိုက်လိုင်း ဖြတ်သန်းရာသွားမယ့် တိုင်းဒေသကြီး၊ ပြည်နယ်လေးခုအတွင်းမှာရှိတဲ့ ဒေသများကမြေယာ၊ သီးနှံထိခိုက်ပျက်စီးမှု တွေ့ကြုံခဲ့ရတဲ့လယ်သမားတွေ၊ လုပ်သားပြည်သူများအတွက် ထိုက်တန်တဲ့လျော်ကြေးပေးရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါတယ်။ မြေယာရရှိရေးအဖွဲ့နဲ့ သီးနှံလျော်ကြေးပေးရေးအဖွဲ့ကို စွမ်းအင်ဝန်ကြီးဌာန၊ သက်ဆိုင်ရာဒေသရှိ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပိုက်လိုင်းလမ်းကြောင်းဖြတ်သန်းရာဒေသက ရပ်မိရပ်ဖနဲ့ ပိုက်လိုင်းလုပ်ငန်းဆောင်ရွက်တဲ့ ကုမ္ပဏီက ကိုယ်စားလှယ်များပါဝင်တဲ့အဖွဲ့ဖြင့် အသေးစိတ်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သလောက်အနည်းဆုံး ဧရိယာပမာဏလောက်သာအသုံးပြုရေးကို ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မြေယာရရှိရေးနှင့် သီးနှံလျော်ကြေးပေးရေးအဖွဲ့ဟာ ကျေးရွာတွေကိုကွင်းဆင်းပြီးတော့မှ မြေယာ ပိုင်ရှင်တွေကိုစိစစ်ပြီး မြေယာလွှဲပြောင်းအသုံးပြုရေးအတွက် ဆွေးနွေးညှိနှိုင်းပြီးတော့မှ မြေယာ ပိုင်ရှင်တွေက ပိုက်လိုင်းကုမ္ပဏီတွေရဲ့ လျော်ကြေးမူဝါဒတွေ၊ လျော်ကြေးနှုန်းထားတွေ ဖတ်ရှုသဘော ပေါက်ပြီးကြောင်း၊ သဘောတူကြောင်း၊ လုပ်ငန်းစတင်ရန်သဘောတူကြောင်း ဖော်ပြပါရှိတဲ့သဘော တူညီချက်ပုံစံမှာ လက်မှတ်ရေးထိုးကြပါတယ်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ မြေစာရင်းဦးစီးဌာန က ပုဂ္ဂိုလ်တွေ၊ မြေပိုင်ရှင်တွေရဲ့ရှေ့မှောက်မှာ ထိခိုက်နစ်နာသွားသော မြေ၊ သီးနှံ၊ သစ်ပင်တွေကို အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း၊ ကြီးရင့်မှု Maturity မှတ်တမ်းတင်ခြင်း၊ အပင်အရေအတွက် ရေတွက်ခြင်း၊ အသုံးပြုမည့်မြေအကျယ်အဝန်း တိုင်းတာသတ်မှတ်ခြင်းတို့ကိုပြုလုပ်ပါတယ်။ အဲဒီ နောက် ထိခိုက်နစ်နာသွားတဲ့ သီးနှံအမျိုးအစား၊ အရေအတွက်၊ အပင်ရဲ့ကြီးရင့်မှု အစရှိသည်တို့ကို မှတ်တမ်းဇယားတွင် ပိုင်ရှင်ကသဘောတူလို့ရှိရင် သဘောတူကြောင်း လက်မှတ်ရေးထိုးပါတယ်။ ကောက်ခံရရှိတဲ့ မှတ်တမ်းမှာဖော်ပြပါရှိတဲ့ သစ်ပင်၊ သီးနှံ၊ မြေအကျယ်အဝန်းတို့ရဲ့ လျော်ကြေးကို တွက်ချက်ပေးပါတယ်။ လျော်ကြေးပေးမယ့် မြေယာနှင့်သီးနှံပေါက်စျေးနှုန်းတွေကို ဒေသအတွင်းမှာ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ စျေးနှုန်းတွေကိုစုံစမ်းလေ့လာခြင်း၊ ဒေသအာဏာပိုင်တို့သတ်မှတ်ထားတဲ့ စျေးနှုန်းအတည်ပြုမှုများကို စုံစမ်းမေးမြန်းရယူခြင်း၊ ကာယကံရှင်ဖြစ်တဲ့ မြေပိုင်ရှင်ထံမှ စုံစမ်းပြီးတော့ သူ့သဘောအရ တောင်းဆိုလိုတဲ့စျေးနှုန်းများကိုမှတ်သားခြင်း ဒီအထဲကမှ အသင့်လျော်ဆုံးစျေးနှုန်းကို သတ်မှတ်ပါတယ်။ သီးနှံအထွက်နှုန်းတွေကိုလည်း စုံစမ်းလေ့လာအတည်ပြုပါတယ်။ ဒီလိုဆောင်ရွက် ပြီးမှ အမြဲတမ်းသိမ်းဆည်းမှုအတွက် သီးနှံတွေကိုလျော်ကြေးတွက်ချက်တဲ့နေရာမှာ သီးနှံစျေးနှုန်း၊ နောက်တစ်ခါ သိမ်းဆည်းမယ့်သီးနှံအမျိုးအစားအလိုက် အခင်းနဲ့စိုက်တာဆိုရင် ၈က သို့မဟုတ် နှစ်ရှည်ပင်အပင်ကြီးဆိုလျှင်တစ်ပင်အထွက်နှုန်း၊ ပျက်ဆီးထိခိုက်သွားတဲ့အကျယ်အဝန်း၊ ထိခိုက်နစ်နာ တဲ့အပင်အရေအတွက်၊ နောက်တစ်ခါ အပင်ရဲ့ကြီးရင့်ကိန်း ဒီဟာတွေကို အခြေခံပြီးတော့မှ အမြဲတမ်း သိမ်းဆည်းမှုအတွက် ၅ နှစ်စာတွက်ချက် ပေးလျော်ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အပင်ကြီးရင့်ကိန်း တွက်ချက်မှုဟာ အရေးကြီးပါတယ်။ အပင်အမျိုးအစားတူသော်ငြားလည်းပဲ အပင်ကြီးရင့်ပြီးတော့

အထွက်နှုန်းအမြင့်ဆုံးမှာရှိနေတဲ့အပင်မျိုး၊ အကောင်းစားအထွက်နှုန်းရှိတဲ့အပင်၊ သာမန်အထွက်နှုန်း ရှိတဲ့အပင်၊ လုံးဝအသီးမသီးသေးတဲ့ပင်ပျို ပင်ပေါက် စသည်အားဖြင့် ဒီလိုခွဲခြားပြီးမှ သတ်မှတ်ချက်တွေနဲ့ အမှတ်ပေးပြီးတော့မှ အပင်ရဲ့ဈေးနှုန်းကိုတွက်ချက်ခြင်းဖြစ်ပါတယ်။ ယာယီမြေသိမ်းဆည်းမှုဆိုရင်တော့ ရာသီအလိုက်သီးနှံများအတွက် လျော်ကြေးကိုတစ်နှစ်စာပေးပါတယ်။ ဥယျာဉ်ခြံမြေဆိုရင်တော့လျော်ကြေးကို သုံးနှစ်စာတွက်ချက်ပေးလျော်ပါတယ်။ မြေအတွက်လျော်ကြေးတွက်ချက်တဲ့နေရာမှာမြေဈေးနှုန်းနဲ့ပတ်သက်လို့ မြေစာရင်းဦးစီးဌာနကလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှလည်းကောင်း၊ သက်ဆိုင်ရာဒေသခံများမှလည်းကောင်း တင်ပြတဲ့ပေါက်ဈေးအနက် အမြင့်ဆုံးဈေးနှုန်းကိုယူပါတယ်။ နောက်တစ်ခါ မြေအမျိုးအစားကိုသတ်မှတ်တဲ့နေရာမှာ လယ်ဆိုရင်လည်း အကောင်းစားလား၊ ဒုတိယတန်းစားလား၊ အညံ့စားလား၊ ဥယျာဉ်မြေလား။ မစိုက်ပျိုးတဲ့မြေရိုင်းလား စသည်ဖြင့် မြေရဲ့အဆင့်အတန်းကိုဖြတ်ပါတယ်။ နောက်တစ်ခါ မြေတည်နေရာအညွှန်းကိန်းဆိုတာကိုလည်းထည့်ထားပါတယ်။ မြေတည်နေရာအညွှန်းကိန်းဆိုတာကတော့ မြေတစ်ဧကနဲ့ တစ်ဧက တည်နေရာအနေအထားအရ တန်ဖိုးမတူပါဘူး။ ရန်ကုန်မှာရှိတဲ့ မြေတစ်ဧကနဲ့ တောထဲမှာရှိတဲ့တစ်ဧကနဲ့ မတူပါဘူး။ ဒါ့ကြောင့်ဒီမြေဟာ မြို့နားကမ်းနားမှာလား၊ ဝင်လမ်း၊ ထွက်လမ်းလွယ်သလား၊ ဝေးသလား စသည့်ဒီအချက်တွေကို အညွှန်းကိန်းတွေနဲ့ အမှတ်ပေးအကဲဖြတ်ပါတယ်။ နောက်တစ်ခါ ပိုင်ဆိုင်မှုခိုင်မာခြင်း၊ အညွှန်းကိန်းဆိုတာလည်း ထည့်ပြီးတွက်ချက်ပါတယ်။ ပိုင်ရှင်ဟာ ဘယ်လောက်တောင်ခိုင်ခိုင်မာမာပြနိုင်သလဲ။ အခွန်ဆောင်ထားတာရှိသလား။ ဦးပိုင်ပေါက်ထားတာရှိသလား။ စသည်အားဖြင့် ဒီအပေါ်မှာမူတည်ပြီးတော့မှ နှုန်းထားတွေကိုသတ်မှတ်ခြင်းဖြစ်ပါတယ်။ နောက်ခြွင်းချက်ကိစ္စရပ်တွေဖြစ်တဲ့ မလွှဲသာမရှောင်သာ လယ်တဲတွေ၊ ယာတဲတွေ စသည်အားဖြင့် ဖယ်ရှားရတာတွေရှိပါတယ်။ ရေတွင်းရေကန်တွေ၊ ခြံစည်းရိုးတွေ ထိခိုက်ပျက်စီးသွားတာတွေရှိပါတယ်။ အဲဒီလို ထိခိုက်နစ်နာမှုမျိုးဖြစ်ရင်တော့ သီးခြားကိစ္စရပ်များအဖြစ် ဆုံးရှုံးနစ်နာတဲ့ပစ္စည်း၊ လုပ်အားခတွေကို ပိုင်ရှင်နှင့်ညှိနှိုင်းသတ်မှတ်ပြီးတော့ ကိစ္စရပ်တစ်ခုချင်းအလိုက် ပေးလျော်ပါတယ်။ နောက်တစ်ခါ ပိုက်လိုင်းအူကြောင်းဟာ မြေကွက်တစ်ခုကိုဖြတ်သန်းသွားမယ်ဆိုရင် သိမ်းလိုက်တဲ့မြေကများပြီး ကျန်တဲ့မြေဟာ မူလမြေပမာဏရဲ့ ၂၀ ရာခိုင်နှုန်းထက်နည်းရင် အဲဒီဟာအတွက်ကိုလည်းပဲ မိမိတို့မသုံးသော်ငြားလည်း ထည့်သွင်းပြီးတော့ပေးလျော်ပါတယ်။ နောက်တစ်ခါ ပိုက်လိုင်းလမ်းအူကြောင်း Right of Way မှာပိုက်လိုင်းမြေမြှုပ်ပြီးတာနဲ့မူလပိုင်ရှင်ဟာ ဒီအပေါ်မှာပြန်ပြီးတော့ ရာသီသီးနှံစိုက်ပျိုးခွင့်ရှိပါတယ်။ တင်ပြပါလုပ်ငန်းအားလုံးကို အထက်ကတင်ပြတဲ့ အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်း စတင်ဆောင်ရွက်သည့်အချိန်မှစပြီး ဒီနေ့အထိ ပိုက်လမ်းလမ်းကြောင်း၊ လက်ခံစခန်း၊ ထိန်းချုပ်စခန်း၊ ပစ္စည်းသိုလှောင်စခန်းစသည်တို့အတွက် ယာယီနှင့်အမြဲတမ်း မြေသိမ်းဆည်းမှုတွေလုပ်ခဲ့တဲ့နေရာမှာ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် အထက်/အောက်မြန်မာပြည် မြေနှင့်အခွန်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေနှင့်သီးနှံလျော်ကြေးများကို မြေပိုင်ရှင်များကျေနပ်စေလောက်တဲ့ ဈေးနှုန်းဖြင့်ပေးလျော်ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းစတင်တဲ့အချိန်ကနေ ဒီနေ့ထိ ပေးလျော်ပြီးခဲ့တဲ့ငွေကြေးပမာဏများကို တိုင်းနဲ့ပြည်နယ်အလိုက် ခွဲခြားတင်ပြရရင်တော့ ရခိုင်ပြည်နယ်မှာ အားလုံး ၇၆၁၉၇၄၅၄ ကျပ်၊ မကွေးတိုင်းဒေသကြီးမှာ ၈၀၅၄၃၂၂၃၉ ကျပ်၊ မန္တလေးတိုင်းဒေသကြီးမှာ ၄၅၁၇၉၅၁၃၅ ကျပ်နဲ့ အမေရိကန် ဒေါ်လာ ၅၅၀၀၀၀ ၊ ရှမ်းပြည်နယ်မှာ ၉၁၁၁၄၄၆၁ ကျပ် ၆၂ ပြား၊ စုစုပေါင်းကနေ့အထိ ကျပ်သန်းပေါင်း ၂၉၃၀၂၁၂၂၆၉ ကျပ် ၆၂ ပြားနဲ့ အမေရိကန် ဒေါ်လာ ၅၅၀၀၀၀ ပေးလျော်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်းသိမ်းဆည်းရေး၊ ပေးလျော်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီတော့ ဒီလောက်များပြားတဲ့လျော်ကြေးငွေတွေကို ကာယကံရှင်တွေက လက်ခံရယူတဲ့နေရာမှာ ကြားကဖြတ်စားလာဘ်စား မလုပ်နိုင်အောင်လည်း ကာယကံရှင်များအနေနဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမှ မည်သည့်အကြောင်းကြောင့်နဲ့မှ ဝန်ဆောင်ခ၊ သဒ္ဓါကြေးစသည့်အားဖြင့်ပေးရန်မလိုကြောင်း သက်ဆိုင်ရာကာယကံရှင်များ သိအောင်အသိပေးဖို့လည်း တရားဝင်ညွှန်ကြားချက်များ ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါတယ်။ ဒီကြားထဲကမှ ငွေပေးလျော်မှုနဲ့ပတ်သက်လို့ မသမာမှုများရှိကြောင်း စစ်ဆေးပေါ်ပေါက်လာလို့ရှိရင်လည်း ကျွန်တော်တို့ရဲ့ စီမံကိန်းပျက်စီးရာပျက်စီးကြောင်းဖြစ်စေတဲ့အတွက် ပြတ်ပြတ်သားသားအရေးယူသွားမှာဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ဒါကြောင့် မြန်မာ-တရုတ် ရေနံသဘာဝဓါတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြတဲ့နေရာမှာ တောင်သူလယ်သမားများအား ပေးလျော်သည့်မြေတန်ဖိုးနှင့် သီးနှံတန်ဖိုးများကို နှစ်ဖက်ညှိနှိုင်းသဘောတူပြီးတဲ့အခါမှာ ပိုင်ရှင်များလက်အရောက် မှတ်တမ်းအထောက်အထားတွေနဲ့ စနစ်တကျပေးချေသွားမယ်။ ပေးချေလျက်ရှိပါတယ်လို့တင်ပြလိုပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ မြေယာလျော်ကြေး၊ မြေယာနှင့်သီးနှံလျော်ကြေးလုပ်ထုံးလုပ်နည်းတွေအရ မြေအတန်းအစား အကောင်း၊ အညံ့၊ သီးနှံအထွက်နှုန်းစတဲ့အချက်တွေဟာ ဒေသတစ်ခုနဲ့တစ်ခု၊ တစ်ရွာနဲ့တစ်ရွာ ဘယ်လိုမှမတူနိုင်သလိုပဲလျော်ကြေးပမာဏနှုန်းထားတွေဟာလည်း တစ်ပြေးညီမဖြစ်နိုင်ကြောင်းတွေ့ရပါတယ်။ ဒီထဲမှာ အခုချိန်ထိ နိုင်ငံတော်အစိုးရရဲ့ တိုင်းကျိုးပြည်ကျိုးလုပ်ဆောင်ချက်တွေအပေါ်မှာ ဖျက်လိုဖျက်ဆီး

သွေးထိုးလှုံ့ဆော်မှုတွေဟာလည်းပဲ ရှိနေသေးတာဖြစ်တဲ့အတွက် ဒီပိုက်လိုင်းလမ်းတစ်လျှောက်မှာ ပေးလျော်တဲ့နှုန်းထားတွေကို အကျယ်တစ်ဝင့်ကြေငြာလိုက်တာနဲ့ မရသင့်တဲ့နှုန်းထားတွေရအောင်တောင်းဆိုမြှောက်ပင့်သွေးထိုးမှုတွေလည်း ဖြစ်ကောင်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ပြည်သူလူထုထဲမှာလည်းစိတ်သဘောထားအမျိုးမျိုးရှိကြတော့ စီမံကိန်းအတွက် မြေတိုင်းတယ်လို့ကြားကတည်းက ဖြတ်သန်းသွားဖွယ်ရာရှိသောနေရာမှာ မဖြစ်နိုင်တဲ့နှစ်ရှည်ပင်တွေကို စုပြုပြီးစိုက်ပျိုးပြီးတော့မှ ဒီအပေါ်မှာလျော်ကြေးတောင်းတတ်တဲ့သာဓကတွေလည်း ခတ်ပုံအထောက်အထားနဲ့ ကျွန်တော်တို့မှာရှိပါတယ်။ ဒါကြောင့် ပွင့်လင်းမြင်သာမှုကို အလေးပေးပြီးတော့ သတင်းထုတ်ပြန်ခြင်း အဆိုး၊ အကောင်းဘက်နှစ်ဘက်ကိုလည်း ချိင့်ချိန်စဉ်းစားဖို့လိုအပ်မယ်လို့ ယူဆတင်ပြလိုပါတယ်။

နောက်တစ်ခါပိုက်လိုင်းနဲ့ အခုလိုရေနံနဲ့ သဘာဝဓာတ်ငွေ့စတဲ့ တင်ပို့ရောင်းချခြင်းဆိုင်ရာစာချုပ်စာတမ်းများဟာ ရောင်းသူနဲ့ဝယ်သူအကြား သို့မဟုတ် ပိုက်လိုင်းကုမ္ပဏီနဲ့ ဒီပိုက်လိုင်းကိုအသုံးပြုပြီး တင်ပို့သယ်ဆောင်တဲ့ပုဂ္ဂိုလ်များကြား လုပ်ငန်းစတင်ရမယ့်ရက်ကိုအတိအကျသတ်မှတ်ထားလေ့ရှိပါတယ်။ သတ်မှတ်အချိန်အတွင်းမှာ မဆောင်ရွက်နိုင်လျှင်ပျက်ကွက်သူက ပေးလျော်ရတဲ့ Take or Pay, Ship or Pay ဆိုတဲ့ အလျော်အစားထည့်သွင်းချုပ်ဆိုရတဲ့ ထုံးစံရှိတဲ့အတွက် အနှောင့်အယှက်၊ အဟန့်အတားအခက်အခဲပြဿနာအနည်းဆုံးနဲ့ လုပ်ငန်းအချိန်မီပြီးဆုံးရေးဟာနှစ်ဘက်စလုံးအတွက် အလွန်အရေးကြီးတဲ့အချက် ဖြစ်ကြောင်းလည်းတင်ပြလိုပါတယ်။ ဒီလိုရှည်လျားတဲ့ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်မှာ ပိုင်ရှင်အရေအတွက်ဟာလည်းအများအပြားရှိသလို တစ်ဦးချင်းအတွက်လျော်ကြေးတွက်ချက်မှုတွေ၊ သတင်းထုတ်ပြန်မှုတွေကိုလည်း အချိန်ယူရအုံးမှာဖြစ်ပါတယ်။ ဒါကြောင့်တင်ပြခဲ့တဲ့ အခြေအနေများအရလည်းကောင်း၊ မြေယာသီးနှံလုပ်ထုံးလုပ်နည်းဟာပြည်သူများမနစ်နာအောင် စနစ်တကျပြင်ဆင်ဆောင်ရွက်ထားပြီး ကာယကံရှင်ကိုယ်တိုင်သဘောတူလက်ခံမှ ဆက်လက်ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက်လည်းကောင်း၊ အခုအချိန်အထိ အဆင်ပြေစွာဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ အသေးစိတ်သတင်းထုတ်ပြန်ရေးအတွက် အခြေအနေအရပ်ရပ်သုံးသပ်ပြီး သင့်တော်တဲ့အချိန်မှာ ထုတ်ပြန်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်၊ မာန်အောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ဖြစ်ပါတယ်။ အလျဉ်းသင့်လို့ လွန်ခဲ့တဲ့ အပတ်ကဆွေးနွေးခဲ့တဲ့ လယ်ယာမြေကွက်အသစ်ဖော်ထုတ်ရေးမှာ တင်ပြခဲ့ပြီးတဲ့နောက်တစ်နေ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ထမင်းစားဆောင်မှာ ဆုံလို့ကျွန်တော်ကို ရခိုင်ပြည်နယ်က ပုဂ္ဂိုလ်တွေ အသံသြဇာနဲ့ပြည့်စုံတယ်ဆိုပြီးတော့ပြောပါတယ်။ အဲ့ဒါ ကျွန်တော် ပြန်စဉ်းစားတော့လည်း ဟုတ်တော့ ဟုတ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျောက်ဖြူက ဦးဘရှိန်၊ နောက် ဘူးသီးတောင်က ဦးရွှေမောင်၊ ပုဏ္ဏားကျွန်းက ဦးထွန်းအောင်ကျော်၊ ရသေ့တောင်က ဒေါ်ခင်စောဝေတို့အားလုံး ကျွန်တော့်နီးပါး အသံအောင်မြင်ကြပါတယ်။ အမှန်တော့ ကျွန်တော်တို့အားလုံးဟာ လှိုင်းသံတွေ၊ လေသံတွေကြားကနေပြီးတော့ အော်ဟစ်ပြောဆိုနေရလို့ ဒီလောက်အသံကျယ်တာဖြစ်မှာပဲလို့ တွေးမိပါတယ်။ တကယ်တော့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်အားလုံးလည်း အသံသြဇာနဲ့ပြည့်စုံကြတဲ့လူတွေများပါတယ်။ ကျွန်တော်ဒီနေ့ တင်ပြရ မယ့် ကိစ္စကတော့ ကျွန်တော်တို့ မာန်အောင်ကျွန်းပေါ်မှာရှိတဲ့ လွန်ခဲ့တဲ့နှစ် ၂၀ လောက်ကပင် လေယာဉ်အတက်အဆင်းမရှိတော့တဲ့ စမုံတဲလေယာဉ်ကွင်းကို တိုးချဲ့ပြုပြင်ဖို့အတွက် တင်ပြသွား မှာဖြစ်ပါတယ်။ အခုလို ကျွန်တော်နေတဲ့ ကျွန်တော်တို့ကျွန်းလေးအကြောင်းကို တင်ပြရတာကိုပဲ ကျွန်တော်အနေနဲ့ ဂုဏ်ယူမိပါတယ်။ ကျေးဇူးလည်းတင်မိပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကျွန်းသူကျွန်းသားများဟာ ရေလမ်းခရီးတစ်ခုတည်းကိုပဲ အားကိုး နေကြတာဖြစ်ပါတယ်။ မာန်အောင်မြို့အနောက်ဘက်သုံးမိုင်အကွာ ကျွန်းပတ်လည်လမ်းရဲ့ ဘေးမှာရှိ တဲ့ စမုံတဲရွာအနီးမှာ စမုံတဲလေယာဉ်ကွင်းကို ကျောက်ဖြူခရိုင် လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ၏ ညွှန်ကြားချက်ဖြင့် ၁၉၆၉ ခုနှစ်ကစပြီးကျွန်းသူ၊ ကျွန်းသားတွေအားလုံး လုပ်အားပေးပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ လေယာဉ်ကွင်းတစ်ခုဖြစ်ဖို့အတွက် အားကြိုးမာန်တက် လုပ်အားပေးပြီးတော့ ဆောင်ရွက်ခဲ့တဲ့ဥစ္စာလည်း အောင်မြင်ပါတယ်။ တောင်နဲ့မြောက်အလျား ၄၅၀၀ ပေ၊ အနံ ၆၀၀ပေ ရှိပါတယ်။ အခုအဲဒီလေယာဉ်ကွင်းကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက နေပြီး တော့ ၁၉၈၄ ခုနှစ်ကစပြီး တာဝန်ယူထိန်းသိမ်းလျက်ရှိပါတယ်။ မာန်အောင်လေယာဉ်ကွင်းဟာ စပြီးတော့ ၁၉၇၂ ခုနှစ်ကစပြီး တစ်ကိုယ်တာလျှင် တစ်ပတ်ကို နှစ်ရက်ကျမြင့်ပေးခဲ့တာ လေးနှစ်တိတိ ဖြစ်ပါတယ်။

နောက်ပွင့်လင်းရာသီ ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ တွင်ကိုတာ တစ်ပတ်ကိုသုံးရက် အားလုံး ခုနှစ်နှစ်တိတိ မြှင့်ပေးခဲ့ပါတယ်။ အဲတော့ ခရီးစဉ်တွေကတော့ ရန်ကုန်-သံတွဲ-ကျောက်ဖြူ-အမ်း နောက် ရန်ကုန်-သံတွဲ-မာန်အောင်-စစ်တွေ နောက် ဂွမြို့နယ်နဲ့ ညောင်ဦးမြို့နယ်တို့အထိ ကျွန်တော်တို့ ပြေးဆွဲနိုင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် မာန်အောင်ကျွန်းရှိ ကျောင်းသူ၊ ကျောင်းသားများ အားလုံးဟာ မာန်အောင်မြို့မှ ကျောက်ဖြူ၊ စစ်တွေသို့လည်းကောင်း၊ သံတွဲ၊ ပုသိမ်၊ ရန်ကုန်သို့ လည်းကောင်း၊ ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးသွားလာနေကြရပါ၍ ကျန်းမာရေး ကိစ္စ၊ အရေးကြီးလူနာများ အမြန်ဆုံးသွားလာဆေးကုသနိုင်ရေးအတွက် မာန်အောင်မြို့၊ အနောက်ဘက် သုံးမိုင်အကွာမှာရှိတဲ့ကျွန်းပတ်လမ်းဘေးက စမုံတဲလေယာဉ်ကွင်းကိုတိုးချဲ့လုပ်ဆောင်ကာ လေယာဉ် ခရီးစဉ်ရရှိအောင် ကျောင်းသူ၊ ကျောင်းသားများအားလုံးက အလွန်ပဲအာသီသပြင်းပြ စိတ်ဆန္ဒရှိနေ ကြပါ၍ လေယာဉ်ကွင်းတိုးချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ အစီအစဉ်ရှိပါကလည်း မည်သည့်နှစ်တွင် စတင်လုပ်ဆောင်နိုင်မည်ကိုပြန်ကြားပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့မေးခွန်းကတော့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးလျက် ရှိတဲ့ ရေကြောင်းသက်ဆိုင်ရာစာမေးပွဲနဲ့ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့သင်္ဘောသားဈေးကွက်မှာ သင်္ဘောသားများ ပို့ဆောင် ပေးနေတဲ့နိုင်ငံများမှာပါဝင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ သင်္ဘောသားများဟာ အရည် အချင်း ကောင်းမွန်ခြင်း၊ စည်းကမ်းလိုက်နာ၍၊ အလုပ်ကြိုးစားခြင်းတို့ကြောင့် သင်္ဘောသားဈေးကွက် မှာ နေရာရလျက်ရှိနေပါတယ်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ အရာရှိ သင်္ဘောသားအရေအတွက်ဟာ ၇၅၀၀၀ ကျော်ရှိကြောင်းနဲ့ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ အရာရှိ သင်္ဘောသားအရေအတွက်ဟာ ၁၃၀၀၀ ကျော်ရှိကြောင်းသိရှိရပါတယ်။ အဆိုပါသင်္ဘောသား များဟာ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကို တစ်ဘက်တစ်လမ်းမှရှာဖွေပေးနေတဲ့ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သင်္ဘောသားအရာရှိများ၊

သဘော်သားများဟာ သတ်မှတ်တဲ့အရည်အချင်းကျွမ်းကျင်မှုနဲ့ လုပ်သက်များပြည့်မီလာတဲ့အခါမှာ အဆင့်မြင့်ရာထူးတာဝန်ထမ်းဆောင်ခွင့်ရရှိရန်အတွက် ရေကြောင်းဘက်ဆိုင်ရာ စာမေးပွဲများကိုဝင်ရောက်ဖြေဆိုလျက်ရှိကြပါတယ်။ လက်ရှိအခြေအနေမှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကစစ်ဆေးလျက်ရှိတဲ့ရေကြောင်းဘက်ဆိုင်ရာစာမေးပွဲများအနက်မှ နိုင်ငံခြားသားသဘော်ရေယာဥ်မှူး ပထမအရာရှိ၊ ဒုတိယအရာရှိစာမေးပွဲနဲ့ အိမ်နီးသားချင်းနိုင်ငံသား သဘော်ရေယာဥ်မှူး ပထမအရာရှိစာမေးပွဲများကို တစ်နှစ်ကိုနှစ်ကြိမ်စီသာ စစ်ပေးနိုင်ကြောင်းတွေ့ရပါတယ်။ အောင်မြင်မှုရာခိုင်နှုန်းဟာလည်းပဲ ၃၆ ရာခိုင်နှုန်းမှ ၅၆ ရာခိုင်နှုန်းအထိသာရှိကြောင်းသိရှိရပါတယ်။ အဆိုပါစာမေးပွဲများဟာ ကျွမ်းကျင်မှုဆိုင်ရာစစ်ဆေးရတဲ့ စာမေးပွဲများဖြစ်ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံများမှာ အလားတူစာမေးပွဲများ၌ အောင်မြင်မှုရာခိုင်နှုန်းဟာ ၈၀ ရာခိုင်နှုန်းကနေပြီးတော့ ၉၀ ရာခိုင်နှုန်းကျော်အထိရှိကြောင်းလည်းပဲ လေ့လာသိရှိရပါတယ်။ ထို့အတူပဲ ရေကြောင်းဘက်ဆိုင်ရာ အင်ဂျင်နီယာစာမေးပွဲငါးခုကိုလည်းပဲ တစ်နှစ်လျှင်လေးကြိမ်စီ စစ်ဆေးပေးနိုင်ကြောင်းနဲ့စာမေးပွဲ အောင်မြင်မှုရာခိုင်နှုန်းဟာလည်း ဒေသတွင်းမှာရှိတဲ့အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ပါကနည်းနေတာကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမေးပွဲစစ်ဆေးတဲ့ အကြိမ်အရေအတွက်နည်းပါးတဲ့အတွက် စာမေးပွဲဖြေဆိုရန် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်းကြောင့် နိုင်ငံတော်ဝင်ငွေ၊ မိသားစုဝင်ငွေများနဲ့လုပ်အားများ နစ်နာဆုံးရှုံးနေပါတယ်။ လက်ရှိကျင့်သုံးနေတဲ့စနစ်ဟာ လိုအပ်သည်ထက်တင်းကြပ်မှုများ၊ ကန့်သတ်မှုများရှိတာကြောင့် စာမေးပွဲအောင်မြင်မှုရာခိုင်နှုန်းနည်းပါးတဲ့အတွက် နိုင်ငံတော်ရဲ့လူသားအရင်းအမြစ်များ နစ်နာဆုံးရှုံးလျက်ရှိပါတယ်။ အရည်အချင်း ပြည့်ဝတဲ့ သဘော်သားများ လေ့ကျင့်မွေးထုတ်ပေးရန်လိုအပ်တဲ့အပြင် အရေအတွက်အရလည်းပဲပိုမို မွေးထုတ်ပေးရန်လိုအပ်ပါတယ်။ စာမေးပွဲစစ်ဆေးတဲ့အကြိမ်တိုးပေးခြင်း၊ ဖြေလျှော့နိုင်တဲ့ကိစ္စများဖြေလျှော့ခြင်း၊ ထင်သာမြင်သာရှိခြင်း၊ ဆွေးနွေးလွယ်ကူခြင်းစတဲ့ လိုအပ်တဲ့အခြေအနေများကို လိုအပ်သလိုပြုပြင်ပြောင်းလဲသွားသင့်ပါတယ်။ သို့ဖြစ်ပါ၍ ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနက စစ်ဆေးလျက်ရှိတဲ့ရေကြောင်းဘက်ဆိုင်ရာစာမေးပွဲစစ်ဆေးမှုများဟာ စာမေးပွဲကျင်းပသည့်အကြိမ်အရေအတွက်တိုးမြှင့်ပေးရန်အစီအစဥ် ရှိ၊ မရှိ၊ စစ်မေးတဲ့နည်းလမ်းများပြုပြင်ပြောင်းလဲရန် အစီအစဥ် ရှိ၊ မရှိနဲ့ စာမေးပွဲအောင်မြင်တဲ့ရာခိုင်နှုန်းတိုးတက်လာရေးအတွက် ပြုပြင်ပြောင်းလဲပေးရန်အစီအစဥ် ရှိ၊ မရှိ ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးညဏ်ထွန်းအောင်(ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပထမဆုံးရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်စိန်သာရဲ့ စမုံတဲလေယာဉ်ကွင်းနဲ့ပတ်သက်တဲ့မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားမှာဖြစ်ပါတယ်။ မာန်အောင်စမုံတဲလေယာဉ်ကွင်းဟာ ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်း၊ မာန်အောင်မြို့ရဲ့ အနောက်ဘက် (၃) မိုင်ခန့်အကွာ စမုံတဲရွာအနီးမှာတည်ရှိပါတယ်။ ပင်လယ်ရေပြင်အထက် (၃၃) ပေမြင့်ပါတယ်။ လေယာဉ်ကွင်းရဲ့ အကျယ်ဟာ (၆၁.၉၈ )၆၂ ဧကလောက်ကျယ်ဝန်းပါတယ်။ ဒီလေယာဉ်ကွင်းကို ကိုယ်စားလှယ်တော်ကြီးအစောပိုင်းက တင်ပြတဲ့ ၁၉၆၉ ခုနှစ်မှာ ဒေသခံပြည်သူလူထုနဲ့သူတို့ဆန္ဒနဲ့ အဲဒီအချိန်က၊ အဲဒီခေတ် အစိုးရလက်ထက်က ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ တည်ဆောက်စဉ်ကတော့ ကျွန်တော်တို့ အလျားပေ (၃၀၀၀) နဲ့ အနံ (၇၅) ပေရှိပြီး ပြေးလမ်းမျက်နှာပြင်ကိုတော့ အဲဒီခေတ်၊ အဲဒီအခါက အသုံးပြုခဲ့တဲ့ မြေသားလမ်းပမာ ကျောက်စရစ်နှစ်လက်မထုခင်းပြီးတော့ အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒီလေယာဉ်ကွင်းကို ကျွန်တော်တို့ မြန်မာ့လေကြောင်းအနေနဲ့ မှတ်တမ်းများဟာ ၁၉၆၉ ခုနှစ် သူတို့လေယာဉ်ပျံကွင်းစဖောက်ပြီးတဲ့ အချိန်ကစပြီးတော့ ၁၉၇၉ ခုနှစ်အထိ ဒါကိုတာလေယာဉ်များ တစ်ပတ်နှစ်ကြိမ်ဆင်းသက်ပျံသန်းခဲ့ပါတယ်။ ဒါကိုတာလေယာဉ်ပျံများကို ကျွန်တော်တို့ ၁၉၇၉ ခုနှစ်မှာ ပျံသန်းဖို့ရပ်ဆိုင်းခဲ့ပါတယ်။ Accident ဖြစ်တဲ့အတွက်ကြောင့်မို့ ဒါကြောင့်ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ ၁၉၇၉ ကနေပြီးတော့ ၁၉၈၅ ခုနှစ်အထိ ပွင့်လင်းရာသီမှာ ခရီးသည် ၁၉ ဦးဆန့်တဲ့ တွင်အော်တာလေယာဉ်လေးတွေနဲ့ တစ်ပတ်ကိုနှစ်ကြိမ် ဆက်လက်ပြီးတော့ဆင်းသက်ခဲ့ပါတယ်။ သို့သော်လည်းပဲ တွင်အော်တာများကိုလည်း ကျွန်တော်တို့ ၁၉၈၅ ခုနှစ်မှာ နိုင်ငံတော်ရဲ့ပေါ်လစီအရ ကျွန်တော်တို့ကို ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။ မြို့နေလူထုရဲ့တောင်းဆိုချက်နဲ့အညီ ကျွန်တော်တို့က အဲဒီအချိန်မှာ မြန်မာ့လေကြောင်းမှာရှိတဲ့ F-27 လေယာဉ်ဆင်းသက်ဖို့အတွက် ဒီလေယာဉ်ပျံကွင်းကို အနည်းဆုံးပေ ၄၀၀၀ ရအောင်ကျွန်တော်တို့ တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတိုးချဲ့ဆောင်ရွက်ခဲ့ခြင်းနဲ့ လေယာဉ်ပျံကွင်းဟာ ၁၉၉၀- ၁၉၉၁ ကနေ ၁၉၉၁ ခုနှစ်မှာတော့ အလျား ၃၇၀၀ ပေ၊ အနံ ၇၅ ပေ၊ ထု ၁၂ လက်မ ကျောက်ထုခင်းတဲ့ လေယာဉ်ပျံကွင်းအဖြစ်ရှိခဲ့ပါတယ်။ သို့သော်လည်းပဲ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ မာန်အောင်လေယာဉ်ပျံကွင်းကို လေယာဉ်ပျံများဆင်းသက်ခြင်းမပြုလုပ်ခဲ့ပါဘူး။ ယခုလက်ရှိအနေအထားမှာတော့ ၁၂ လက်မထုကျောက်ခင်းထားတဲ့ လေယာဉ်ပျံပြေးလမ်းဟာ ရာသီဥတု

ဒဏ်ကြောင့်သော်လည်းကောင်း၊ ပြေးလမ်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းကြောင့်လည်းကောင်း၊ ကျွန်တော်တို့ လေယာဉ်ပျံပြေးလမ်းမှာလည်း လှည်းလမ်းကြောင်းများ၊ ရေအိုင်များဖြစ်ပေါ်လျက်ရှိပြီး သစ်ပင်ချုံနွယ်များပေါက်ရောက်ခြင်းကြောင့်မို့လို့ လောလောဆယ်လေယာဉ်ကွင်းကတော့ ဥက္ကဋ္ဌကြီး ကျွန်တော်တို့ ပျံသန်းလို့မရပါဘူး။ ကျွန်တော်တို့ လေယာဉ်အတက်အဆင်းအသုံးပြုနိုင်ဖို့အတွက်ဆိုလို့ရှိရင် ဒီလေယာဉ်ပျံကွင်းကို ကျွန်တော်တို့ ဒီပြုပြင်စရာလေးတွေရှိပါတယ်။ ဒါကတော့ကျွန်တော်တို့ပြေးလမ်းနယ်နမိတ်ကို ပါရာမီတာကို ကျွန်တော်တို့က အလျား ၇၈၀၀ ပေ၊ အနံ ၆၀၀ ပေရဖို့အတွက် အုန်းကျောင်းအထိ မြေသိမ်းဆည်းရေးလုပ်ငန်းနှင့် မြတ်မချောင်းဘုန်းတော်ကြီးကျောင်းအတွက်ရွှေ့ပေးဖို့ဖြစ်ပါတယ်။ အဲဒီရွှေ့ပေးပြီးရင်တော့ လေယာဉ်ပျံပြေးလမ်းကို ကျွန်တော်တို့ ပေ ၆၀၀၀၊ ပေ ၁၀၀ ပေ လေယာဉ်ပျံပြေးလမ်းအဖြစ်တိုးချဲ့ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ မာန်အောင်မြို့စမုံတဲလေယာဉ်ကွင်းဟာ ကျွန်တော်တို့ ကျောက်ဖြူမြို့နဲ့ ၃၆ မိုင်အကွာမှာတည်ရှိပြီးတော့ ကျောက်ဖြူလေယာဉ်ကွင်းဟာ ရေနက်ဆိပ်ကမ်းစီမံကိန်းရှိတဲ့အတွက်ကြောင့်မို့လို့ လက်ရှိပြေးလမ်းအလျား ၄၆၂၀ ပေနဲ့ အနံ ၁၀၀ ပေကို ကျွန်တော်တို့ ကျောက်ကတ္တရာခင်းပြီး လက်ရှိအသုံးပြုဆဲဖြစ်ပါတယ်။ အဲဒီလေယာဉ်ပျံကွင်းပြေးလမ်းကို ကျွန်တော်တို့ဒီနှစ်မှာ အလျားပေ ၁၀၀၀ ထပ်မံတိုးချဲ့တည်ဆောက်မှာဖြစ်ပြီးတော့ လာမည့်နှစ်မှာလည်း ကျွန်တော်တို့ အလျားပေ ၁၄၀၀ ထပ်မံတိုးချဲ့ဖို့စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျောက်ဖြူလေယာဉ်ပျံကွင်းဟာ နောင် ၂ နှစ်မှာ အလျား ၇၀၀၀ ပေ၊ အနံ ၁၀၀ ပေရှိပြီးတော့ ဂျက်လေယာဉ်ပျံများ ဆင်းသက်နိုင်တဲ့အဆင့်ကိုရောက်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဆိုရှင်တင်ပြတဲ့ မာန်အောင်စမုံတဲလေယာဉ်ကွင်းဟာ ကျောက်ဖြူလေယာဉ်ပျံကွင်းနဲ့ ၃၆ မိုင်အကွာတွင်ရှိပါတယ်။ ၃၆ မိုင်အကွာ မှာရှိပြီးတော့ တကယ်လို့ ပြေးလမ်း အရှည် ပေ ၄၀၀၀ အထက် ကျွန်တော်တို့ ပိုပြီးတော့တည်ဆောက်ဖို့ လောလောဆယ် မလိုအပ်ပါဘူး။ ဒါ့ကြောင့် သို့သော်လည်းပဲ ဒီ မာန်အောင်ကျွန်းသည် သီးခြားကျွန်းကြီးတစ်ကျွန်းဖြစ်ပါတယ်။ သီးခြားကျွန်းကြီးတစ်ကျွန်းဖြစ်တော့ အရင်အစဉ်လာကလည်းကျွန်တော်တို့လေယာဉ်ပျံများ ဆင်းသက်ပြီးတော့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်များ နောက်တစ်ခါခရီးသည်လိုက်ပါမှုများအပေါ် မူတည်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ လေယာဉ်ငယ်များဝယ်ယူပြီးလေယာဉ်ပို့ကုန်များကို ဆင်းသက်ပေးဖို့အစီအစဉ်ကျွန်တော်တို့ရှိပါတယ်။ ဒီမှာ နောက်ဆုံးအနေနဲ့ ဥက္ကဋ္ဌကြီး ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သုံးစွဲခဲ့တဲ့ရန်ပုံငွေဟာ ကျွန်တော်တို့ ရှာတဲ့ရန်ပုံငွေထဲကပဲဖြစ်ပါတယ်။ အဲဒီ

ငွေတွေထဲကပဲ ကျွန်တော်တို့ နိုင်ငံတော်အပေါ်မှာ ဝန်ထုတ်ဝန်ပိုးမဖြစ်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အကြွေးမတင်ဖို့ Balance Budget ဖြစ်ဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာန ကြိုးစားရှာတဲ့ငွေနဲ့ပဲ လေယာဉ်ပျံကွင်းများတည်ဆောက်ခြင်း၊ သင်္ဘောဆိပ်များတည်ဆောက်ခြင်း၊ သင်္ဘောများတည်ဆောက်ခြင်းကို ကျွန်တော်တို့ မူဝါဒချမှတ်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒေသရဲ့လိုအပ်ချက်နဲ့ ခုနဒေသဖွံ့ဖြိုးဖို့အတွက် လိုအပ်မယ်ဆိုရင် ကျွန်တော်တို့ ဒီမာန်အောင်ကွင်းကို မာန်အောင်မှာ ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းပြီးတော့ ကျွန်တော်တို့ လေယာဉ်ငယ်များပြေးဆွဲပေးဖို့ စီစဉ်ထားပါကြောင်းဖြေကြားရင်းနဲ့ ပထမဆုံးမေးခွန်းကို ကျွန်တော် ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းရဲ့ အမေးကိုဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တနင်္လာနေ့ကလည်း ဒီမေးခွန်းကို ဒါအချက်များကို တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အတိုချုံးတင်ပြရမယ်ဆိုရင် ခုန ဦးသာဝင်းမေးတဲ့အတိုင်းပါပဲ ကျွန်တော်တို့ သင်္ဘောသား ၇၅၀၀၀ မှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးတော့ လက်ရှိနှစ်သောင်းကျော် သင်္ဘောပေါ်လိုက်တာဖြစ်ပါတယ်။ အဲဒီ သင်္ဘောပေါ်လိုက်တဲ့ သင်္ဘောသား နှစ်သောင်းကျော်၊ နှစ်သောင်းသုံးထောင်နဲ့ အရာရှိ ခုနှစ်ထောင်ကျော်နဲ့ တစ်ခြားအဆင့် တစ်သောင်းခြောက်ထောင်ဖြစ်ပါတယ်။ ဒီသင်္ဘောသားများကနေပြီးတော့ လစဉ်တစ်လကိုဒေါ်လာ သန်း ၃၀ အထက် မြန်မာနိုင်ငံကို ပို့နေတာဖြစ်ပါတယ်။ ဒီသင်္ဘောသားများမွေးထုတ်ပေးတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တနင်္လာနေ့မှာတင်ပြခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်မှာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နဲ့ ကုန်သွယ်ရေကြောင်းကောလိပ်ဆိုပြီးတော့ နှစ်ကျောင်းရှိပါတယ်။ ရေကြောင်းပညာတက္ကသိုလ်ကတော့ ငါးနှစ်သင်တန်းခေါ်ပြီးတော့ ကျွန်တော်တို့ ၁ နှစ်ကိုကျောင်းသားလေးရာမွေးထုတ်ပါတယ်။ သူကတော့ အရာရှိများ B.E ဘွဲ့နဲ့ B.Sc(hon) ဘွဲ့များပေးပါတယ်။ ရေကြောင်းကောလိပ်ကတော့ ၂ နှစ်သင်တန်းဖြစ်ပြီးတော့ ၁ နှစ်ကို သင်တန်းသား ၃၀၀ ခေါ်ပါတယ်။ ဒါကြောင့် အရာရှိများအနေနဲ့ ၁ နှစ်ကို ကျွန်တော်တို့ ၇၀၀ မွေးထုတ်ပေးလျက်ရှိပါတယ်။ အခြားအဆင့်များ မွေးထုတ်ပေးတဲ့အတွက် ကျွန်တော်တို့ အစိုးရ ကျောင်း၂ ကျောင်းနဲ့ နိုင်ငံတော်ပိုင်၂ ကျောင်းနဲ့ ပုဂ္ဂလိကကျောင်း ၇ ကျောင်းကိုလည်း ဒီလ ငါးရက် နေ့ကစပြီးတော့ ဖွင့်လှစ်ပေးပြီးတော့ ကျောင်းများကို တပြိုင်နက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ခုန ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ စာမေးပွဲစစ်ဆေးမှုနဲ့ပတ်သက်ပြီးတော့ ယခင်တုန်းကတော့ ကျွန်တော်တို့ ၁ နှစ်ကို စာမေးပွဲကျင်းပတဲ့ အကြိမ် အရာရှိများအတွက် သုံးပတ်ဆို ၁ နှစ်ကို ၂ ကြိမ် အင်ဂျင်နီယာများအတွက် ၁ နှစ်ကို ၄ ကြိမ်

သူဟာ(ချက်ဂျူး)နဲ့ဆွဲပြီး ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ စနစ်သစ်အရတော့ အရာရှိများအနေနဲ့ ရာထူးတိုးမြှင့်ရေးအတွက် ကျွန်တော်တို့ ခုနတင်ပြခဲ့တဲ့ကျောင်း ၉ ကျောင်း၊ ပုဂ္ဂလိကကျောင်း ၇ ကျောင်း၊ အစိုးရကျောင်း ၂ ကျောင်း စုစုပေါင်း ၉ကျောင်းမှာ ကြိုက်တဲ့ကျောင်းမှာ သူနိုင်ငံခြားကပြန်လာလို့ရှိရင် အဆင်ပြေမယ့်ကျောင်းမှာ သူသင်တန်းတက်ပြီးရင် သင်တန်းပြီးပြီးချင်းစာမေးပွဲဖြေဖို့ဖြစ်ပါတယ်။ စာမေးပွဲဖြေပြီးရင်တစ်ခါတည်း ကျွန်တော်တို့ အောင်စာရင်းထုတ်ပေးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခင်စနစ်အတိုင်း ဒီကျွန်တော်တို့ စောင့်ဆိုင်းရတဲ့အချိန်ကြောင့်လုံးဝမရှိတဲ့အခြေအနေကို ရှိမှာဖြစ်ပါတယ်။ နောက်ဆုံးတင်ပြချင်တာကတော့ ကျွန်တော်တို့ ခုနကိုယ်စားလှယ်ကြီး ယခုကဲ့သို့ကျွန်တော်တို့ဝန်ကြီးဌာနကတာဝန်ယူဆောင်ရွက်ရတဲ့မြန်မာပင်လယ်ကူးသင်္ဘောသားများနဲ့ပတ်သက်ပြီးတော့ စာမေးပွဲစစ်ဆေးတဲ့ကိစ္စတွေ နောက်တစ်ခါ အောင်ချက်နည်းတဲ့ကိစ္စတွေအားလုံးကို ယခုလို ကျွန်တော်တို့ကို ရှင်းလင်းတင်ပြတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ကျေးဇူးများစွာတင်ရှိပါတယ်။ ကျွန်တော်တို့က အတိတ်ကနေပြီးတော့ အားနည်းချက်များကို ကျွန်တော်တို့ခေတ်မှာ ကျွန်တော်တို့ အစွမ်းကုန်ပြင်ဆင်ပြီးတော့ အကောင်းဆုံးစနစ်တစ်ခုကို ကျွန်တော်တို့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးတွေအားလုံးကိုလည်းကျေးဇူးများစွာတင်ရှိပါကြောင်းနဲ့ နောင်လည်း ကျွန်တော်တို့ အချိန်မရွေး သင်္ဘောသားနဲ့ပတ်သက်ပြီးတော့ အကြံဉာဏ်များပေးပါရန် ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့ မေးတဲ့မေးခွန်းများရော၊ ဖြေကြားမှုများရော နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် များစွာအကျိုးရှိတဲ့ အမေးနဲ့အဖြေများဖြစ်ပါတယ်။ အဲဒီမှာ နောက်ဆုံး ဒုတိယမေးတဲ့ မာန်အောင်မဲဆန္ဒနယ်က ဦးအောင်စိန်အမေးကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေသွားတဲ့နေရာမှာ တစ်ချိန်တုန်းက မာန်အောင်ကျွန်းကို ဒါကိုတာလေယာဉ်များ၊ တွင်အော်တာလေယာဉ်များဆင်းသက်ခဲ့တယ်။ နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ဒီလိုမဆင်းသက်နိုင်ဘူးဆိုတဲ့နေရာမှာ ဒါကိုတာတို့၊ တွင်အော်တာတို့လေယာဉ်များဟာ အနောက်အုပ်စုက တင်သွင်းပြေးဆွဲရတဲ့ လေယာဉ်များဖြစ်ပါတယ်။ နောက်ပိုင်းရောက်တဲ့အခါကျတော့ section ထိတဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံအတွက်တကယ်လိုအပ်တဲ့ ခုနက တွင်အော်တာတို့ အခြားအခြားပေါ့လေ။ ဒါတော့ ဒီမှာတော့ သိပ်ဖော်ပြဖို့မရှိပါဘူး။ ဒီလိုဘဲ ကျွန်တော်တို့ အကြောင်းအမျိုးမျိုးနဲ့ ပိတ်ဆို့အရေးယူခံရတဲ့အပေါ်မူတည်ပြီးတော့နောက်ဆုံးထိခိုက်မှု၊ နစ်နာဆုံးရှုံးမှုရှိတာတော့ ကျွန်တော်တို့ နိုင်ငံသားတွေပဲဖြစ်ပါတယ်။ ဒါလည်း အလျဉ်းသင့်လို့လွှတ်တော်ကို တင်ပြရခြင်းဖြစ်ပါတယ်။ မိမိတို့လွှတ်တော်ကျင်းပတဲ့အချိန်မှာ

နိုင်ငံခြားသားများ၊ အရှယ်နဲ့သက်ဆိုင်တဲ့အဖွဲ့အစည်းများ၊ တချို့ဆိုလို့ရှိရင် လူ့အခွင့်အရေးအစီရင်ခံစာရေးသားမယ့်ပုဂ္ဂိုလ်များ မကြာသေးခင်ကဆိုလို့ရှိရင် အမေရိကန်နိုင်ငံမူဝါဒညှိနှိုင်းရေးမှူးဟာလည်း ကျွန်တော်တို့လွှတ်တော်ကိုလာရောက်ပြီးတော့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာမှလူ့အခွင့်အရေးနဲ့ပတ်သက်လို့အစီရင်ခံရေးသားမယ့်ပုဂ္ဂိုလ် ကျွန်တော်တို့လွှတ်တော်ဥက္ကဋ္ဌနဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီးနောက်ပိုင်း ဒီလွှတ်တော်အတွင်းကိုလည်း လာရောက်လေ့လာဖို့ဖိတ်ခေါ်ခဲ့ပါတယ်။ အဲတော့ လွှတ်တော်ကိုယ်စားလှယ်များကတော့ သူ့ရဲ့လာရောက်လေ့လာမှုကိုမမြင်နိုင်ပါဘူး။ ကျွန်တော်ကတော့ သူ့ရဲ့လာရောက်လေ့လာမှုကိုမြင်ရပါတယ်။ ကျွန်တော့်ရှေ့ တည့်တည့်ရယ်၊ ကျွန်တော့်ညာဘက်ရယ် လေ့လာမှုအနေနဲ့ကြည့်မယ်ဆိုလို့ရှိရင် လေ့လာတာမဟုတ်ဘဲနဲ့ ကျွန်တော်တို့တွေကို အပြစ်ရှာစစ်ဆေးတဲ့သဘောမျိုးကိုမြင်ရတဲ့အတွက် ကျွန်တော်အင်မတန်မှ ပြောမယ်ဆိုရင်စိတ်မကောင်းဖြစ်မိပါတယ်။ အဲဒီနေ့ကလေ့လာသူတစ်ယောက် အနေနဲ့ဆိုရင် အခုကဲ့သို့ အထူးဖိတ်ကြားထားသကဲ့သို့ ဒီလိုပဲခံယူပြီးတော့ ကြည့်ရှုလေ့လာရမှာဖြစ်သော်လည်း အဲဒီပုဂ္ဂိုလ်နဲ့အဖွဲ့ဟာလမ်းလျှောက်ပြီးတော့ ဟိုဘက်ထောင့်ကြည့်၊ ဒီဘက်ထောင့်ကြည့်ပြီးတဲ့အခါမှာ တစ်နေရာကနေပြီးတော့ ဓာတ်ပုံရိုက်၊ ရိုက်တဲ့အခါမှာ ကျွန်တော် အမှတ်ထင်ထင်တွေ့လိုက်ရတာကတော့ တပ်မတော်သားကိုယ်စားလှယ်များ ကို ဓာတ်ပုံတစ်ပုံ၊ နှစ်ပုံ၊ သုံးပုံ၊ လေးပုံ ဟိုနောက်ကတစ်ပုံ၊ ခြောက်ပုံလောက်ထိရိုက်သွားတဲ့အနေအထားတွေ့ရပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ဤကဲ့သို့ မိမိတို့မြန်မာနိုင်ငံတော်၊ နိုင်ငံသားများအတွက် ပြုမူဆောင်ရွက်မှုများအတွက်ပဲ စိတ်မကောင်း ဖြစ်မိပါတယ်။ ဝမ်းနည်းမှုလည်းဖြစ်ပါတယ်။ အခုလည်း ကြုံကြိုက်လို့ မာန်အောင်မဲဆန္ဒနယ်ကမေးမြန်းတဲ့ ဦးအောင်စိန် မေးမြန်းတဲ့အပေါ်မူတည်ပြီးတော့ ဖြေသွားတဲ့နေရာမှာ ဒါကိုတာလေယာဉ်တို့ တွင်အော်တာလေယာဉ်တို့ ဒီဟာတွေဟာ မိမိတို့နိုင်ငံမှာ အမှန်တကယ်လည်းလိုအပ်ပြီးတော့ အမှန်တကယ်အသုံးပြုပေးမယ်ဆိုရင် နိုင်ငံတော်၊ နိုင်ငံသားများ၊ ပြည်ထောင်စုသားများအတွက် များစွာအကျိုးရှိမယ့်ကိစ္စဖြစ်သော်လည်း ပိတ်ဆို့မှုအထွေထွေကြောင့် မိမိတို့နိုင်ငံသားများထိခိုက်နစ်နာမှုဆုံးရှုံးတာကို ဆက်စပ်ပြီးမြင်တွေ့တဲ့အတွက် ကျွန်တော်လွှတ်တော်မှာ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အခြေအနေအရသုံးသပ်ပြီးတဲ့အခါမှာ မိမိနိုင်ငံ မိမိနိုင်ငံသားများအကျိုးစီးပွားဖြစ်ပေါ်ရေးအတွက် လိုအပ်တဲ့ထောင့်လိုအပ်တဲ့နေရာကနေဆောင်ရွက်သွားဖို့ကိုလည်း ကျွန်တော့်အနေနဲ့ဆန္ဒရှိကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ရပိုင်ခွင့်အခွင့်အရေးနဲ့ပတ်သက်လို့စတင်ကျင်းပတဲ့ ၂၂ ရက်နေ့ကနေပြီးတော့ ဒီနေ့အထိအားလုံးသိတဲ့အတိုင်းပါပဲ၊ လွှတ်တော်ကိုယ်စားလှယ်များ

မေးမြန်းတဲ့မေးခွန်းတွေ၊ တင်သွင်းခဲ့တဲ့အဆိုတွေ အပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းအသီးသီးက လာရောက်ဖြေကြားရပါတယ်။ ဒီအခွင့်အရေးတွေဟာ အရင်တုန်းက မရှိခဲ့ပါဘူး။ အမေးတွေ၊ အဖြေတွေ၊ ဆွေးနွေးမှုတွေဟာလည်း ကျွန်တော်တို့ မူလသိထားတဲ့ဟာထက် ပိုပြီးတော့ ဂဃနဏအသေအချာသိလာတဲ့သဘောရှိပါတယ်။ အရင် ကျွန်တော်တို့ သိတာကပြောမယ် ဆိုရင်တော့ ယေဘူယျဆန်ဆန်သိပေမယ့် ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များ မေးလိုက်တဲ့မေးခွန်း အပေါ်ပြန်လည်ဖြေကြားမှုတွေဟာ ယခင်ကျွန်တော်တို့သိထား ကျွန်တော်တို့ဆိုတာ အမှန်အတိုင်း ဝန်ခံပြောမယ်ဆိုရင် တော်တော်များများသိတယ်လို့ ပြောဆိုနိုင်ပေမယ့် တကယ်တမ်းကျတဲ့ အခါကျ တော့အခုလို လာရောက်ဖြေတဲ့ရှင်းလင်းတဲ့အခါမှာ ကျွန်တော်တို့ အရင်သိထားတယ်ဆိုတာ နည်းနည်း လေးပဲဖြစ်ပါတယ်။ ဒီနေ့တော့ လွှတ်တော် ကိုယ်စားလှယ်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့ ဒီလိုအမေးတွေမေး၊ သက်ဆိုင်ရာတွေဖြေ၊ ဖြေတဲ့အခါမှာ ဒီက အကြောင်းအရာ၊ အချက်အလက်တွေရပြီးတော့ ဆက်ပြီးတော့ နိုင်ငံ့အတွက်၊ အများပြည်သူအတွက် ဆောင်ရွက်နိုင်မယ့် ရလဒ်တွေ၊ အချက်အလက်တွေကိုလည်း ရရှိမှာဖြစ်တဲ့အတွက် ကျွန်တော် တစ်ခါ က တင်ပြသလိုပါပဲ။ ကျွန်တော်တို့ ရရှိတဲ့အချိန်ကိုတော့ တန်ဖိုးရှိရှိအသုံးပြုဖို့ ဒီမှာကျွန်တော် ထပ်လောင်းတင်ပြချင်တာက ကျွန်တော်တို့ မေးတယ်ဆိုတဲ့ တော်တော်များများအမေးနဲ့ပတ်သက်လို့ ကိုယ်စားလှယ်တော်များအားလုံး သဘောပေါက်ပါတယ်။ ဒီအတိုင်းပဲ ဖြေရမယ့်ပုဂ္ဂိုလ်များလည်း တော်တော်သဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ အမေးဘက်မှာတော့ အချိန်ယူပြီးတော့ မသုံးဘဲနဲ့ လိုရင်းမေးပြီးတဲ့အခါမှာ အဖြေကြရင်တော့ ဒီအမေးကိုဖြေနိုင်တဲ့အဖြေမျိုးများ ဖြေကြားပေးဖို့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးများကိုလည်း မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့ဘက်က အမေးနဲ့ပတ်သက်လို့လည်း ခုနက ကျွန်တော်တင်ပြသလို လိုသလောက်သာမေးပါ။ အချိန်ကို ထိထိ ရောက်ရောက်အသုံးပြုပေးပါ။ အခုရက်ပိုင်းမှာဆိုရင် ကျွန်တော်တို့ စီစဥ်ထားတဲ့အစီအစဥ်တွေဟာ တစ်နေ့စာတစ်နေ့စာမပြီးတဲ့အတွက် နောက်ကို ရွှေ့ရွှေ့လာတဲ့အတွက် အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ အဓိကလုပ်ငန်းတာဝန်က ဥပဒေပြုရေးဆိုပေမယ့် ကျွန်တော်တို့ လွှတ်တော် အနေနဲ့ ဥပဒေပြုရေးအပိုင်းမှာ ခုနက အခြေအနေမှာ များများသုံးရတဲ့အတွက် ဥပဒေပြုရေးအပိုင်း မှာ မယ်မယ်ရရ ဘာမှလုပ်နိုင်တဲ့အနေအထားမရှိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ အဓိကကတော့ ဥပဒေပြု ရေးကိစ္စဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များကို ပန်ကြားတင်ပြအသိပေး ရှင်းလင်းခြင်းဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းခြင်းနဲ့ဖြေဆိုခြင်း ကဏ္ဍပြီးဆုံးပါပြီ။ လွှတ်တော် အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါ့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ၁၂ နာရီတိတိမှာ ပြန်လည်စတင်ပါ့မယ်။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါသည်။ ]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခုန ကျွန်တော်တင်ပြတဲ့ တွင်အော်တာတို့၊ ဒါကိုတာဆိုတာ လေယာဉ်အပိုပစ္စည်းတွေကိုပြောတာပါ။ အသစ်မပြောနဲ့ လေယာဉ်အပိုပစ္စည်းတွေကို ပြန်ပြီးတော့ဝယ်တဲ့အခါမှာလည်း မရဘူးဆိုတာကိုပြောတာပါ၊ ဆက်လက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများအား စီမံချက်ချမှတ် လုပ်ဆောင်ပေးရန် အဆိုနှင့်စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာတော်မူကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖြစ်ပါတယ်။ ၁၆ ရက်မြောက်နေ့ တနင်္လာနေ့ကတင်သွင်းသွားတဲ့ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသလိုပဲ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်တယ်၊ ခက်ခဲတယ်၊ ကုန်ကျစရိတ်လည်းကြီးမားလှတဲ့ လုပ်ငန်းကြီးဖြစ်တယ်ဆိုတာမှန်ကန်ပါတယ်။ ဧရာဝတီမြစ်ဟာ ကချင်ပြည်နယ်ထဲကနေစတင်စီးဆင်းလာပြီး မေခနဲ့မေလိခမြစ်နှစ်သွယ်ပေါင်းဆုံစီးဆင်းခဲ့သလို ချင်းတွင်းမြစ်ဟာလည်းပဲ ကချင်ပြည်နယ်ထဲကပဲ တနိုင်းခနှင့်တရုံခမြစ်လက်တက်ပေါင်းဆုံစီးဆင်းလာခဲ့ပါတယ်။ အဲဒီမှာ ၁၉၅၈ ခုနှစ်လောက်တုန်းက ထမံသီရေအားလျှပ်စစ်စီမံကိန်းကိုလာရောက်လေ့လာသွားခဲ့တဲ့ ရုရှားပညာရှင်တစ်ဦးရဲ့ သုံးသပ်ချက်လေးကိုတင်ပြပါရစေ၊ နောင်အနှစ် ၅၀ ကြာရင်ချင်းတွင်းမြစ်ဟာ နွေအခါမှာရေလုံးဝခန်းခြောက်သွားလိမ့်မယ်ဆိုပြီးတော့ ပြောကြားသွားခဲ့ပါ

တယ်။ ဒါပေမယ့် အခုထိတော့ ချင်းတွင်းမြစ်ဟာခန်းခြောက်သွားသည့်အထိတော့ မရောက်ရှိသေးပါဘူး။ ဒါပေမယ့် ရောဂါလက္ခဏာတွေကတော့ ပေါ်စပြုလာပါသည်။ မြစ်ကြောင်းတစ်လျှောက်သောင်တွေထွန်းတယ်။ ရေကြောင်းကြပ်တည်းလာပြီးတော့ မြစ်ကမ်းပါးတွေပြိုတယ်။ ဘေးနားကရွာတွေ၊ မြို့တွေမှာ ကမ်းပါးတွေပြိုလို့ အိမ်တွေရွှေ့ရ။ ဘုရားတွေရေထဲပါ၊ ဘုန်းကြီးကျောင်းတွေရွှေ့ရတဲ့အဖြစ်မျိုးကို ခုနေခါမှာကို ကြုံတွေ့နေကြရပါတယ်။ ပြီးခဲ့တဲ့နှစ်က ဟုမ္မလင်းမြို့ကို ကမ္ဘာလှည့်ခရီးသည်တွေလာတုန်းက ချင်းတွင်းမြစ်ကိုကြည့်ပြီးတော့ ဂျာမန်တွေထင်ပါတယ်။ ဒါပေမယ့် အင်္ဂလိပ်လိုပြောပါတယ်။ Vergin River လို့ပြောပါတယ်။ အဲဒီတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကတော့ ဘယ်လိုဘာသာပြန်မလဲမသိဘူး။ ကျွန်တော်ကတော့ ကျောက်ခေတ်အတိုင်းရှိနေသေးတဲ့မြစ်လို့ပြန်လိုက်ချင်ပါတယ်။ ချင်းတွင်းမြစ်လက်တက်တစ်ခုဖြစ်တဲ့ ဥရုမြစ်ဟာဆိုလို့ရှိရင် ကနေ့အချိန်ထိအဆိုးရွားဆုံးခံစားနေရပါတယ်။ မြစ်ဖျားခံရာဖြစ်တဲ့ ဖားကန့်မြို့နယ်ထဲမှာ မြစ်ကြောင်းလေးတောင်ပျောက်လုခမန်း ဖြစ်နေပါပြီ။ ကျောက်စိမ်းတူးဖော်ရာကနေထွက်လာတဲ့ မြေဇာတွေဟာတောင်ကမုကြီးတွေလိုဖြစ်နေပြီး။ မိုးရေတွေထဲမှာစီးဝင်ပြီးတော့ ဥရုမြစ်ရေဟာ အနီရောင်သန်းနေပါတယ်။ အရင်တုန်းကတော့ ကြည်လင်အေးမြတဲ့ဥရုမြစ်ဟာ အခုတော့ ရေနေသတ္တဝါတွေတောင်နေလို့မရအောင်ဖြစ်နေကြပါတယ်။ အဲဒီမှာ ပညာရှင်တစ်ဦးရဲ့ စမ်းသပ်ချက်အရ ဥရုမြစ်ရေဟာ ရေသတ္တဝါတွေအသက်ရှင်သန်လောက်တဲ့ အောက်ဆီဂျင်ပမာဏမရှိတော့ဘူးလို့ ကြားသိရပါတယ်။ အဲတော့မြစ်ကြောင်းတွေသေဆုံးမယ်ဆိုရင် ဒီချင်းတွင်းမြစ်ရဲ့မြစ်လက်တက်ဖြစ်တဲ့ ဥရုချောင်းဟာ ဒါပထမဆုံးသေဆုံးမယ့်မြစ်ပဲဖြစ်ပါတယ်။ အဲတော့ ဥရုမြစ်ထဲကနွံတွေဟာ ချင်းတွင်းမြစ်ထဲကိုစီးဝင်၊ ဧရာဝတီမြစ်ထဲရောက်၊ ဧရာဝတီမြစ်ဟာ ချင်းတွင်းမြစ်က အနယ်ပို့ချတာခံရသလို ဧရာဝတီမြစ်အထက်ပိုင်းကရွှေလုပ်ကွက်တွေ၊ သစ်ခုတ်မှုတွေကြောင့် နုန်းပို့ချခံရပြီး မြစ်ကြောင်းတွေပျက်စီးလာတာ အားလုံးသိရှိကြပါတယ်။ အဆိုရှင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်ပြသွားသလို တကယ်လို့ စီမံချက်ကြီးပြီးရင် Water Highway လိုဖြစ်အောင် ဖြစ်လာလိမ်မယ့်ဆိုတဲ့ ပြောကြားချက်ဟာ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။ ဒါပေမယ့် မြစ်ကြောင်းကောင်းအောင် ရှင်းလင်းပေမယ့် လူ့ပယောဂတွေကြောင့်ဖြစ်တဲ့ရွှေမျှောတိုက်တာတွေ၊ တောင်ယာခုတ်တာတွေ၊ သစ်ခုတ်တာတွေ၊ ကျောက်စိမ်းတူးတာတွေဒီဟာတွေကို မဟန့်တားရင်တော့ ပြင်လိုက်၊ ပျက်လိုက် သမင်မွေးရင်းကျားစားရင်းဖြစ်နေမှာပဲဒီမြစ်တွေသေမသွားအောင်ကယ်တင်ဖို့ ကျွန်တော်တို့အချိန်မီပါသေးတယ်။ ကယ်တင်ရမယ့်နည်းလမ်းတွေဟာလည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးသိရှိကြပါတယ်။ ဖြစ်လာတဲ့အကြောင်းအရင်းတွေကို ကျွန်တော် ဟန့်တားဖယ်ရှားလိုက်လို့ရှိရင် ဒါဟာ ကျွန်တော်တို့မြစ်တွေကို ကယ်ဆယ်

နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ အတိုချုံးပြီးတော့ ကျွန်တော် တင်ပြရရင်တော့ မြစ်ကြောင်းပျက်စီးမှုတွေကို ယခုထက်ပိုမိုဆိုးမသွားအောင်-

- ကျောက်စိမ်းတူးဖော်မှု အရှိန်အဟုန်လျှော့ချရပါမယ်၊
- ရေဝေရေလဲတွေမှာ တောင်ယာခုတ်ခြင်း၊သစ်ခုတ်ခြင်း၊သစ်ထုတ်ခြင်းတွေကိုလည်း ရပ်တန့်ရပါတော့မယ်၊
- ရွှေမျှောလုပ်ကွက်တွေကိုလည်း ယခင်လို လွယ်လွယ်ကူကူ လုပ်ခွင့်ချမပေးတော့ပဲ စိစစ်ပြီး လုပ်ခွင့်ချပေးသင့်ပါတယ်၊
- မြစ်ကြောင်းထဲမှာ မြစ်ကြောင်းရှင်းလင်းရေး အမည်ခံပြီး၊ ရွှေရှာမှုကိုလည်းပဲ လွယ်လွယ်ကူကူ ခွင့်မပြုသင့်တော့ပါဘူး၊

မြစ်ကြောင်းရှင်းလင်းရေးလည်းဆောင်ရွက်မှုမရှိဘူး။ ပိုမိုဆိုးရွားလာစေတဲ့ အကြောင်းတရားတွေကိုလည်းမဟန့်တားဘူးဆိုရင်တော့ မြစ်ကြီးတွေဟာ ပြန်အဖတ်ဆယ်မရနိုင်တဲ့အဖြစ်မျိုး ရောက်ရှိသွားပါလိမ့်မယ်။ သမိုင်းမှာကျွန်တော်တို့ တရားခံဖြစ်ပါလိမ့်မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို မှတ်တမ်းတင်ရုံလောက်နဲ့မဟုတ်ဘဲ နှစ်စဉ်စီမံကိန်းရေးဆွဲပြီးတော့ ဆောင်ရွက်ပေးပါလို့လည်း မေတ္တာရပ်ခံလိုပါတယ်။ ဒါကြောင့် အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့ ဧရာဝတီနှင့်ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းအား နိုင်ငံတော်မှ စီမံချက်ချမှတ်လုပ်ဆောင်ပေးပါရန်ဆိုတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးသိန်းဆွေတင်သွင်းသွားတဲ့ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက်ချမှတ်လုပ်ဆောင်ပေးရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု ကြောင့်လည်းကောင်း၊ မြစ်တွေရဲ့ သဘာဝကြောင့်လည်းကောင်း၊ လူ့ပယောဂဖြစ်တဲ့ ရွှေ့ပြောင်းတောင်ယာစနစ်တွေ၊ ရွှေစတဲ့ သတ္တုတူးဖော်မှုကြောင့်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့် နုန်းများ၊ သဲများအနည်

ပို့ချပြီးတော့ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ကြီးများဟာ မိုးရာသီမှာ ရေကြီးရေလျှံမှုတွေ၊ ကမ်းပါးပြိုမှုတွေ၊ နွေရာသီမှာ ရေနည်းလို့ရေခမ်းလို့ လှေသင်္ဘောများ သွားလာမှုအခက်အခဲတွေ တွေ့နေကြရတာဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ မြေလတ်ပိုင်းမှာရှိနေတဲ့ ကျွန်တော်တို့ ပြည်မြို့နယ်ဟာ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာတည်ရှိတဲ့ မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်မြို့အပါအဝင် မြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ ဖိုးခေါင်ရွာ၊ လက်ခုပ်ပင်ရွာ၊ မြရွာစတဲ့ရွာတွေဟာ ယခင်ဆယ်စုနှစ်များက နွေရာသီကိုရောက်လို့ ဧရာဝတီမြစ်ရေကျပြီဆိုရင် ရွာနဲ့တစ်ဆက်တည်း ကျွန်းကြီးများပေါ်လာကာ ၎င်းကျွန်းပေါ်မှာ ဖရဲ၊ ခရမ်းချဥ်စတဲ့ သီးနှံများစိုက်ပျိုးလုပ်ကိုင်ဝင်ငွေတိုးခဲ့ကြရပါတယ်။ ဒါပေမယ့် အခုလေးငါးဆယ်နှစ်လောက်ကစပြီးတော့ ရေလမ်းကြောင်းများပြောင်းသွားတဲ့အတွက် ကျွန်းကြီးများရေတိုက်စား၍ ပျောက်ကွယ်သွားသည့်အပြင် ရွာတွေရဲ့အတွင်းထိ ကမ်းပါးများပြိုကျပြီး အချို့အိမ်များပြောင်းရွှေ့နေရတာကို တွေ့ရှိနေရပါတယ်။ ကျွန်တော်တို့ ပြည်မြို့ရဲ့ မြစ်အနောက်ဘက်ကမ်း ဖိုးဦးတောင်တန်းဘက်မှာလည်း သဲသောင်ခုံများပေါ်ထွန်းနေတာကို တွေ့ရတဲ့အတွက် တစ်ဘက်မှာကမ်းပြိုတော့ တစ်ဖက်မှာသောင်ထွန်းဆိုတဲ့ စကားပုံလိုဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်မြို့နယ်အတွင်းမှာရှိနေတဲ့ ဧရာဝတီမြစ်ကြောင်းကိုလည်း ထိန်းသိမ်းပေးနိုင်ရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြောင်းထိန်းသိမ်းရေးကိစ္စနဲ့ ဆက်စပ်နေတဲ့ မေခ၊ မေလိခမြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းအကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံး သိတဲ့အတိုင်း နိုင်ငံတော်က အဆိုပါ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကြီးကိုလုပ်ဆောင်ရာမှာ နိုင်ငံတော်အဆင့်တာဝန်ရှိတဲ့ လူကြီးများအနေနဲ့လည်း စူးစမ်းလေ့လာတိုင်းထွာမှုတွေ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေစတာတွေကို အဖက်ဖက်ကချင့်ချိန်တွက်ဆပြီး နိုင်ငံတကာကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ပူးပေါင်းကာဆောင်ရွက်နေကြတာဖြစ်ပါတယ်။ နိုင်ငံတော်ဘက်က ပေးဆပ်မှုအနည်းဆုံးနဲ့ အကျိုးအမြတ်အများဆုံးရအောင် စီမံကိန်းချလုပ်ဆောင်နေကြတာပဲဖြစ်ပါတယ်။ စီမံကိန်းကို FDI ခေါ် Foreign Direct Investment အဖြစ်တရုတ်နိုင်ငံမှ တာဝန်ယူတည်ဆောက်နေတယ်လို့လည်းသိရပါတယ်။ ရမယ့်အကျိုးတွေကတော့ နှစ်စဥ်ထုတ်လုပ်နိုင်တဲ့ ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၂၉၄၀၀ ထုတ်လုပ်နိုင်မှာဖြစ်ပြီး ထွက်ရှိလာတဲ့ Energy တွေပေါ်မှာ ထိုက်သင့်တဲ့ရာခိုင်နှုန်းအကျိုးအမြတ်တွေကို နိုင်ငံတော်က ရရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ယခုလက်တလော အလုပ်အကိုင်၊ အခွင့်အလမ်း ၂၆၀၀ ကျော်ရရှိနေပြီး မြစ်ဆုံမှယီနန်အထိမိုင် ၂၆၁ မိုင်ခန့်ရှိလမ်းကြီး၊ မြစ်ဆုံမှလိုင်ဇာအထိမိုင် ၂၇၀ မိုင်ခန့်ရှိ လမ်းမကြီးတွေ၊ တံတားကြီးတွေပေါ်

လာမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစီမံကိန်းနဲ့ပတ်သက်ပြီးတော့ အစိုးရကိုအကောင်းမမြင်၊ အပြစ်တင်ရှုံ့ချဝေဖန်နေတဲ့ အခြားနိုင်ငံများကိုရောက်ရှိနေကြတဲ့ တစ်ဖက်အဖွဲ့အစည်းများကတော့ အင်တာနက်သတင်းဆောင်းပါးတွေက လူ့ပယောဂကြောင့် သေဆုံးခဲ့တဲ့မြစ်ဝါမြစ်ကြီးလိုမျိုး ဧရာဝတီမြစ်ကြီးဟာဒီမြစ်ဆုံစီမံကိန်းကြောင့် တိမ်ကောသေဆုံးတော့မယောင်ယောင် ရေးသားပြောဆိုနေကြပါတယ်။ အမိနိုင်ငံကိုပစ် အခြားနိုင်ငံတွေမှာ၊ အနောက်နိုင်ငံတွေမှာနေထိုင်ပြီး ဧရာဝတီမြစ်ကိုချစ်လို့ပါဆိုတဲ့ ခေါင်းစဉ်ကိုတပ်ကာ အမနာပဝေဖန်ပြစ်တင်သူတွေထက်စာရင် ဧရာဝတီမြစ်ကမ်းဘေးမှာနေပြီး ဧရာဝတီရေကိုသောက်၊ ဧရာဝတီကျွေးတဲ့ထမင်းကို နေ့တိုင်းစားနေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေက ဧရာဝတီကိုအသက်နဲ့အသက်ထက်ဆုံး အဆရာထောင်မကပိုချစ်ကြပါတယ်။ ပိုမြတ်နိုးကြပါတယ်ဆိုတာ ဘယ်သူမှငြင်းလို့မရပါဘူး။ မေခ၊ မလိခမြစ်နှစ်သွယ်ကစပြီး ချင်းတွင်းမြစ်အပါအဝင်မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာပေါင်းဆုံစီးနေတဲ့ ကျွန်တော်တို့ချစ်တဲ့ မြစ်မင်းဧရာဝတီကြီးတိမ်ကောသေဆုံးသွားမှာကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးက လုံးဝလိုလားမှာမဟုတ်သလိုတိမ်းကောသေဆုံးသွားခြင်းမရှိအောင်လည်း သမိုင်းပေးတာဝန်အရသားစဉ်မြေးဆက်ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် ထိန်းသိမ်းလုပ်ဆောင်ပေးတာအားနည်းခဲ့လို့မျိုး ယခုအခြေအနေထက်ပိုဆိုးပြီး ဧရာဝတီဟာ အကယ်၍တိမ်ကောခဲ့ရင် တစ်ဖက်အဖွဲ့အစည်းများက စောင့်ကြည့်ဝေဖန်ပြစ်တင်နေတဲ့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့်ရယ်လို့အကြောင်းပြချက်ဖြစ်သွားမှာကို စိုးရိမ်မိကြောင်းရိုးသားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအရင်းအမြစ်နဲ့မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်းပညာရှင်များနှင့်အတူ မြစ်ကြောင်းတစ်လျှောက် သဲသောင်တွေတူးတာတွေ ဂါများရိုက်ပြီး ရေလမ်းကြောင်းပြောင်းစေတာတွေ အခြားနည်းလမ်းတွေစတဲ့ ထိန်းသိမ်းမှုတွေကိုရရှိတဲ့ ဘဏ္ဍာငွေပေါ်မူတည်ပြီး နှစ်စဉ်ထိန်းသိမ်းလုပ်ဆောင်နေကြသော်လည်း မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းဟာလုပ်ငန်းပမာဏကြီးမားခြင်း၊ ငွေကြေးအကုန်အကျများလွန်းခြင်းစတဲ့ အခက်အခဲများကြောင့်ထိန်းသိမ်းလုပ်ဆောင်မှုများ အားနည်းနေတာကိုတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာတည်သရွေ့၊ မြန်မာနိုင်ငံတည်သရွေ့ ဧရာဝတီမြစ်ကြီးတည်ရှိနေရမှာက တိုင်းရင်းသားပြည်သူအားလုံးရဲ့ သမိုင်းပေးတာဝန်ဖြစ်တာနဲ့အညီ မည်မျှလုပ်ငန်းပမာဏကြီးပါစေ၊ မည်မျှပင်ငွေကုန်ကြေးကျများပါစေသားစဉ်မြေးဆက် လုပ်ကိုင်စောင့်ထိန်းရမယ့်လုပ်ငန်းကြီးဖြစ်တာကြောင့် ပြည်ထောင်စုအဆင့်ကစီမံဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေတင်သွင်းသွားတဲ့ ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက်ချမှတ်

လုပ်ဆောင်ပေးပါရန် အဆိုကိုထောက်ခံပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဝင်း(ကန်ကြီးထောင့်မဲဆန္ဒနယ်)။** ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ထိန်းသိမ်းရေးလုပ်ငန်းအားစီမံ ချက်ချမှတ်လုပ်ဆောင်ပေးရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်၏ ထောက်ခံ ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ (၁)ပြည်သူ့အသံလွှတ်တော်အသံ ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန် အစည်းအဝေးမကျင်းပမီအချိန်၊ ကျင်းပနေဆဲအချိန်တွေမှာ လွှတ်တော်ပြင်ပနိုင်ငံရေးတွင် ဧရာဝတီ မြစ်ကြီးကိုချစ်ကြောင်း၊ချင်းတွင်းမြစ်ကြီးကိုချစ်ကြောင်း၊ထိန်းသိမ်းသင့်ကြောင်း၊တာဝန်ရှိကြောင်းတို့ကို ပြောဆိုနေကြပါတယ်။ စာပေသမားတွေကလည်း သတင်းဂျာနယ်တွေမှာ ကဗျာ၊ဆောင်းပါးစာအုပ်များ ထုတ်ဝေကြပါတယ်။သုတရသစုံလင်စွာလှုံ့ဆော်ရေးသားကြပါတယ်။လက်ဘက်ရည်ဆိုင်၊ ရေနွေးကြမ်း ဝိုင်းများမှာလည်း ဒီအကြောင်းပဲပြောဆိုနေကြပါတယ်။ ဇာတိစိတ်အခြေခံတဲ့ ပြည်သူ့အသံများ ဖြစ်ကြ ပါတယ်။ ဂုဏ်ယူဝမ်းမြောက်ပါတယ်လို့ လက်ခံယုံကြည်မိပါတယ်။ ကျွန်တော်တို့ကလည်း လွှတ်တော် အတွင်းကပြည်သူ့ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ အခြေခံစိတ်ချင်းလည်းတူညီတယ်။ ဒါကြောင့် ပြည်သူ့အသံမှသည်လွှတ်တော်အသံဖြစ်ပြီး ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ အဆိုကိုလေးစားစွာ ထောက်ခံအပ်ပါတယ်။ (၂)ဒို့ဘိုးဘွားအမွေစစ်။ အဆိုရှင်ကသဘာဝမိခင်ကပေးတယ်ဆိုတဲ့ ဝေါဟာရ ကိုသုံးထားပါတယ်။ ဟုတ်ပါတယ် မြန်မာနိုင်ငံသည်ကမ္ဘာပေါ်မှာ အလှဆုံးတိုင်းပြည်တစ်ခုပါ။ ဘယ်နေရာကိုမှ ဖဲ့ပစ်လို့၊ ဖယ်ပစ်လို့မရပါဘူး။ ဒီအတိုင်းပဲကောင်းပါတယ်။ ဧရာ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးလေးသွယ် မြောက်မှတောင်သို့စီးဆင်းနေပါတယ်။ ဧရာဝတီမြစ်ကို ဟိန္ဒူ စကားဖြင့် ဣရဝတီလို့ခေါ်ခဲ့ကြပါတယ်။ အဓိပ္ပါယ်ကဆင်မြစ်ကြီးဖြစ်တယ်။ တနည်းအားဖြင့် အားသစ်ပြည်သူ့အဓိပ္ပါယ်ရတယ်။ ပရမဏီ(ဧရာဝတီ)လို့လည်း မှတ်တမ်းများတွေ့ရပါတယ်။ ဧရာဝတီမြစ်ဟာ မြန်မာပြည်တွင်းမှာမြစ်ဖျားခံပြီး မြန်မာပြည်တွင်းကိုသာ ဖြတ်သန်းစီးဆင်းပြီး မြန်မာ့ပင်လယ်ကမ်းခြေမှ ပင်လယ်တွင်းသို့စီးဝင်တဲ့ မြန်မာမြစ်စစ်စစ်ဖြစ်ပါတယ်။ မိုင်ပေါင်း ၁၃၅၀

ရှည်လျားပါတယ်။ ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်နှင့်သီးခြားစီးဆင်းလာပြီး ပခုက္ကူမြို့အနီးတွင် ပေါင်းဆုံကာ ပင်လယ်တွင်းသို့ အတူတကွစီးဆင်းသွားပါတယ်။ မိုင်ပေါင်း ၅၉၄ မိုင်ရှည်လျားပါတယ်။ ဧရာဝတီမြစ်က လွန်ခဲ့သောနှစ်ပေါင်း ၄၅ သန်းကစတင်ခဲ့တယ်လို့ဆိုပါတယ်။ ချင်းတွင်းမြစ်က လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်သိန်းခွဲကျော်ခန့်က စတင်ခဲ့တယ်လို့ဆိုပါတယ်။ ပုပ္ပါးမီးတောင် ပေါက်ကွဲပြီးနောက် မြေမျက်နှာပြင်ပြောင်းလဲကာ ဧရာဝတီရဲ့ မြစ်လက်တက်ဖြစ်သွားပါတယ်။ ဒါတွေက သဘာဝမိခင်ကပေးတဲ့ တို့ဘိုးဘွားအမွေစစ်ဖြစ်တာမို့ ဒီအဆိုအား မြတ်နိုးတန်ဘိုးထားကာထောက်ခံအပ်ပါတယ်။ (၃)ကောင်းခြင်းကိုးဖြာမြစ်ဧရာ။ အဆိုရှင်က ကုန်စည်ပို့ဆောင်မှုစရိတ်သက်သာ၍၊ ရေနက်၍ ဝန်ပိုမိုတင်နိုင်စက်သုံးဆီသက်သာစသည်ဖြင့် ဖော်ပြထားပါတယ်။ဧရာဝတီမြစ်ဟာ-

၁။ မြန်မာမြစ်စစ်စစ်ဖြစ်ခြင်း၊

၂။ မုတ်သုံရာသီဥတုလွှမ်းမိုးသည့်မြစ်ဖြစ်ခြင်း၊

၃။ မြန်မာပြည်အလယ်တည့်တည့်မှ ဖြတ်သန်းစီးဆင်းပြီး ပို့ဆောင်ရေးလမ်းမကြီးသဖွယ် သုံးခွင့်ရတဲ့မြစ်လည်း ဖြစ်ပါတယ်၊

၄။ ဘူမိထိန်းချုပ်မှုအရမြစ်ကြောင်းပြောင်းလဲမှုမသိမသာရှိခြင်း၊

၅။ ယဥ်ကျေးမှုသိမ်မွေ့သောမြစ်ဖြစ်ခြင်း ၊

၆။ ကောင်းကျိုးဆိုးကျိုး ယှဥ်ပါကကောင်းကျိုးကပိုများခြင်း၊

၇။ ယဥ်ကျေးမှုအမွေအနှစ်များကို ဖန်တီးပေးရာမြစ်ကြီးလည်း ဖြစ်ပါတယ်၊

၈။ သောက်သုံးရေသားငါးမြေဆီသြဇာတွင်းထွက်သယံဇာတနှင့် ပို့ဆောင်ရေးကဏ္ဍကိုပါ ဖြည့်ဆီးပေးတဲ့အသက်သွေးကြောမြစ်ကြီးဖြစ်ပါတယ်၊

၉။ ကမ္ဘာ့မြစ်ကြီးစာရင်းတွင်ပါဝင်ပြီးကမ္ဘာသိတဲ့မြစ်ကြီးတစ်စင်းလည်းဖြစ်ပါတယ်။

ဒါ့အပြင် ဧရာဝတီလင်းပိုင်၊ ချင်းတွင်းလင်းပိုင်စတဲ့ ရေချိုလင်းပိုင်များမှတ်တမ်းတင်ထားသည့် ကမ္ဘာသိထူးခြားတဲ့ဝိသေသများဖြစ်ပါတယ်။ မြန်မာမင်းများ၏ မြို့တော်ဟောင်းများဖြစ်တဲ့ တကောင်း၊ ပုဂံ၊ အင်းဝ၊ သရေခေတ္တရာ၊ စစ်ကိုင်း၊ အမရပူရ၊ မန္တလေးမြို့တို့သည် ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိခဲ့ကြပါသည်။ မြန်မာ့သမိုင်းအစယနေ့ထက် တိုင်အောင်ပင်အသုံးဝင် အကျိုးပြုနေကြပါသည်။ ဒါကြောင့် ဧရာဝတီသည် ရာဇဝင်များ၏သတို့သမီးလို့တင်စားခေါ်ဆိုနေကြပါတယ်။ တစ်မျိုးသားလုံး ထိန်းသိမ်းထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်လို့ ဦးသိန်းဆွေ အမ်းမဲဆန္ဒနယ်၏ အဆိုအားလေးစားစွာ ထောက်ခံအပ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲလာသည့် ဧရာဝတီ၊ နှစ်ပရိစ္ဆေဒများစွာ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ကြီးဧရာဝတီ၊ ချင်းတွင်းမြစ်တို့သည်

ယခုအခါ သဘာဝတရားနှင့် အခြေခံအကြောင်းအမျိုးမျိုးတို့ကြောင့် အချို့သောနေရာများတွင် မသိသာသော်လည်း အချို့နေရာများမှာ သိသိသာသာပြောင်းလဲကာ တစ်ဖြည်းဖြည်းအစပြုလာပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ရာသီဥတုပြောင်းလဲမှုတို့အပြင် မဆင်မချင်ဆောင်ရွက်ကြသူတို့ကြောင့် ရေကြောင်းများပြောင်းလဲကာ နုန်းတင်မြစ်ကြောင်းများတိမ်ကောလာပြီး ရေသတ္တဝါများ၊ ရေပျော်ပင်ပျက် များအန္တရာယ်များပြားလာပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့က ထိန်းသိမ်းစောင့်ရှောက်ပေမဲ့ မဆင်မခြင်ဆောင်ရွက်သူတို့ကြောင့် သစ်တောများဆုံးရှုံးခြင်း တဖက်မှ လည်းတောင်ယာစနစ်ကြောင့် သဘာဝဂေဟစနစ်များပျက်ယွင်းလာပြီးတော့ ရေကြီးခြင်း၊ ရေခမ်း ခြောက်ခြင်း၊ ကမ်းပြိုခြင်း၊ သောင်ထွန်းခြင်း၊ ရေစီးရေလာမမှန်ကန်ခြင်းတို့ ဖြစ်လာပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့လည်း ပညာပေးဥပဒေနဲ့ အရေးယူခြင်းတို့ပြုလုပ်သည့်ကြားက ငါးဖမ်း ပိုက်တွေစည်းကမ်းမဲ့သုံး၊ ယမ်းဗုံးခွဲပြီးငါးဖမ်းတယ်။ လျှပ်စစ်ရှော့တိုက်ပြီး ငါးဖမ်းတယ်။ ငါးမျိုးတုံး စေတဲ့အန္တရာယ်များလည်းကြုံလာရပါတယ်။ မြစ်ကမ်းပါးစက်ရုံအလုပ်ရုံတွေက စွန့်ပစ်အညစ်အကြေး တွေကြောင့် ရေသတ္တဝါများအန္တရာယ်များလာရပါတယ်။ မြစ်ကြောင်းကြီးများနှင့် မြစ်ငယ်၊ ချောင်းငယ် တို့ဟာတဆက်တစပ်တည်းဖြစ်နေတာကြောင့် မြစ်ငယ်၊ ချောင်းငယ်များကိုလည်း ထိန်းသိမ်းရန် လိုအပ်ပါတယ်။ ငါးများကျားပိုက်များထောင်ထားခြင်း၊ ငါးဖမ်းဘဝင်းခြံများပြုလုပ်ထားခြင်း သစ်ကိုင်း ဗေဒါများထည့်သွင်းထားခြင်းတို့ကြောင့် ရေစီးရေလာနှေးကွေးလာကာသောင်ထွန်းပြီး မြစ်ကြောင်း များပြောင်းလဲလာတယ်။ တိမ်ကောလာရပါတယ်။ ဒါကြောင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့ ကြာရှည် စွာတည်တံ့ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်းရန် အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေတင်သွင်းသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ် ထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက်ချ လုပ်ဆောင်ပေးရန်အဆိုကိုလေးနက်စွာ လေးလေးစားစားထောက်ခံဆွေးနွေး အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ဖြစ်ပါတယ်။ ၁၂-၉-၂၀၁၁ရက်နေ့က အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ တင်သွင်းသော ဧရာဝတီနှင့် ချင်းတွင်း မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းအားစီမံချက်ချမှတ်လုပ်ဆောင်ပေးပါရန် အဆိုကို ဆွေးနွေးပါမည်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောသစ်ပင်များခုတ်လှဲပြီး ရွှေ့ပြောင်းတောင်ယာများပြုလုပ်သဖြင့်သစ်ပင်မရှိ၍ သစ်မြစ်များအပေါ်ယံမြေလွှာကို ကုတ်ဆွဲထိန်းထားမှု မရှိတော့ခြင်း၊ သစ်ပင်မရှိတော့၍ အကာအကွယ်မဲ့တဲ့တောင်ကုန်းတောင်စောင်းများကို မိုးရေတိုက်ရိုက်ကျရောက်တိုက်စားကာမိုးရေစီးနှင့်အတူ မြစ်ချောင်းသို့ ကျောက်မှုန့်၊ သဲမှုန့်၊ နုန်းမြေများ စီးဝင်ပို့ချခြင်း၊ မြစ်ကမ်းနဘေးတစ်ဖက်တစ်ချက်တို့၌ ရွှေမှော်တိုက်ခြင်းကြောင့် သဲမြေစာများအလုံးအရင်းနဲ့မြစ်ထဲသို့ စီးဝင်ပို့ချခြင်းတို့ကြောင့် ရေများတိမ်ကော၍ ရေကြောင်းသွားလာသယ်ယူပို့ဆောင်ရေး အခက်အခဲများတွေ့ကြုံနေရပါသည်။ နုန်းမြေပို့ချသဖြင့်လည်း မိုးရာသီမိုးရေကြီးသည့်အချိန်တွင် မြစ်ကြောင်းတလျှောက်မြစ်ရေများ စိုးရိမ်ရေအမှတ်ထက်ရောက်ရှိနေမှု အချိန်ကြာမြင့်သဖြင့်ရေကာတာပေါင်များလုံခြုံရေးအတွက်စိုးရိမ်ရပါသည်။သို့ဖြစ်ပါ၍ မြစ်ကြောင်းရေစီးဆင်းမှု (Current of Flow Water)မှန်ကန်ရေး၊ မြစ်ကြောင်း ရေတိမ်ကောလာခြင်း (SiltDeposit)မဖြစ်စေရန်၊ ရေဝေရေလဲ (CatchmentArea) ထိန်းသိမ်းကာကွယ်ခြင်းနှင့် မြစ်ကမ်းဘေးတစ်ဖက်တစ်ချက်တို့၌ ရွှေမှော်တိုက်ခြင်းကို ဟန့်တားရန် အဓိကအရေးကြီးပါသည်။ နွေရာသီရေလိုအပ်သော အချိန်၌မြစ်ရေတင်၍ စိုက်ပျိုးခြင်းများ ရေပေးစိုက်ပျိုးခြင်း(Pumpirri gation)သည် တောင်သူလယ်သမားအကျိုးဖြစ်ထွန်းစေပါသည်။ မြစ်အတွင်း၌ရေနေဇရိယာများခြင်း၊ ရေနက်ပိုင်းများရှိသဖြင့်လည်း ရေနေသတ္တဝါငါးများပေါက်ဖွား တိုးပွားလာသဖြင့် စားနပ်ရိက္ခာရရှိစေမှာဖြစ်သလို ဧရာဝတီလင်းပိုင်များကိုလည်း ထိန်းသိမ်းရာရောက်ပါတယ်။ ရေကြောင်းနက်ပြီး သွားလာမှုမြန်ဆန်သဖြင့် ခရီးသွားပြည်သူများ ရေလမ်းခရီးလွယ်ကူချောမွေ့စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သဘာဝအရင်းအမြစ်မြစ်ချောင်းများပုံမှန်ဖြစ်ရေးနှင့် ရေရှည်တည်တံ့ရှိရေးအတွက် နှစ်အလိုက်၊ အပိုင်းလိုက် အချိန်မီပြုပြင်ထိန်းသိမ်းသွားရန် အထူးလိုအပ်လျက်ရှိရာ အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းဆွေရဲ့ ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်း စီမံချက်ချမှတ်လုပ်ဆောင်ပေးပါရန်အဆိုကို အလေးအနက်ထား၍ ထောက်ခံဆွေးနွေးအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါသည်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ စိတ်၏စိတ်ချမ်းသာခြင်း ၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင်ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးသိန်းဆွေ အဆိုတင်သွင်းသွားသော ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအား နိုင်ငံတော်အစိုးရက စီမံချက်ချလုပ်ဆောင်ပေးပါရန် အဆိုပြုတင်ပြခြင်းအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝတရားက ဖန်တီးပေးထားတဲ့ တန်ဖိုးမဖြတ်နိုင်သောအခြေခံကောင်း သဘာဝအရင်းအမြစ်များရှိပါတယ်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစတဲ့မြစ်ကြီးများဟာ သဘာတရားကပေးထားတဲ့ ဒေသတွင်း ခရီးသွာလာရေး၊ ဒေသတစ်ခုမှအခြားဒေသ တစ်ခုသို့သွားလာနိုင်ရေး၊ ကုန်စည်ကူးသန်းသွားလာမှု လွယ်ကူစေသော ရေလမ်းကြောင်းကြီးများဖြစ်ကြပါတယ်။ ကချင်ပြည်နယ်မြောက်ဖျားက စတင်လာတဲ့ ဧရာဝတီမြစ်နဲ့ စစ်ကိုင်းတိုင်း၊ ခန္တီးဒေသကစီးဆင်းလာတဲ့ ချင်းတွင်းမြစ်များဟာ ပခုက္ကူမြို့ အထက် တွင်ပေါင်းစုံခဲ့ပြီး တိုင်းဒေသကြီးများဖြစ်သော စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်ဒေသကြီးများ ကိုဖြတ်သန်းပြီး ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ထဲသို့စီးဝင်ရောက် သွားတာဖြစ်ပါတယ်။ မြစ်၄မ်းတလျှောက် မြေဆီ၊ ဩဇာများကောင်းမွန်မှု၊ ရေကြောင်းခရီးသွားလာရေး အဆင်ပြေလွယ်ကူမှုများကြောင့် မြို့ပြအိမ်ယာများတည်ဆောက်ပြီး အခြေချနေထိုင်လာကြတာ နှစ်ပရိစ္ဆေရကြာမြင့်နေပြီဖြစ်ပါတယ်။ မီးရထား၊ မော်တော်ကားမပေါ်မီ ခေတ်ကာလကတည်းက လှေ၊ သမ္ဗာန်များဖြင့်ရေကြောင်းလမ်းကို အဓိကထားသွားလာခဲ့ရတာဖြစ်ပါတယ်။ အထက်အညာကုန်များ ကို အောက်ပြည်၊ အောက်ရွာသို့လည်းကောင်း၊ အောက်အရပ်ဒေသမှကုန်များကို အထက်အညာဒေသ သို့လည်းကောင်း ကုန်စည်ပို့ဆောင်ကူးသန်းသွားလာခဲ့ကြပါတယ်။ ခေတ်ကာလပြောင်းလဲလာတာနဲ့ အညီခေတ်မီ စက်လှေ၊ မော်တော်၊ သင်္ဘောကြီးများ စုန်ဆန်သွားလာ လျက်ရှိကြပါတယ်။ ခရီးသွား လာမှု၊ ကုန်စည်တင်ပို့မှု ကုန်ကျစရိတ်များမှာ မော်တော်ကား၊ မီးရထားစတဲ့ စရိတ်များထက်များစွာ သက်သာမှုရှိကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရေကြောင်းခရီးက ကုန်တန်ချိန်ပိုမိုတင်ဆောင် နိုင်ကြောင်းတွေ့ရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့်ဧရာဝတီနဲ့ ချင်းတွင်းမြစ်များဟာ နိုင်ငံရဲ့အဓိက အားထား ရာရေကြောင်းလမ်းကြောင်းများအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ လူတို့ပယောဂကြောင့် သစ်တောများပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းများကြောင့် ရေဝေရေလဲဒေသများ ရေအားဆုတ်ယုတ်မှုရှိလာခြင်း၊ မိုးတွင်းကာလတောင်ပြိုခြင်း၊ မြေပြိုခြင်း၊ မြစ်ကမ်းပါးပြိုခြင်းများကြောင့် ဧရာဝတီနှင့် ချင်းတွင်းမြစ် တလျှောက် သဲသောင်များပေါ်ထွန်းလာခြင်း၊ ရေတိမ်၍ရေကြောင်းလမ်းကြပ်ခြင်း၊ မြစ်ကြောင်း ပြောင်းလဲခြင်းစသည်ဖြင့် အထွေထွေယိုယွင်းပျက်စီးမှုများရှိလာတာ နှစ်ကာလကြာမြင့်လာပြီဖြစ်ပါ တယ်။ ရေလမ်းကြောင်းတည်ငြိမ်မှုမရှိသဖြင့် စိုက်ပျိုးမြေများ၊ ရှေးဟောင်းအမွေအနှစ်များ ရေတိုက်

စားခံရသဖြင့် ဆုံးရှုံးမှုများဖြစ်ပေါ်နေတာကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ သာဓကအားဖြင့် မြန်မာစစ်သမိုင်းမှာထင်ရှားခဲ့တဲ့တရုတ်-မြန်မာစစ်ပွဲအကြောင်းပြောရရင် မြန်မာစစ်ခေါင်းဆောင်ကြီးဗလမင်းထင်ကိုသတိရကြမှာဖြစ်သလို ကောင်းတုံခံတပ်ကိုလည်း သတိရကြမှာဖြစ်ပါတယ်။ ယခုအခါမှာ မြစ်ရေတိုက်စားမှုဒဏ်ကြောင့် ခံတပ်အစိတ်အပိုင်းအချို့မျှသာ ကျန်ရှိတော့ကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်ရေကြောင်း ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ကချင်ပြည်နယ်၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း တိုင်းတာတွေ့ရှိချက်များအရ ဆည်တမံတည်ဆောက်ပြီးပါက ခြောက်သွေ့ရာသီမှာ ရေကြောင်းဟာ ၁.၅ ပေပိုမြင့်လာမှာဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသပင်လယ်ရေငံဝင်ရောက်မှုကိုလည်း ထိန်းနိုင်မှာဖြစ်ကြောင်းသိရပါတယ်။ ဒါ့အပြင်မိုးရာသီ ပုံမှန်ရေစီးနှုန်းထက် ၃.၅ ရာခိုင်နှုန်းလျော့မှာဖြစ်ပြီး နိုဝင်ဘာလနှင့်ဧပြီလအကြားတွင် ပုံမှန်ထက် ၁၆ ရာခိုင်နှုန်း ပိုမိုစီးဆင်းလာမှာဖြစ်ကြောင်းသိရှိရပါတယ်။ ဧရာဝတီမြစ်ထဲသို့ မေခ၊ မေလိခမြစ်များသာမက တာပိန်၊ ရွှေလီ၊ ဇော်ဂျီ၊ ပန်းလောင်၊ မြစ်ငယ်၊ ချင်းတွင်း၊ ဒုဋ္ဌဝတီမြစ် စတဲ့မြစ်လက်တက်များဟာလည်း ပုံမှန်စီးဆင်းနေမှာဖြစ်ကြောင်းသိရှိရပါတယ်။ ဒါ့ကြောင့် ရေကြောင်း သွားလာမှုများအဆင်ပြေချောမွေ့လာမှာဖြစ်သလို ကုန်စည်ပို့ဆောင်ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်းများသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပွင့်လန်းစေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ရိုးတလျှောက်မှာရှိတဲ့မြို့၊ ရွာအချို့ဟာ ရေကြောင်းခရီးလမ်းကိုသာ အားကိုးနေရဆဲဖြစ်ပါတယ်။ ယခုအခါမှာ ရေကြောင်းကျပ်တည်းမှု၊ သဲသောင်များပေါ်ထွန်းမှု၊ ရေကြောင်းပြောင်းလဲမှုများကြောင့် မော်တော်၊ သင်္ဘောများခက်ခဲစွာသွားလာနေရခြင်း၊ အချိန်ကြန့်ကြာခြင်းများရှိနေပါတယ်။ ခေတ်အဆက်ဆက်က ဧရာဝတီမြစ်ကြီးကို မြန်မာနိုင်ငံရဲ့ ပင်မအသက်သွေးကြောကြီးဟုတင်စား ခေါ်ဝေါ်ခဲ့ကြပါသည်။ ယခုအခါမှာတော့ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသင့်ပြီဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံတော်အစိုးရက စီမံချက်ချမှတ်လုပ်ဆောင်ပေးပါရန်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးများကလည်း ပါဝင်ကူညီဆောင်ရွက်ပေးကြပါလို့တင်ပြရင်း အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ၏ အဆိုကိုထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးညာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့ အဆိုပြုချက်ကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံးကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားလေးကို အကျဉ်းချုပ်တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့မြန်မာနိုင်ငံတော်ဟာ တောင်မြောက်အလျား ၁၂၇၅ မိုင်၊ အရှေ့အနောက် ၅၈၂ မိုင်၊ စုစုပေါင်းဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ စတုရန်းမိုင် ရှိပါတယ်။ အဲဒီမှာရှိတဲ့ မြစ်ကြီး များအနေနဲ့ ဧရာဝတီမြစ်ဟာ မေခ၊မလိခမှ ရန်ကုန်အထိ မိုင်ပေါင်း ၁၃၄၈ မိုင်၊ သံလွင်ဟာလောက်ကိုင်ကနေပြီးတော့ မုတ္တမအဝအထိ မိုင်ပေါင်း ၇၅၀၊ ချင်းတွင်းမြစ်အနေနဲ့ ခန္တီးက နေပြီးတော့ ဧရာဝတီမြစ်ဆုံတဲ့အထိ မိုင်ပေါင်း ၇၅၀ ၊ စစ်တောင်းမြစ်ကတော့ တောင်ငူမှ မုပ္ပလင်အထိ မိုင်ပေါင်း ၁၈၀ ၊ ငဝန်မြစ်ကတော့ ညောင်ကျိုးကနေ ဟိုင်းကြီးအထိ မိုင်ပေါင်း ၂၁၂ မိုင် ရှည်လျားပါ တယ်။ ဒီမြစ်အားလုံးရဲ့အလျားကို တွက်ကြည့်မယ်ဆိုလို့ရှိရင် မိုင်ပေါင်း ၃၂၄၀ မိုင် လောက်ရှည်လျား ပါတယ်။ ဒီမြစ်တွေကနေပြီးတော့ နွေ၊ မိုး၊ ဆောင်း ရာသီဥတုပြောင်းလဲမှု ဖြစ်စဥ်ကြောင့်လည်းကောင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဥ်များကြောင့်လည်းကောင်း၊ မြစ်ကမ်းပါးများရေတိုက်စား ကမ်းပြို မှုများအများအပြား နှစ်စဉ်ပေါ်ပေါက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ တစ်နှစ် ပတ်လုံး မိုးရွာသွန်းမှုအခြေအနေကို ကျွန်တော်တို့ ဝန်ကြီးဌာနအောက်မှာရှိတဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မှတ်တမ်းများအရ ကျွန်တော်အနည်းငယ်တင်ပြပါရစေ။ ၁၉၆၁ ခုမှ ၁၉၉၉ အထိ နှစ်ပေါင်း ၃၀ မှတ်တမ်းများအရ တစ်နှစ်ကို ပျမ်းမျှမိုးရေချိန်လက်မ တစ်ပြည်လုံးမှာ ၈၉ လက်မရွာခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်ကမှ ၂၀၁၀ ခုနှစ်အထိ နောက်ဆုံး ၁၀ နှစ် Last back dat ကတော့ ပျမ်းမျှမိုးရေချိန် လက်မ ၉၆ လက်မရွာခဲ့ပါတယ်။ ဒီဟာက ဘာကိုညွှန်ပြသလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ မိုးရွာသွန်းမှုဟာမလျော့သွားဘူး။ တိုးလာတယ်ဆိုတာတင်ပြရခြင်းဖြစ်ပါ တယ်။ အဲဒီရွာတဲ့ရေတွေကနေပြီးတော့ ၁၉၇၁ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ ၁၀ နှစ်အတွင်းမှာ တစ်နှစ် လျှင်ပျမ်းမျှကုဗပေသန်းပေါင်း ၁၈.၈ သန်း ပင်လယ်ထဲကိုစီးဝင်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ် အထိ နောက်ဆုံး ၁၀ နှစ်ရဲ့ တစ်နှစ်ပျမ်းမျှကုဗပေသန်းပေါင်း ၂၁.၇ သန်းသာ ပင်လယ်ထဲကို စီးဆင်း ခဲ့ပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့မိုးရေချိန်လက်မများတာနဲ့အမျှ ပင်လယ်ထဲကို စီးဆင်းတဲ့ ရေလည်း ရေထုများပြားကြောင်းကိုပြပါတယ်။ လွန်ခဲ့သည့် ၁၀ နှစ်အတွင်းမှာ တစ်နှစ်အတွင်း

တစ်နိုင်ငံလုံးရခဲ့တဲ့ မိုးရေထုထည်ကုဗပေသန်းပေါင်း ၅၂ သန်းအနက် ၃၈ ရာခိုင်နှုန်းဟာ ပင်လယ်ထဲကိုစီးဆင်းပြီးတော့ ၆၂ ရာခိုင်နှုန်းကတော့ အငွေ့ပျံခြင်း၊ မြေကြီးထဲကို စီးဆင်းခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ တစ်နှစ်လုံးမှာ ရရှိခဲ့တဲ့ မိုးရေများကို စုဆောင်းလိုက်မယ်ဆိုလို့ရှိရင် နောက်ဆုံး ၁၀ နှစ်အတွင်းမှာ ရေထုထည်ဟာ ၈ ပေအမြင့်ရှိတဲ့ ရေထုကြီး တစ်နိုင်ငံလုံးရရှိမှာဖြစ်ပါတယ်။ အဲဒီ ၈ ပေရှိတဲ့အနက် ၅ ပေဟာဖြင့်ရင် မြစ်ကြီးထဲကို စိမ့်ဝင်ခြင်း၊ အငွေ့ပျံခြင်းများဖြစ်ပြီးတော့ ၃ ပေထုထည်ရှိတဲ့ရေဟာ ပင်လယ်ထဲကို စီးဆင်းတာဖြစ်ပါတယ်။ အဲဒီတော့ ခုနက ၃ ပေထုထည်ရှိတဲ့ ရေတွေကို ကျွန်တော်တို့က မြန်မာတစ်ပြည်လုံးက ရေတွေကိုစီးဆင်းတဲ့မြစ်ကြီး ၅ မြစ်နေရာမှာ စုပုံလိုက်မယ်ဆိုလို့ရှိရင် ဒီမြစ်ကြီး ၅ မြစ်တွေရဲ့အပေါ်မှာ ပေပေါင်း ၇၄၀ ပေရှိတဲ့ ရေထုကြီးရရှိမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် မြန်မာတစ်နိုင်ငံလုံးရဲ့ ကုန်းမြေဧရိယာနဲ့ မြစ်ချောင်းများရဲ့ ဧရိယာဟာဆိုလို့ရှိရင် ကုန်းမြေဧရိယာဟာ အဆပေါင်း ၂၅၀ ရှိပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်း နိုင်ငံများမှာဆိုလို့ရှိရင် အိမ်နီးချင်းနိုင်ငံအနေနဲ့ တစ်နှစ်လုံးမှာ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ တစ်နှစ်လုံးမိုးရွာသွန်းမှုအခြေအနေကို တင်ပြရမယ်ဆိုရင် ထိုင်းနိုင်ငံဟာ တစ်နှစ်လုံးမိုးရေချိန်ကို စုဆောင်းမယ်ဆိုရင် သူတို့မြေမှာ ၅ ပေခွဲလောက်ရပါတယ်။ ကျွန်တော်တို့က ၈ပေရပါတယ်။ အိန္ဒိယနိုင်ငံကတော့ ၃.၉ ပေ၊ ၄ ပေလောက်ရပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ရေထုဟာ ထိုင်းထက် ၂ ပေ မြင့်ပြီးတော့ အိန္ဒိယထက် ၂ ဆ ရေရတာဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးချင်းရရှိတဲ့ တစ်နေ့ရေဂါလံရရှိမှုဟာ အိန္ဒိယနိုင်ငံမှာ လူတစ်ဦးမှာဆိုရင် ၁၅၆ ကုဗပေရပါတယ်။ ထိုင်းနိုင်ငံက ၃၂၀ ပေရပြီးတော့ မြန်မာနိုင်ငံကတော့ တစ်နေ့ကို ကုဗပေ ၁၀၃၂ ပေရှိပါတယ်။ ဒါကို ကျွန်တော်တင်ပြတာ မြန်မာနိုင်ငံရဲ့ မိုးရွာသွန်းမှုအခြေအနေဟာ ကျွန်တော်တို့နိုင်ငံသားတွေနဲ့ယှဉ်မယ်ဆိုရင် အိန္ဒိယနိုင်ငံနဲ့ယှဉ်ရင် ကျွန်တော်တို့ အများကြီးကုသိုလ်ကံကောင်းတယ်ဆိုတာတင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယ ပို့ဆောင်ရေးဝန်ကြီးဌာန အနေနဲ့ မူလတာဝန်ဖြစ်တဲ့ ပြည်တွင်းပြည်ပလေကြောင်းလိုင်းနဲ့ ရေကြောင်းပို့ဆောင်ရေးကို အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ဖို့တာဝန်ရှိပါတယ်။ သို့သော်လည်းပဲ ရေကြောင်းပို့ဆောင်ရေးကဏ္ဍမှာ အရေးကြီးတဲ့မြစ်ကြောင်းများ ထိန်းသိမ်းရေးကိုဆောင်ရွက်ဖို့အတွက် ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ၄-၄-၁၉၉၄ ရက်နေ့မှာဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့အစည်းရဲ့ အဓိကတာဝန်ရှိတာကတော့ မြစ်များရေလမ်းကြောင်းကောင်းမွန်ပြီး မြို့ဆိပ်ကမ်းများမပြောင်းရွှေ့ရဘဲ ၁၂ ရာသီအသုံးပြုဖို့ မြို့ရွာများရေတိုက်စားကမ်းပြိုမှုမှကာကွယ်ဖို့ မြို့များအလိုက် စိုးရိမ်ရေမှတ်များရောက်လို့ရှိရင် သတိပေးထုတ်ပြန်ဖို့ မြစ်ရေများသောက်သုံးရေအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေ အဖြစ်လည်း

ကောင်း ၁၂ ရာသီပတ်လုံးအသုံးချနိုင်ဖို့ နယ်စပ်မြေများမှာ မိမိနိုင်ငံပိုင်မြေ မဆုံးရှုံးရေးအတွက် ကာကွယ်တားဆီးဖို့ စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲဖို့၊ ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် စည်းကမ်းသတ်မှတ်ထိန်းသိမ်းဖို့ မြစ်ကြောင်းများရေအနက် မြင့်မားလာစေရေးနဲ့ ရေယာဉ်များအလေးချိန်တိုးတက်အောင် ဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဧရာဝတီမြစ်ရဲ့ ဗန်းမော်မြို့မှ ရန်ကုန်မြို့ထိ စုစုပေါင်း ၁၃၃ဝ ကီလိုမီတာ ရှည်ပြီးတော့ ချင်းတွင်းမြစ်ကတော့ ခန္တီးမှ မြစ်ဆုံအထိ ၈၁၇ ကီလိုမီတာရှည်ပါတယ်။ ဒီမြစ်များ အပေါ်မှာ ရေများချိန်၊ ရေနည်းချိန် နှစ်ခုဖြစ်ပေါ်ပြီးတော့ ရေနည်းချိန်မှာကွာခြားမှုက အနည်းဆုံး ၁ဝ မီတာမှ ၁၃ မီတာကွာပါတယ်။ ပေ၃ဝ ကနေပြီးတော့ ပေ ၄ဝ လောက်ကွာပါတယ်။ သာမန်အား ဖြင့် နှစ်စဉ် နိုဝင်ဘာလ ၁၅ ရက်က မေလ ၁၅ ရက်အတွင်းမှာ ရေနည်းချိန်သတ်မှတ်ပြီးတော့ ကျန်တဲ့အချိန်များမှာရေများချိန် သတ်မှတ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြချင်တဲ့ အဓိကကတော့ ခုန ကိုယ်စားလှယ်တော်ကြီးနဲ့ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေရဲ့ တင်ပြချက်အတိုင်း ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ကြီးတွေကိုထိန်းသိမ်းဖို့ အဓိကကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ မူလတာဝန်ဖြစ်တဲ့မြစ်ကြောင်းများကို ထိန်းသိမ်းရေးအတွက် မြစ်များကိုလေ့လာတဲ့အခါမှာ စောစောပိုင်းက တင်ပြတဲ့အတိုင်းပဲ ဧရာဝတီမြစ်မှာ ၄၆ နေရာနဲ့ ချင်းတွင်းမှာ ၃၇ နေရာရှိပါတယ်။ အဲဒီနေရာတွေရဲ့ အသေးစိတ်ကိုတော့ မတင်ပြတော့ပါဘူး။ အဲဒီကိစ္စကိုလည်း ၁၉၈၆ ခုနှစ်မှာ UNDPနဲ့ World Bank က နယ်သာလန်နိုင်ငံ Royal Haskoning ကုမ္ပဏီကနေပြီးတော့ ထိန်းသိမ်းဖို့စီမံချက်ကိုရေးဆွဲပြီး ဖြစ်ပါတယ်။ အဲဒီစီမံချက်ကို ဒီနှစ်မှာ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂ဝ၀၁ ခုနှစ် ကနေပြီးတော့စတင်ပြီး ဒီရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ရေလမ်းကြောင်း လုပ်ငန်း ၈၆ ခု၊ ကာကွယ်ရေး လုပ်ငန်း ၂၁ ခု၊ စုစုပေါင်း ၁၀၄ ခု ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လွန်ခဲ့သည့် ၁ဝ နှစ်တာကာလအတွင်း စုစုပေါင်းသုံးစွဲခဲ့တဲ့ငွေပေါင်းကတော့ သန်းပေါင်း ၂၉၈၄ သန်း၊ ၃ ဘီလီယံလောက်သုံးစွဲခဲ့ပါတယ်။ လာမယ့်နှစ်မှာတော့ ရေလမ်းလုပ်ငန်းများအတွက် သန်းပေါင်း ၇၇၃ သန်း ဒီနေ့ဆောင်ရွက်ဖို့စီမံထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ တွက်ချက်မှုများအရ စောစောပိုင်းကတင်ပြခဲ့တဲ့ ဧရာဝတီမြစ်မှာရှိတဲ့ ၄၆ နေရာနဲ့ ချင်းတွင်းမှာရှိတဲ့ ၃၇ နေရာအတွက် စုစုပေါင်းတွက်ချက်မှုများအရ ၆၆ ဘီလီယံကုန်ကျမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကို ထိန်းမယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရေလမ်းကြောင်းကောင်းမွန်ရေး၊ ထိန်းသိမ်းရေး

အဓိကအားဖြင့် မြစ်ကမ်းပြိုမှုက ကာကွယ်ရေး၊ နွေရာသီမှာ သင်္ဘောများသွားလာနိုင်ရေးအတွက် အဓိကတာဝန်ထိန်းသိမ်းပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ လေ့လာမှုများအရ ဒီမြစ်ထဲကို စီးဆင်းတဲ့ရေဟာ၊ နွေရယ်၊ မိုးရယ်၊ ဆောင်းမှာ မိုးရာသီကျလို့ရှိရင် ရေဟာတစ်ခါတည်း ကိုယ်စားလှယ်တော်ကြီးများဆွေးနွေးသလိုပဲ တဟုန်ထိုးစီးဆင်းပြီးတော့ ရေဟာစီးသွားပါတယ်။ အဲဒီ အချိန်မှာ ကျွန်တော်တို့က မြစ်ရေလျှံမှုဖြစ်ပြီးတော့ ထိန်းသိမ်းရတာအင်မတန်ခက်ပါတယ်။ နွေရာသီ ကျလို့ရှိရင်လည်း သစ်တောရေဝေရေလဲဧရိယာက ရေထိန်းသိမ်းမှုအားနည်းပြီးတော့ ရေနည်းတာ ဖြစ်ပါတယ်။ သဘာဝကိုထိန်းသိမ်းဖို့ပဲရပါတယ်။ ဖန်တီးလို့မရနိုင်ပါဘူး။ အဲဒီတော့ သို့သော်လည်းပဲ မူလတာဝန်ဖြစ်တဲ့ မြစ်ကြောင်းများထိန်းသိမ်းရေးကိုတော့ ကျွန်တော်တို့ ခုနတင်ပြခဲ့တဲ့အတိုင်း ဝန်ကြီးဌာနအနေနဲ့ စီမံကိန်းချပြီးတော့ဆောင်ရွက်ဖို့ရှိပါတယ်။ အဲဒီတော့ ခုန ငွေကြေးပမာဏ အင်မတန်များပြားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီဟာကို နိုင်ငံခြားတိုင်းပြည်များက နေပြီး တော့ အကူအညီယူပြီးတော့အခြား ဒီ Aid ရဖို့ကိုဆွေးနွေးနေပါတယ်။ အဲဒီ Aid ရလို့ရှိရင် ကျွန်တော်တို့ အဲဒီရန်ပုံငွေနဲ့ လုပ်ငန်းဆောင်ရွက်ဖို့တော့ ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့စီစဥ်ထားတာရှိပါတယ်။ မည်သို့ပင်ဖြစ်စေ အဆိုရှင် ဦးသိန်းဆွေ တင်ပြတဲ့ ဒီ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ထိန်းသိမ်းရေးဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လုပ်ရမယ့်လုပ်ငန်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနကလည်း ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ယခုကဲ့သို့ ကိုယ်စားလှယ်တွေအားလုံးကနေပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ လေးလေးနက်နက် ဝိုင်းဝန်းဆွေးနွေး တဲ့အတွက်ကြောင့်မို့ ကျွန်တော့်အနေနဲ့ ကျေးဇူးများစွာတင်ရှိကြောင်းလည်း ပြောချင်ပါတယ်။ နောင်လည်း အကြံဉာဏ်ကောင်းများလည်း ပေးဖို့ဖိတ်ခေါ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဥက္ကဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ယခုကဲ့သို့ ကျွန်တော်တို့ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ ဧရာဝတီ၊ ချင်းတွင်းမြစ်ကြောင်းများထိန်းသိမ်း ရေးကို ကျယ်ကျယ်ပြန့်ပြန့် အဆိုတင်သွင်းပြီးတော့ ကျွန်တော်တို့ကို အကြံဉာဏ်ပေးတဲ့အတွက် ကျေးဇူးများစွာတင်ရှိပါကြောင်းနဲ့ နောင်လည်း ဒီလွှတ်တော်မှာရှိတဲ့ ကိုယ်စားလှယ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဌ**။ ။ အဆိုရှင်ကို ထပ်မံမေးမြန်းဆွေးနွေးခြင်းမပြုတော့ပါဘူး။ တင်ပြချက်တွေပေါ် မူတည်ပြီးတော့ မှတ်သားထားတာတွေကို ကျွန်တော်ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ အခု ကိုယ်စားလှယ် ၅ ဦးဆွေးနွေးသွားတဲ့နေရာမှာ မြစ်ကြောင်းထိန်းသိမ်းဖို့ဆိုလို့ရှိရင် အဓိကတာဝန်ရှိ

တာတော့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းဖွံ့ဖြိုးရေးဦးစီးဌာနက အဓိကတာဝန်ရှိတယ်ဆိုသော်လည်း ဒီမြစ်တွေမတိမ်ကောအောင်နဲ့ အခြားမလိုအပ်တဲ့ကိစ္စများမဖြစ်အောင် ဆောင်ရွက်ဖို့ဆိုရင် ကျွန်တော်မှတ်သားသလောက်က လယ်ယာနဲ့ဆည်မြောင်းဝန်ကြီးဌာနအပိုင်းကလည်း တာဝန်ယူလုပ်ဖို့လိုတာတွေတွေ့ရှိရပါတယ်။ ရွှေပြောင်းတောင်ယာများမလုပ်ဖို့ အဲဒီနည်းတူပဲ သစ်တောရေးရာဝန်ကြီးဌာန ဒီနေ့အခေါ်တော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာနလည်း သစ်များခုတ်ယူတဲ့နေရာမှာ စနစ်တကျခုတ်ယူဖို့ဆိုတဲ့ဟာပါပါတယ်။ အဲဒီအတိုင်းပဲ ရွှေနဲ့ ကျောက်စိမ်းများတူးဖော်ရေးကိစ္စကလည်း ဒီမြစ်ကြောင်းအတွက်လာရောက်ထိခိုက်နိုင်တဲ့အတွက် သတ္တုတွင်းဝန်ကြီးဌာနနဲ့လည်း သက်ဆိုင်တာတွေ့ရပါတယ်။ ဒါက ပြည်ထောင်စုဝန်ကြီးဌာနအပိုင်းက ပါဝင်ပတ်သက်နေတာပါ။ သို့ရာတွင် ခုန သက်ဆိုင်ရာဝန်ကြီးဌာန ဆွေးနွေးသွားတဲ့အပိုင်းမှာတော့ ဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ ရေကြောင်းဖွံ့ဖြိုးရေးအပိုင်းပဲဖြစ်ပါတယ်။ တစ်ခါ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ကော်မတီများနဲ့ သက်ဆိုင်တဲ့အပိုင်းကို ပြန်ပြီးတော့ကြည့်တဲ့အခါ ရေကြောင်းဖွံ့ဖြိုးရေးကော်မတီနဲ့လည်း ဒီလုပ်ငန်းတွေဟာ ဆက်စပ်နေတာတွေ့ရပါတယ်။ ရေကြောင်းဖွံ့ဖြိုးရေးကော်မတီအနေနဲ့ကျတော့တိုက်ရိုက် ရေလမ်းထိန်းသိမ်းရေးများနဲ့သက်ဆိုင်သလို နောက် သဘာဝသယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေနဲ့လည်း ဒီလုပ်ငန်းတွေဆက်စပ်ဆောင်ရွက်တဲ့နေရာမှာ များစွာပတ်သက်နေတဲ့အတွက် တဖက်က ပြည်ထောင်စုအစိုးရဘက်က သက်ဆိုင်ရာဝန်ကြီးဌာနများကအကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်သလို လွှတ်တော်ကော်မတီနှစ်ရပ်ဘက်ကလည်း လိုအပ်တဲ့ပူးပေါင်းဆောင်ရွက်မှုတွေ၊ အကြံပေးမှုတွေ၊ ညှိနှိုင်းမှုတွေများစွာ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်လို့တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းတင်ပြသွားတဲ့နေရာမှာ ဒီမြစ်ကြောင်းများဖွံ့ဖြိုးဖို့အတွက် ၂.၉ ဘီလီယံ၊ ၃ ဘီလီယံနီးပါး အကုန်အကျခံဆောင်ရွက်တယ်။ လုပ်ငန်းများဆောင်ရွက်မယ်ဆိုလို့ရှိရင်လည်း ၆၆ ဘီလီယံအထိလိုမယ်။ ဒီလိုလည်းကြားရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တာဝန်ရှိတဲ့ အချိန်တုန်းကသိရသလောက်က ဒီမြစ်ကြောင်းဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီးတော့ အရင်ရေတပ်မှာတာဝန်ထမ်းဆောင်သွားတဲ့ ယခုတော့ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ကလည်း ဒီ ရေကြောင်းဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီးတော့ အကြံပြုတင်ပြထားတဲ့စာတမ်းတစ်ခုလည်းရှိပါတယ်။ ဒီဟာလည်း လိုအပ်ချက်အရ မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်တယ်ဆိုတာလည်း ဖော်ပြထားတာဖြစ်တဲ့အတွက် ပြန်ချုပ်မယ်ဆိုလို့ရှိရင်တော့ အဆိုရှင် ဦးသိန်းဆွေတင်ပြတဲ့ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများအား စီမံချက်များချမှတ်လုပ်ဆောင်

ပေးမှုဖြစ်မယ့်ကိစ္စတစ်ခုဖြစ်တယ်ဆိုတာတွေ့ရပါတယ်။ ထိုနည်းတူစွာပဲ ကိုယ်စားလှယ်အသီးသီး ဆွေးနွေးသွားတဲ့နေရာမှာလည်း ဒီအဓိပ္ပါယ်သက်ရောက်ပါတယ်။ ဒီနေ့ထူးခြားတာကတော့ ဟုမ္မလင်း မဲဆန္ဒနယ်က ဦးအေးက ချင်းတွင်းမြစ်ဘေးမှာနေတယ်။ ချင်းတွင်းမြစ်ရဲ့အနေအထားတွေ ကောင်းစွာ သိပြီးတော့ ဒီရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကိုခံစားရတဲ့အတွက် သူ့အနေနဲ့မှတ်တမ်းတင်ထားရုံနဲ့ မဟုတ်ဘဲနဲ့ ဒီအဆိုကိုအတည်ပြုပေးဖို့ဆိုတဲ့ အခြေအနေမျိုးထိတင်ပြသွားတာရှိပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကော၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီးကပါ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ တကယ်ဆက်လက်ဆောင်ရွက်သွားတဲ့ အဆိုဖြစ်တယ်ဆိုတဲ့ သဘောသက်ရောက်တဲ့ ဆွေးနွေးချက်များဖြစ်တဲ့အတွက် အချိန်ကုန်မခံဘဲနဲ့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုတင်ပြအတည်ပြု ချက်ယူချင်တာကတော့ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေတင်သွင်းတဲ့ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ကြောင်းထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက်ချမှတ်လုပ်ဆောင်ပေးရန်အဆိုကို လွှတ်တော်က အတည် ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ တင်သွင်းတဲ့ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက်ချမှတ်လုပ်ဆောင်ပေးရန် အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ စားသုံးရန် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အစီအစဥ်များအတိုင်း ဆက်လက်မသွားခင် လွှတ်တော်ကိုတင်ပြစရာရှိ ပါတယ်။ မနက်ဖြန်အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားပြီးတဲ့နောက်ပိုင်းမှာ လွှတ်တော်စုံညီ အစည်းအဝေးမရှိပါဘူး။ အဲဒီနောက်ပိုင်း

လိုအပ်မယ်ဆိုလို့ရှိရင်တော့ ကော်မတီများအစည်းအဝေး ဆောင်ရွက်ဖို့ ရှိကောင်းရှိနိုင်ပါတယ်။ ဒီနေ့ အစီအစဉ်နဲ့သွားမယ့်ကိစ္စမှာတော့ ဒီဥပဒေပြုတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့မှာ အတွေ့အကြုံမရှိပါဘူး။အတွေ့အကြုံမရှိတော့လည်း မမှားအောင် နဲ့အဆင်ပြေအောင်နဲ့ ထိုက်သင့်တဲ့အချိန်ထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ ကြိုတင်ညှိနှိုင်းထားတာ ရှိပါတယ်။ အဲဒါကတော့ ပထမဦးဆုံး ပြည်ထောင်စုဝန်ကြီး၊ သူ့ဘက်ကတင်ပြချက်ကတော့ သိပ်ပြီးတော့လည်း အချိန်ယူစရာမလိုပါဘူး။ ဖြစ်နိုင်မယ်ဆိုရင်တော့ တစ်ရက်တည်းပြီးသွားလည်း ဖြစ်နိုင်ပါတယ်လို့ ဒီလိုပြောပါတယ်။ သို့ရာတွင် အခြေအနေပေါ်မူတည်ပြီးမှ တစ်ရက်တည်းပြီး၊ မပြီးဆိုတာတော့ အချိန်ကပဲဆုံးဖြတ်ပေးရမယ့် သဘောရှိပါတယ်။ ကျွန်တော်တို့ဘက်ကျတဲ့အခါကျတော့ ဒီဥပဒေနဲ့ပက်သက်ပြီးတော့ အပိုဒ်လိုက် ပြင်ဆင်ချက်ပေးပို့ဖို့နဲ့ ဆွေးနွေးဖို့တောင်းတဲ့နေရာမှာ မနေ့ကတင်ပြတဲ့အတိုင်းပဲ ပြင်ဆင်ချက်တင်ပြ ပြီးတော့ ဆွေးနွေးလိုသူပေါင်း ၆၄ ဦးရှိပါတယ်။ အဲဒီကနေပြီးတော့ သဘောထားတူတဲ့ဟာတွေ ပြန်စု စည်းတဲ့အခါလျော့သွားပါတယ်။ ဘယ်လိုပဲလျော့လျော့ တချို့အပိုဒ်တွေကျတဲ့အခါကျတော့ ဒီအပိုဒ်ကို ပဲ လွှတ်တော်ကိုယ်စားလှယ်တွေအပိုင်းက ဒီတစ်ပိုဒ်တည်းကိုပဲ သုံးယောက်လောက်ကပြင်ဆင်ဖို့ဆွေး နွေးဖို့ဆိုတာပါပါတယ်။ တချို့ကျတဲ့အခါကျတော့အဲဒီမှာပဲ ခုနကသုံးရက်လောက်ရှိပြီးတော့ ပြင်ဆင်ဖို့၊ ဆွေးနွေးဖို့ပါသလို တဘက်ကလည်းလွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့သုံးသပ်ပြီးတော့ ပြင်ဆင် ထားတာတွေလည်းရှိပါတယ်။ ဒါကိုစဉ်းစားတဲ့အခါမှာ တကယ်လို့ ဒီတစ်ပိုဒ်တည်းကိုပဲ ကိုယ်စားလှယ် သုံးဦးကဆွေးနွေးမယ်။ ပြီးလို့ရှိရင် အဲဒီအပိုဒ်ကိုပဲ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဆုံး ဖြတ်ထားတာရှိတယ်ဆိုရင်တော့ ကျန်တဲ့ကိုယ်စားလှယ် သုံးဦးဆွေးနွေးထားတာဟာ အလိုအလျောက် ပျက်ပြယ်မယ့်သဘောရှိပါတယ်။ ဘယ်ဦးစားပေးမလဲ။ လွှတ်တော်ကအတည်ပြုထားတဲ့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ကိုပဲအတည်ပြုမှာဖြစ်တဲ့အတွက် ခုနကဒီအပိုဒ်ကို ကော်မတီများက ကိုယ်စားလှယ်များက ဆွေးနွေးထားတယ်ဆိုရင် ထပ်ပြီးပြောမယ်ဆိုရင် ဒါပျက်ပြယ်ပြီးတဲ့အခါမှာ ကော်မတီက ဆွေးနွေးထားတာပဲအတည်ဖြစ်ပါတယ်။ နောက် ပုံစံတစ်မျိုးဖြစ်နိုင်ပါတယ်။ ဒီအပိုဒ်ကို ပြင်ဆင်တယ်ဆိုကြပါစို့ သုံးဦးရှိတယ်၊ သုံးဦးရှိလို့ရှိရင် အဲဒီသုံးဦးထဲက ဘယ်သူရဲ့ဆွေးနွေးချက်ကို လွှတ်တော်ကအများဆုံးထောက်ခံသလဲ။ အဲဒါဒီမှာ ကျွန်တော်တို့တစ်ခါတည်းဆုံးဖြတ်ပေးခဲ့တာပါ။ အများထောက်ခံတဲ့ဟာကိုပဲ ဒီအပိုဒ်မှာပြင်ဆင်မယ်လို့သတ်မှတ်ပါမယ်။ အဲဒီအခါမှာ အများထောက်ခံ တာကိုပြင်ဆင်မယ်ဆိုတဲ့ဟာ ပြီးတဲ့အခါကျတော့မှထောက်ခံမှုနဲ့ Defen လုပ်ရမယ့် ပြည်ထောင်စု

ဝန်ကြီးအပိုင်းပဲ ပြန်ပြီးဆွေးနွေးရပါမယ်။ အဲဒီလို ဆွေးနွေးတယ်ဆိုလို့ရှိရင် ပြည်ထောင်စုဝန်ကြီးဘက်ကိုထောက်ခံမှုများတယ်ဆိုရင် ခုနပြင်ဆင်မယ်ဆိုတဲ့လူကရှုံးနိမ့်ပါမယ်။ ပြင်ဆင်တဲ့လူကနိုင်တယ်ဆိုလို့ရှိရင် ခုနက ထောက်ခံတဲ့လူကများတယ်ဆိုရင် ပြည်ထောင်စုဝန်ကြီးဘက်ကပြင်ဆင်တဲ့အတိုင်းလက်ခံမယ့်သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ဒီကျွန်တော် ပြောရမယ့်ဟာကိုသက်ဆိုင်ရာတာဝန်ရှိတဲ့ Staff တွေကရေးထားပါတယ်။ သို့ရာတွင် တချို့အပိုဒ်တွေကျတော့လက်တွေ့ဆောင်ရွက်တာနဲ့ရေးထားတာနဲ့ကွဲလွဲနိုင်ပါတယ်။ ဒါက ကျွန်တော်တို့အပိုင်းပါ သို့ရာတွင်ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံး ကျွန်တော်ပြောတဲ့ဟာကို အတည်ယူပြီးတော့ ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် လျင်လျင်မြန်မြန်နဲ့ မှန်မှန်ကန်ကန် ဖြစ်သွားနိုင်တဲ့အနေအထားရှိပါတယ်။ ဒီကြားထဲမှာဆွေးနွေးရင်းနဲ့ ရေးထားတာနဲ့ အခု ကျွန်တော်ပြောတာနဲ့ တချို့ဒီအထဲမှာ မတိုက်ဆိုင်တာလေးတွေပါတယ်ဆိုလို့ရှိရင်တော့ အချိန်လေးတော့နည်းနည်းပေးပြီးတော့ သည်းခံပြီးဆောင်ရွက်ပါ။ ကျွန်တော့်ဘက်ကတော့ မှန်မှန်နဲ့ အမြန်ဆုံးဖြစ်အောင်ဆောင်ရွက်ပေးပါမယ်။ အစည်းအဝေးစပါမယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးဆဋ္ဌမနေ့မှာတင်သွင်းပြီးလွှတ်တော်ကဆွေးနွေးစဉ်းစားရန်ဆုံးဖြတ်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်းကို ဒီကနေ့စတင်ဆွေးနွေးပါမယ်။ ဒီလိုဆွေးနွေးရာမှာ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာမှာ ပါဝင်တဲ့ပြင်ဆင်ချက်အချို့နဲ့ ၁၀-၉-၂၀၁၁ ရက်နေ့အထိ ကိုယ်စားလှယ်များပေးပို့ထားတဲ့ပြင်ဆင်ချက်များအပေါ်အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုသည်အထိဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်မပါရှိတဲ့ဆွေးနွေးချက်ကို ဆောင်ရွက်ခြင်းမပြုတော့ပါ။ ဥပဒေကြမ်းရဲ့ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင်ချက်အဆိုတင်ပြီး ဆွေးနွေးအတည်ပြုနိုင်ရန် ကျွန်တော်ကအဆိုမှာ အပိုဒ် သို့မဟုတ် အပိုဒ်ခွဲစသည်ဖြင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်သည်လို့တင်သွင်းကြေညာတဲ့အချိန်မှာ ပြင်ဆင်ချက်တင်ပြထားတဲ့ကိုယ်စားလှယ်များက မိမိတို့ရဲ့ပြင်ဆင်ချက်အဆိုကို တင်သွင်းကြရန်ဖြစ်ပါတယ်။ အဆိုတင်သွင်းပြီးချိန်မှာအခြား ကိုယ်စားလှယ်တစ်ဦးကထောက်ခံရန်လိုအပ်ပါတယ်။ အဆိုတင်တိုင်း၊ တင်တိုင်းအခြား ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့လိုအပ်ပါတယ်။ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီးချိန်မှာ ကျွန်တော်က ပြင်ဆင်ချက်အဆိုကိုကြေညာပေးပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ရဲ့ သဘောထားကိုမေးမြန်းပါမယ်။ ရရှိတဲ့သဘောထားပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်မရှိတဲ့အပိုဒ်များကိုတော့တစ်ပါတည်း အတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ အခုစတင်ဆောင်ရွက်ပါမယ်။ ဒီ

ဥပဒေကြမ်းရဲ့ အခန်း(၁)၊ (၂) မှာပါဝင်တဲ့ အပိုဒ် ၁ မှ ၄ အထိ ပြင်ဆင်ချက်မရှိပါဘူး။ ဒါကြောင့် အတည်ပြုရန်အဆိုတင်သွင်းပါမယ်။ ကိုယ်စားလှယ်များဆီမှာလည်း ကျွန်တော့်ဆီမှာရှိတဲ့ အတိုင်းပဲ ဥပဒေကြမ်းရဲ့ အခန်း(၁)၊ (၂)နဲ့ ပတ်သက်ပြီးတော့ အပိုဒ် ၁ မှ ၄ အထိ ပြင်ဆင်ချက်မရှိ ပါဘူး။ ဒါ့ကြောင့် အတည်ပြုရန်အဆို တင်သွင်းသွားပါမယ်။ ဒီအဆိုကို ကျွန်တော်ကပဲ တင်သွင်းရမှာဖြစ်ပါတယ်။ အဆိုမှာ အခန်း(၁)၊ အပိုဒ် ၁ ၊ အပိုဒ် ၂ နဲ့ အခန်း(၂)၊ အပိုဒ် ၃ ၊ အပိုဒ် ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ အဆိုနဲ့ပတ်သက်လို့ ဆန္ဒယူတဲ့အခါမှာ သဘောတူရင်တူပါတယ်လို့ပြောပြီး၊ သဘောမတူရင်မတူပါဘူးလို့ ပြောရန်ဖြစ်ပါတယ်။ အခု ကျွန်တော်တင်ပြတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များမှာရှိတဲ့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဥပဒေမူကြမ်းရယ်၊ နောက်တစ်ခါပြင်ဆင်ချက်၊ ဒါတွေကိုင်တွယ်ပြီးတော့ဆောင်ရွက်တာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ဆောင်ရွက်ပါမယ်။ ယခုအဆိုမှာ အခန်း(၃)ခေါင်းစဉ်နှင့် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရင်ဆုံးဥက္ကဋ္ဌကြီးကို ကျွန်တော်ခွင့်တောင်းချင်တာက ကျွန်တော်တင်သွင်းထားတဲ့အချက်များဟာ အမှတ်စဉ်- ၁၊ ၂၊ ၈၊ ၉၊ ၁၁၊ ၂၆၊ ၄၅ မှာပါပါတယ်။ ဒါပေမယ့် အဲဒါအားလုံးကိုချုံ့လိုက်ရင် မူနဲ့ပတ်သက်တာ တစ်ချက်၊ လုပ်ငန်းတာဝန်နဲ့ပတ်သက်တာတစ်ချက် အဲဒါကြောင့် အချိန်မကုန်အောင်မူသဘောနဲ့ လုပ်ငန်းတာဝန်လေးတစ်ချက်ကို ကျွန်တော်စုစည်းပြီးတော့ ဆွေးနွေးခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီးကိုပန်ကြားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီပြင်ဆင်ချက်တင်သွင်းရတာကတော့ ကျွန်တော်တို့နိုင်ငံတော် အခြေခံမူ၊ ပုဒ်မ ၄ မှာ ဖော်ပြထားတဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်း

လုံး၌ တည်တယ်ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူကိုပီပြင်စေချင်ပါတယ်။ နောက်ဒုတိယ အချက်ကတော့ ကျွန်တော်တို့ လွှတ်တော်ဖွင့်ပွဲမှာပဲ နိုင်ငံတော်သမ္မတကြီးက ပြည်သူလူထုပါဝင်မှုကို ရှေးရှုဦးတည်သော အုပ်ချုပ်ရေးစနစ်နဲ့ အုပ်ချုပ်ရေးအသွင်သဏ္ဌာန်များဖြစ်ပေါ်ရေးဆိုတဲ့အတွက် ကျွန်တော်တို့ရဲ့ရပ်ကွက်၊ ကျေးရွာ၊ အုပ်ချုပ်ရေးအသွင်သဏ္ဌာန်ကိုဒီမိုကရေစီအနှစ်သာရနဲ့ဖော်ဆောင် စေချင်တဲ့ဦးတည်ချက်ကြောင့် ကျွန်တော်ဒီပြင်ဆင်မှုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် ပြင်ဆင်ထားတဲ့ အပိုဒ်တွေရဲ့ လိုရင်းအချက်တွေအားလုံးကတော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလ ဒီစနစ်ကျတဲ့ ဒီမိုကရေစီထူထောင်နိုင်တာပြဖို့အတွက် ရပ်ကွက်၊ ကျေးရွာ၊ အုပ်ချုပ်ရေးမှူးအားလုံးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရည်အချင်းရှိတဲ့ လူတိုင်း လွတ်လပ်တဲ့ရွေးကောက်ပွဲ လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ကြဖို့ ဖြစ်ပါတယ်။ ရပ်ကွက်နဲ့ကျေးရွာမှာ နေသူတိုင်းဟာ သူတို့ရဲ့ဆန္ဒနဲ့လျှို့ဝှက်မဲနဲ့ရွေးချယ်ရင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းမှုကို ပြည်တွင်း ပြည်ပကအားလုံး အလေးအနက်ထားလာမှာဖြစ်သလို တစ်ချိန်တည်းမှာ ကျွန်တော်တို့ ပြည်သူလူထုဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ပတ်သက်ရင် တော်တော်များများဟာဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၈၉ မှာပြဋ္ဌာန်းထားတဲ့ရပ်ရွာက ကြည်ညိုလေးစားပြီး၊ သိက္ခာ၊သမာဓိ ရှိတဲ့ ပုဂ္ဂိုလ်တွေ အင်မတန်နည်းနေပါတယ်။ အဲဒီလိုနည်းနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာတိုင်းဒေသ ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးတို့ထံ ကျွန်တော်တို့ အထောက်အထားတွေနဲ့တကွ ပေးပို့တိုင်ကြား ထားတာရှိပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပါလီမန်ခေတ်က သူကြီးကိုရွေးနိုင်သလို ကိုလိုနီခေတ်မှာလည်း လူထုရဲ့မဲနဲ့ပဲ ရပ်ကွက်ခေါင်းဆောင်၊ ကျေးရွာခေါင်းဆောင်တွေကိုရွေးခဲ့ပါ တယ်။ အဲဒီလိုပဲ အခုကာလမှာလည်း ပြည်သူလူထုဟာ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီစံနှုန်း၊ စံချိန်ကို အကဲခတ်နေတဲ့အချိန်မှာ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို လူထုက တိုက်ရိုက်ရွေးတဲ့ ပုံသဏ္ဌာန်နဲ့ပဲ အကောင်အထည်ဖော်သင့်တယ်လို့ ကျွန်တော် ထင်မြင်ပါတယ်။ ကျွန်တော်တို့လို ဒီမိုကရေစီစနစ်ကိုဦးတည်နေတဲ့ နိုင်ငံမဆိုထားနဲ့ အိမ်နီးချင်းကွန်မြူနစ် နိုင်ငံကြီးတွေ၊ အာဆီယံနိုင်ငံထဲမှာပါတဲ့ ကွန်မြူနစ်နိုင်ငံတွေမှာတောင် ကျန်တဲ့နေရာမှာ ဗဟိုချုပ်ကိုင်ထားပေမယ့် ရပ်ကွက်၊ ကျေးရွာတွေမှာတော့ အုပ်ချုပ်ရေးမှူးတွေ၊ ရပ်ကွက်၊ ကျေးရွာခေါင်းဆောင် တွေကိုမဲနဲ့ လွတ်လပ်စွာရွေးခွင့် ပေးနေပါပြီ။ အဲဒီလိုအခြေအနေမှာ အခုရပ်ကွက်လူထုက ကြိုက်တဲ့သူကို ရွေးနိုင်ခွင့်ကို ပေးဖို့လိုပါတယ်။ ရပ်ကွက်လူထုဟာ သူ့ရပ်ကွက်လူအကြောင်း သူအသိဆုံးပါ။

ဘယ်သူဟာ လူကောင်းလူတော်၊ ဘယ်သူဟာနိုင်ငံရေးလုပ်စားတဲ့လူ၊ ကျေးရွာရပ်ကွက်မှာဝင်ပြီးတော့ အမြတ်ထုတ်တဲ့လူဆိုတာ လူထုကခွဲခြားနိုင်ပါတယ်။ အဲဒီတော့ လူထုရဲ့ရွေးချယ်ခွင့်နဲ့ ငြင်းပယ်ခွင့်ကို ပေးသင့်တယ်ဆိုတဲ့မူနဲ့ ကျွန်တော် တင်ပြထားတဲ့ အချက်တွေဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တင်ပြထားတဲ့ အချို့အပိုဒ်တွေဟာ ဒီမူပေါ်မှာ အခြေခံပြီးဆွဲတာဖြစ်တဲ့အတွက် ဒီမူကိုလက်ခံရင် ကျွန်တော် နောက်ဆက်တွဲ ဖော်ပြထားတဲ့အချက်များက ဆွေးနွေးရုံပါပဲ။ ဒါမှမဟုတ်ရင် ဒီမူကို လက်မခံရင် ကျွန်တော်နောက်ဆက်တွဲ ဖော်ပြထားတဲ့အချက်အလက်များဟာ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး ဥပဒေကို ဘယ်ပုံသဏ္ဌာန်နဲ့ပဲ အကောင်အထည်ဖော်ဖော်၊ ဒီမှာလုပ်ငန်းတာဝန်ထဲမှာ ကျွန်တော်ပြင်ဆင်မှုတစ်ခုတင်ထားတာရှိပါတယ်။ ဒါကတော့ ဒီပုဒ်မ ၁၃ (စ)မှာဖော်ပြထားတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တာဝန်ဝတ္တရားပါ။ အဲဒါက ကျွန်တော်က ဘယ်လိုပြင်ဆင်ထားလဲဆိုတော့ ဧည့်စာရင်းနဲ့ပတ်သက်ရင် အခကြေးငွေမယူဘဲနဲ့လက်ခံခွင့်ပြုရမယ်။ ဘာကြောင့်လည်းဆိုရင် ဒါကျွန်တော်တို့ ကိုယ်တွေ့ပဲ ဧည့်စာရင်းဆိုတာ အနယ်နယ်ကတက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များလည်းသိပါတယ်။ တော်တော်များများ ရပ်ကွက်၊ ကျေးရွာတွေမှာ အာဏာအလွဲသုံးစားလုပ်ပြီးတော့ ဧည့်စာရင်းနဲ့ ပတ်သက်ရင်အမြတ်ထုတ်နေကြပါတယ်။ အနည်းဆုံးနှစ်ရာကနေ အများဆုံးထောင်ဂဏန်းအထိပေးနေရပါတယ်။ ဆင်းရဲတဲ့ ပြည်သူလူထုအတွက်တော့ အင်မတန်မှဝန်ထုတ်ဝန်ပိုးပိပြားပါတယ်။

ဒါကြောင့်ဒီဥပဒေမှာကိုက ဧည့်စာရင်းတိုင်ရင် အခကြေးငွေမယူဘဲ လက်ခံခွင့်ပြုဖို့ နောက်ဧည့်စာရင်း စစ်တဲ့အခါမှာလည်း ထင်သလိုပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ဂရုမစိုက်ဘဲနဲ့ စစ်ဆေးတာတို့ အရေးယူတာတို့ ဘယ်လောက်ထိဆိုးဝါးတဲ့အတွေ့အကြုံမျိုး ကျွန်တော်တွေ့ခဲ့ရသလဲဆိုရင် သားပျို၊ သမီးပျိုရဲ့ ခြင်တောင်ထဲကိုတောင် ဧည့်စာရင်းစစ်တယ်ဆိုပြီးတော့ ဝင်စစ်ပြီးတော့ အာဏာပြတဲ့ဟာမျိုး ကျွန်တော်တို့ ကြုံလဲကြုံခဲ့ပါတယ်။ အမှုလည်းလိုက်ခဲ့ဘူးပါတယ်။ ဒါကြောင့် ကျွန်တော်က ဒီရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး ဥပဒေဟာ ဘယ်ပုံသဏ္ဌာန်နဲ့ ပေါ်လာပေါ်လာ ဧည့်စာရင်းကိုတော့အခကြေးငွေမယူဘဲနဲ့ ခွင့်ပြုဖို့နည်းဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ဧည့်စာရင်းစစ်ဆေးဖို့၊ ဧည့်စာရင်းတိုင်ကြားဖို့ပျက်ကွက်ရင်လဲ ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ အရေးယူဖို့ပြင်ဆင်ချက် ကျွန်တော် တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမှာတင်ပြထားတဲ့ အချက်များကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီမိုအရေစီအသွင်ကူးပြောင်းမှု အပေါ်မှာ ပြည်သူတို့ရဲ့ယုံကြည်မှုပိုမိုရရှိလာပြီးတော့ ဒီနေ့ကျွန်တော်တို့ နိုင်ငံရဲ့စိန်ခေါ်ခံနေရတဲ့ ပြသနာအချို့ကိုလည်းကျော်လွှားနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ဤပြင်ဆင်ချက်ကို နိုင်ငံရဲ့အကျိုးငှာ တင်ပြရခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရှင်းလင်းတင်ပြ အစီရင်ခံပါရစေ။ ဒါပါပဲခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူရှိပါသလားခင်ဗျား။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း၊ ဧည့်သည်တော်အပေါင်းခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့် တင်သွင်းတဲ့ ပြင်ဆင်ရန်တင်ပြချက်များကို ထောက်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အခန်း(၃)ခေါင်းစဉ်(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့်အချက် များအစားရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းဟု ပြင်ဆင်ပြီး မူလပြဋ္ဌာန်းချက်အပိုဒ်(၅) အပိုဒ်ခွဲ(က)မှ(ည)အထိအချက်များအစားမိမိအမြဲနေထိုင်သောရပ်ကွက် သို့မဟုတ် ကျေးရွာတွင်အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်လိုသူကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်ရွေးချယ်ပိုင်ခွင့်ရှိ သူတိုင်း ဒီကိစ္စအလို့ငှာ ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်စေရမည်။ ထိုသို့ရွေးကောက်တင်မြှောက်ခြင်းခံရသူကို မြို့နယ်အုပ်ချုပ်ရေးမှူး က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး အဖြစ်ခန့်အပ်တာဝန်ပေးရမည်ဟူသော အပိုဒ်ထည့်ရန် ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားကို သိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါ တယ်။ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ အခုပြင်ဆင်ရန်တင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ အခု ကျွန်တော်တို့ ရေးဆွဲထားတဲ့ဥပဒေဟာ အုပ်ချုပ်ရေးဥပဒေတစ်ခုဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှာ အခြေခံအကျဆုံးဖြစ်တဲ့ ဥပဒေပဲဖြစ်ပါတယ်။

မဏ္ဍိုင်ကြီးသုံးရပ်ရှိတဲ့အနက် အုပ်ချုပ်ရေးမဏ္ဍိုင်အောက်မှာရှိတဲ့ ဥပဒေလည်းဖြစ်တဲ့အတွက် ဒီဥပဒေကိုရေးဆွဲတဲ့နေရာမှာ အုပ်ချုပ်ရေးရှုထောင့်ကနေ အဓိကထားပြီးတော့ ဆွေးနွေးသုံးသပ်စေလိုပါတယ်ခင်ဗျား။ အုပ်ချုပ်ခံပြည်သူတွေရဲ့ အကျိုးဘက်ကကြည့်သလို အုပ်ချုပ်သူတွေဘက်ကလည်း ကြည့်ဖို့လိုအပ်ပါတယ်။ ဥပဒေကို ပြဋ္ဌာန်းပြီးတော့ တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အဆင်မပြေမှုတွေ၊ အခက်အခဲတွေ၊ လုပ်မရတာတွေ ဖြစ်လာလို့ရှိရင်မကောင်းပါဘူး။ ပြန်ပြင်ဆင်ရ၊ ရေးဆွဲရတာ ဖြစ်လာပါလိမ့်မယ်။ အဲဒီတော့ မိမိဘက်ရဲ့ရှုထောင့်တစ်ခုတည်းက အမြင်ဒေသတစ်ခု လူမျိုးတစ်စုဒီတစ်စုတည်းအမြင်နဲ့ မဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံး၊တစ်မျိုးသားလုံး လွှမ်းခြုံပြီးတော့မှ စဉ်းစားသင့်တဲ့ဥပဒေဖြစ်ပါတယ်။ အဲဒီတော့ ဒေသတစ်ခု၊ လူမျိုးတစ်စုနေရာဒေသတစ်ခုအလိုက်လိုအပ်လာမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ထပ်မံပြဋ္ဌာန်းပြီးတော့မှ၊ ရေးဆွဲပြီးတော့မှဆောင်ရွက်လို့လည်းရပါတယ်။ အဲဒီတော့ ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အဓိကရေးဆွဲထားတာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ နဲ့အညီ ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ ဟာအားလုံးသိပြီးဖြစ်တဲ့အတိုင်းပဲ ဥပဒေနဲ့အညီ ခန့်အပ်ရမည်လို့ ပါရှိတာဖြစ်ပါတယ်။ အဲဒီတော့ ရွေးကောက်တဲ့စနစ်နဲ့ ခန့်အပ်ရမယ်။ ဒီအများဆန္ဒနဲ့ ခန့်အပ်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းထားတာမပါပါဘူး။ သို့သော်လည်း ကျွန်တော်တို့က ရွေးချယ်မှုစနစ်ရော၊ ခန့်အပ်မှုစနစ်ရော နှစ်ခုစလုံးကိုအခြေခံပေါင်းစပ်ပြီးတော့မှ ရေးဆွဲထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ရွေးကောက်ပွဲစနစ်သက်သက်ကိုပဲသွားမယ်ဆိုရင် ဖြစ်ပေါ်လာနိုင်တဲ့ဆိုးကျိုးတွေရှိပါတယ်။ ဒါကဘာလဲဆိုရင် အဓိကကတော့ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်းပဲဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ်ကျေးရွာ အုပ်ချုပ်ရေးမှူးတွေ ရွေးကောက်တဲ့နေရာမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းမှာ ပါတီပေါင်းစုံကကိုယ်စားလှယ်တွေ ဝင်ရောက်ချယ်လှယ်ပြီးတော့ လာနိုင်ပါတယ်။ သက်ဆိုင်ရာပါတီနေရာရရေးအတွက် အပြိုင်အဆိုင်ဆောင်ရွက်မှုမှသည် ကျေးရွာအုပ်စုအတွင်း၌လည်းကောင်း၊ မိသားစုအတွင်း၌ လည်းကောင်းစိတ်ဝမ်းကွဲပြားမှုများ ရှိနိုင်တာကို ပါလီမန်ဒီမိုကရေစီခေတ်က အထင်အရှားတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ကိုးကွယ်တဲ့ဘာသာအလိုက်၊ ဆွေမျိုးသားချင်းအစုအဖွဲ့အလိုက်၊ တိုင်းရင်းသားများစုစည်းနေထိုင်တဲ့အုပ်စုအလိုက် စိတ်ဝမ်းကွဲပြားမှုတွေဖြစ်ပြီးတိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း ပျက်ပြားလာနိုင်စေပါတယ်။ ပြိုင်ဆိုင်မှုစနစ်မှာ ငွေကြေးတတ်နိုင်သူက ငွေကြေးအသုံးပြုပြီးတော့ မဲဆွယ်စည်းရုံးမှုလည်းရှိလာနိုင်ပါတယ်။ ဒေသအခြေအနေပေါ်မူတည်ပြီးတော့ ငွေကြေးတတ်နိုင်သူတွေကသာ ရပ်ကွက်အကြီးအကဲအဖြစ်အရွေးခံနိုင်တဲ့ အနေအထားမျိုးကို

လည်းရောက်လာနိုင်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်နည်းအရ ကျေးရွာအုပ်စုအတွင်း အချင်းချင်းမဲဆန္ဒပေးပြီးတော့ တစ်ဦးရဲ့ဆန္ဒသဘောထားကို တစ်ဦးကလေးစားခြင်း၊ စုပေါင်းခေါင်းဆောင်ပြီး စုပေါင်းဆုံးဖြတ်ခြင်း၊ ၎င်းဆုံးဖြတ်ချက်တွေကို အားလုံးကလေးစားလိုက်နာခြင်းကသာ ဒီမိုကရေစီကျင့်စဉ်နည်းလမ်းတွေပဲဖြစ်ပါတယ်။ တစ်ဖက်နှင့်တစ်ဖက်အပြိုင်အဆိုင် မိမိတို့အနိုင်ရရှိရေးအတွက် နည်းမျိုးစုံနဲ့မဲဆွယ်စည်းရုံးတာကနေ ဒေသအတွင်းမှာ စိတ်ဝမ်းကွဲပြားမှုတွေကတစ်ဆင့် ပဋိပက္ခမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီလို မလိုလားအပ်တဲ့အခြေအနေဆိုးတွေကတစ်ဆင့် အကြမ်းဖက်မှုအဆင့်အထိဖြစ်လာနိုင်တာဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသာမက ရပ်ရွာတည်ငြိမ်အေးချမ်းရေးကိုပါထိခိုက်လာနိုင်ပါတယ်။ ပါတီဝင်များ၊ နိုင်ငံရေးပါတီဝင်များ ဝင်လာပြီးတော့ သက်ဆိုင်ရာပါတီများကလည်း မိမိတို့ပါတီကိုထောက်ခံသူကို ရွေးကောက်တင်မြှောက်ရန်ကြိုးစားကြမှာပဲဖြစ်ပါတယ်။ ရပ်ကွက်နဲ့ကျေးရွာအုပ်စုဟာ နိုင်ငံတော်ဖွဲ့စည်းပုံမှာ အခြေခံအကျဆုံးအဆင့်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆင့်ကိုဦးဆောင်ပေးရန် ရွေးချယ်တင်မြှောက်ခံရတဲ့ပုဂ္ဂိုလ်ဟာ အထွေထွေရွေးကောက်ပွဲမှာ ဒီသြဇာအရှိန်အဝါတွေကိုသုံးပြီးတော့မှ ဒီထောက်ခံအားပေးတဲ့ နိုင်ငံရေးပါတီအနိုင်ရရေးကိုလည်း နည်းအမျိုးမျိုးနဲ့ဆောင်ရွက်လာနိုင်ကြောင်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိရပ်ကွက်ပေါင်းဟာ ၃၀၄၄ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၃၆၂၈ အုပ်စုရှိပါတယ်။ အဲဒီတော့ ဒီရပ်ကွက်ကျေးရွာအုပ်စုအားလုံးကိုသာ ရွေးကောက်ပွဲကျင်းပမယ်ဆိုလို့ရှိရင် ရွေးကောက်ပွဲကော်မရှင်တွေအဆင့်ဆင့်ဖွဲ့စည်းပြီးတော့ အချိန်အများကြီး ယူဆောင်ရွက်ရမှာဖြစ်သလို ကုန်ကျစရိတ်ဟာလည်းများပြားနိုင်မှာဖြစ်ပါတယ်။ ဒီလို တစ်နိုင်ငံလုံးကို ရွေးကောက်ပွဲကျင်းပတဲ့အတွက် ဒီရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ပေးမှု၊ ငွေကြေးသုံးစွဲမှုတွေဟာ များပြားလာနိုင်တဲ့ အားနည်းချက်လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ဖွဲ့စည်းပုံ တည်ဆောက်ရာမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဟာ အခြေခံအကျဆုံးဖြစ်တာနဲ့အညီ ကျွန်တော်တို့ ယခုရေးဆွဲထားတဲ့၊ တင်ပြထားတဲ့ဥပဒေကြမ်းမှာ ရပ်ကွက်နဲ့ကျေးရွာအုပ်စုအတွင်း ဆယ်အိမ်စုအတွင်းမှ ကိုယ်စားလှယ်တစ်ဦးကို အချိန်တိုအတွင်းမှာ မျက်နှာချင်းဆိုင်ရွေးချယ်မှုနဲ့ အများဆန္ဒရဲ့သဘောနဲ့အညီရွေးချယ်၊ ရွေးချယ်ပြီးလို့ရှိရင် ကျစ်ကျစ်လစ်လစ်နဲ့ သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ပြည့်မီတဲ့သူကို ရွေးချယ်ဖို့ဖြစ်ပါတယ်။ စိတ်ဝမ်းကွဲပြားမှု အတတ်နိုင်ဆုံး နည်းသမျှနည်းအောင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကြီးကြပ်ရေးအဖွဲ့တွေကလည်း ဆယ်အိမ်စုကိုယ်စားလှယ်တွေထဲက အများကကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တွေကိုရွေးချယ်ပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ရွေးချယ်တင်မြှောက်ပေးနိုင်ရေးအတွက် ရွေးချယ်ရေးနဲ့ခန့်အပ်ရေးစနစ် နှစ်ခုပေါင်းစပ်ပြီးတော့ ရေးဆွဲတင်ပြထားခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်လို့ မဲခွဲပါမယ်။ ဦးသိန်းညွန့်ရဲ့ စတင်အဆိုပြုထားတဲ့အပေါ် ထောက်ခံတဲ့သူများကို ပြောင်၊ မတ်တပ်ရပ်တဲ့စနစ်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုပြုမှုအပေါ် ထောက်ခံတဲ့သူများမတ်တပ်ရပ်ပေးကြပါ။ အဆိုနဲ့ပတ်သက်လို့ မဲခွဲရလဒ်ကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၂ မဲ။ ဒါ ဦးသိန်းညွန့်ကို ထောက်ခံတာပါ။ ကန့်ကွက်ဆန္ဒမဲ ၃၄၀ မဲ။ ကြားနေမဲ ၉မဲ၊ ဒီနေရာမှာထောက်ခံတဲ့ အရေအတွက်မဟုတ်ပါဘူး။ အဲဒီတော့ ကန့်ကွက်တဲ့အရေအတွက်ကများပါတယ်။ ဒါကြောင့်မို့လို့ ကန့်ကွက်တယ်ဆိုတာက ဦးသိန်းညွန့်ကို ကန့်ကွက်တာပါ။ ဒါကြောင့်မို့လို့ ကန့်ကွက်တဲ့အရေအတွက်များတဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်ထဲရေးဝန်ကြီးတင်ပြတဲ့ ရွေးချယ်ခန့်အပ်စနစ်နှစ်ခုပေါ်မှာသာ ကျွန်တော့်အဆို အရေးနိမ့်ခြင်းဖြစ်ပါတယ်။ လုပ်ငန်းစဉ်မှာဖြစ်တဲ့ ဧည့်စာရင်းအခကြေးငွေမယူဘဲနဲ့ ပေးတဲ့အပိုဒ်ကတော့ ဒီထဲမှာအကျုံးမဝင်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဝန်ကြီးရဲ့ရှင်းပြချက်မှာလည်း အဲဒီအချက်မပါသေးပါဘူး။ ဒါကြောင့် ဧည့်စာရင်းကိစ္စမှာတော့ထပ်မံပြီး ကျွန်တော့်ပြင်ဆင်ချက်ကို လွှတ်တော်ရဲ့ ဆန္ဒရယူပေးပါလို့ လွှတ်တော်ဥက္ကဋ္ဌကြီးကို ကျွန်တော်လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ လက်ခံပါတယ်။ ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ မှာ အပိုဒ်ခွဲများအလိုက် ပြင်ဆင်ချက်များ တင်ပြထားမှုရှိတဲ့အတွက် အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ပါမယ်။ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဆ)၊ (ဇ)နှင့် (ည)တို့မှာ ပြင်ဆင်ချက်မရှိပါဘူး။ ဒါကြောင့်အဆိုမှာ အပိုဒ် ၅၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဆ)၊ (ဇ)နှင့် (ည)တို့သည် ဒီဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကိုလွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းလို့ ၂၉-၈-၂၀၁၁ရက်နေ့ကဖတ်ကြားရှင်းလင်းခဲ့တဲ့ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ မူလပြဋ္ဌာန်းချက်

အပိုဒ် ၅၊ အပိုဒ်ခွဲ (ဃ)ပါ စီးပွားရေးအခြေခံရှိသူဖြစ်ခြင်းဆိုတဲ့ စကားရပ်အစား စားဝတ်နေရေးဖူလုံမှုရှိသူ ဖြစ်ခြင်းဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ မူလပြဋ္ဌာန်းချက် အပိုဒ်(စ)ပါ ရပ်ကွက်က ကြည်ညို လေးစားခံရပြီး သြဇာတိက္ကမနဲ့ သိက္ခာသမာဓိရှိသူဖြစ်ခြင်းဆိုတဲ့စကားအစား ရပ်ကွက်ကကြည်ညို လေးစားခံရပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်းဟူသော စကားဖြင့်လည်းကောင်းအစားထိုး သုံးနှုန်းသင့်ကြောင်းတင်ပြထားပါတယ်။ ဒီတင်ပြချက်နဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ တင်ပြရန်မရှိပါဘူး ။ ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ။** ။ အဆိုမှာ အပိုဒ် ၅၊ အပိုဒ်ခွဲ (ဃ)ပါ စီးပွားရေးအခြေခံရှိသူဖြစ်ခြင်းဆိုတဲ့ စကားရပ်အစား စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်းဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (စ) ပါ ရပ်ကွက်ကကြည်ညိုလေးစားခံရပြီး သြဇာတိက္ကမနဲ့ သိက္ခာသမာဓိရှိသူဖြစ်ခြင်းဆိုတဲ့ စကားရပ်အစား ရပ်ကွက်ကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်းဟူသော စကားရပ်ဖြင့်လည်းကောင်း အစားထိုးရန်ဖြစ်သည်။ အဆိုကိုလွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက်အဆို အတည်ဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ အပိုဒ် ၅ ၊ အပိုဒ်ခွဲ(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဗိုလ်မှူးလေးနိုင် ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးလေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ ပုဒ်မ ၅ ၊ ပုဒ်မခွဲငယ်(င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ်နေထိုင်လျက်ရှိသူဖြစ်ခြင်းကို ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ရပ်ကွက်ကျေးရွာအုပ်စုအတွင်း တဆက်တည်း အနည်းဆုံး ၁၀ နှစ်နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်းကို ဖြည့်စွက်တင်ပြခဲ့ပါတယ်ခင်ဗျား။ ဖြည့်စွက်ချက်နဲ့ ပတ်သက်၍ ကျွန်တော်အနည်းငယ်ရှင်းလင်းတင်ပြရရင် လက်ရှိကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တာဝန်ထမ်းဆောင်တဲ့အခါမှာ လက်တွေ့ပြည်သူများနဲ့ တစ်ဆက်

တစ်စပ်တည်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ရပ်ကွက်တွင်းမှာ တာဝန်ထမ်းဆောင်ချိန်မှာ အမှန်တကယ်ရှိဖို့လိုအပ်တယ်လို့ ထင်မြင်ယူဆတဲ့အတွက် ယခုလို တင်ပြရခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင် ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးလေးနိုင်ရဲ့ အဆိုကိုကျွန်တော်ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုမှာ အပိုဒ် ၅ ၊ အပိုဒ်ခွဲ(င)ပါ မူလပြဋ္ဌာန်းချက်အစား သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ်နေထိုင်လျက်ရှိပြီး၊ လက်ရှိ တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အမှန်တကယ် နေထိုင်မည့်သူဖြစ်ခြင်းဟူသော ပြဋ္ဌာန်းချက်ကို အစားထိုးရန် ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားကို သိလိုပါတယ်။

**ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ရှင်းလင်း တင်ပြရန် မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုမှာ အပိုဒ် ၅ ၊ အပိုဒ်ခွဲ(င)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆို အတည် ဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဆ) နှင့် (ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည် ဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြန်ပြောမယ်ဆိုရင် ဒီအဆိုနဲ့ပတ်သက်လို့ပြင်ဆင်ဖို့ တင်ပြထားသူမရှိပါဘူး။ ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ အပိုဒ် ၅၊ အပိုဒ်ခွဲ(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်က ပြင်ဆင်ချက်တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက် အပိုဒ် ၅၊ အပိုဒ်ခွဲ(စ)မှာ မိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီးရိုးသားဖြောင့်မတ်သူဖြစ်ခြင်းလို့ ဖော်ပြထားတဲ့အပိုဒ်ကို ကျွန်တော့်အနေနဲ့ (စ)အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီးရိုးသားဖြောင့်မတ်သူဖြစ်ခြင်းလို့ ပြင်ဆင်ရန် အဆိုပြုပါတယ်ခင်ဗျား။ ဤပြင်ဆင်ချက်ဟာ ကျွန်တော်တို့ အတူနေလို့ထပ်မံထည့်သွင်းရခြင်းဟာ ဒီပုဂ္ဂိုလ်ရဲ့ အခြားမိသားစုဝင်၊ အိမ်ခွဲမိသားစုဝင်တွေရဲ့ အကျင့်စာရိတ္တနဲ့စပ်ဟပ်ပြီး ဒီပုဂ္ဂိုလ်မှာ ရွေးချယ်ခံပိုင်ခွင့်ပျက်ပြားမှာကို ကျွန်တော့်အနေနဲ့သဘောမတူနိုင်တဲ့အတွက် အတူနေဆိုတဲ့မိသားစုဝင်၊ အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီးရိုးသားဖြောင့်မတ်သူဖြစ်ခြင်းလို့ ဖြည့်စွက်ပြင်ဆင်တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က မြောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယင်းမာပင်မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် ဖြည့်စွက်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၅၊ အပိုဒ်ခွဲ(စ)ပါ မူလပြဋ္ဌာန်းချက်စာသား၏ရှေ့တွင် အတူနေဟူသော စကားရပ်ထည့်ရန်ဖြစ်သည်။ ပြည်ထောင်စုအစိုးရ၏ သဘောထားကို ပြောပါ။

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကို (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီး ခင်ဗျား။ အတူမနေသောမိသားစုဝင်များအတွက် ထည့်သွင်းစဉ်းစားထားရန် မရောက်ပဲဖြစ်နေပါတယ် ခင်ဗျား။ မိမိနဲ့အတူမနေသော်လည်း မိမိရဲ့ဆွေးမျိုးသားချင်း၊ ဆွေမျိုးရင်းချာမကောင်းမှု ဒုစရိုက်တွေကို ပြုလုပ်နေမယ်ဆိုလို့ရှိရင် မသင့်တော်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် ရဲ့သဘောထားကို သိလိုပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ ရွေးချယ်ခံပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ အတူနေမိသားစုသာလျှင် သူနဲ့

ဆက်စပ်ပြီးတော့ အကျင့်စာရိတ္တနဲ့ပတ်သက်ပြီး ပြောဆိုခြင်းပြုကြရမှာဖြစ်ပါတယ်။ သူ့ရဲ့အိမ်ခွဲများဖြစ်တဲ့ သူနဲ့အတူမနေတဲ့ အခြားဆွေမျိုးရင်းခြာများ၊ မိသားစုဝင်များဟာ အခြားမှာနေတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ ဒီအခြားမှာနေတဲ့ ပုဂ္ဂိုလ်တွေ၊ သူနဲ့အတူမနေတဲ့ပုဂ္ဂိုလ်တွေဟာ တစ်ခုခု တစ်ရာရာ အကျင့်စာရိတ္တနဲ့ ပြောစရာရှိလာရင်ရှိလာခဲ့ရုံနဲ့ ဒီပုဂ္ဂိုလ်ဟာကိုယ်စားလှယ်အဖြစ်နဲ့ ကျေးရွာအုပ်ချုပ်ရေးကိုယ်စားလှယ်အဖြစ်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ်နဲ့ မဖြစ်နိုင်ဘူးဆိုတာမသင့်လျော်ဘူးလို့ ကျွန်တော့် အနေနဲ့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့အတူနေ၊ တစ်အိမ်တည်းအတူနေကိုဆိုလိုပါတယ်။ အတူနေပုဂ္ဂိုလ်များဖြစ်တဲ့ မိသားစုဝင်များ၊ အတူနေမိသားစုဝင်များနဲ့ပတ်သက်၍သာ ဒီပုဂ္ဂိုလ်ကို ကိုယ်စားလှယ်အဖြစ်မှထည့်သွင်းစဉ်းစားခြင်းမပြုနိုင်ရန် အတူနေဆိုတဲ့စကားလုံးကို ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ မဲခွဲပါမယ်။ ဦးသောင်းဟန်ရဲ့အဆိုကို မထောက်ခံသော၊ ကန့်ကွက်တဲ့သူများရှိရင် မတ်တပ်ရပ်ပေးပါ။ အဲဒီတော့ အားလုံးလည်းရှင်းအောင်နားထောင်ဖို့ လိုမယ်နော်။ ဦးသောင်းဟန်တင်ပြတာက အတူနေမိသားစုတစ်စုရှိတယ်။ အဲဒီအထဲမှာ ရပ်ကွက်ကျေးရွာအုပ်စုအတွက် ရွေးချယ်မယ်ဆိုလို့ရှိရင် အတူနေမဟုတ်ဘဲနဲ့ အပြင်မှာရောက်နေမယ်ဆိုရင် သူ့ကို ခုနက အကျင့်စာရိတ္တမကောင်းဘူး။ ဒါကြောင့်မို့လို့ ရွေးချယ်မခံရဘူးဆိုလို့ရှိရင် မသင့်မြတ်ဘူးဆိုပြီးတော့ ဦးသောင်းဟန်က ဒီလိုတင်ပြတာဖြစ်တယ်။ ဒါကြောင့်မို့လို့ ဦးသောင်းဟန် တင်ပြချက်ကိုကန့်ကွက်တယ်။ လက်မခံဘူးဆိုတဲ့လူတွေကို မတ်တပ်ရပ်ခိုင်းတာပါ။ တပ်မတော်ကိုယ်စားလှယ်တွေရော သဘောပေါက်မယ်ထင်တယ်နော်။ ဒီနေရာမှာပြန်စဉ်းစားပါ။ ဘာကြောင့်လဲ။ အိမ်ထောင်စုတစ်စု ပေါက်ဖွားလာတဲ့သူတွေရှိမယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးတဲ့အခါမှာ ပေါက်ဖွားလာတဲ့လူတွေကသူနဲ့လည်းမနေဘူး။ တစ်နေရာမှာရောက်နေတယ်။ ရွေးမှာကဘာလဲ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုရွေးမှာ။ သူ့ဟာသူ အကျင့်စာရိတ္တမကောင်းဘူးဆိုတာနဲ့ရပ်ကွက်ထဲမှာ ရွေးချယ်ခံမယ့်လူကိုလာပြီးထိခိုက်မယ်။ အခွင့်အရေးဆုံးမယ်ဆိုလို့ရှိရင် သင့်၊ မသင့် ဒါကြောင့်မို့လို့ ဦးသောင်းဟန်ကတော့ အဲဒါတော့မသင့်ဘူးလို့ပြောဆိုခြင်းဖြစ်တယ်။ ဒါနဲ့ ပတ်သက်လို့သဘောပေါက်တယ်ဆိုလို့ရှိရင် သဘောပေါက်တဲ့အတိုင်းပဲဆောင်ရွက်ပါ။ ဒါဖြင့် ဒီဘက်ကလည်း သဘောပေါက်တယ်။ အတည်ဆိုရင်ဒီအတိုင်းယူမယ်။ သို့မဟုတ် ပြန်စဉ်းစားတဲ့အခါမှာ ဘယ်ဟာကပိုပြီးဖြစ်သင့်သလဲဆိုတာမူတည်ပြီးတော့လည်း မတ်တပ်ရပ်တဲ့သူများ ပြန်စဉ်းစားလို့ရပါတယ်။ အပြောင်းအလဲမရှိဘူးဆိုရင်ရေတွက်မယ်။ ကိုယ့်ဆန္ဒတော့ပြုပြီးပြီပေါ့လေ။ မိသားစုတစ်စုမှာ အကုန်လုံးလည်းအကျင့်စာရိတ္တမကောင်းနိုင်ဘူး။ ယနေ့ အစည်းအဝေးတက်ရောက်သူ ၃၈၁ ဦး၊ ကြားနေ ၅ ဦး၊ ခုနက ကန့်ကွက်

က ၁၈၄ ဦး၊ ထောက်ခံက ၁၉၇ ဦး ဦးသောင်းဟန် နိုင်ပါတယ်။ အဆိုမှာ အပိုဒ် ၅၊ အပိုဒ်ခွဲ(စျ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်ကို မှတ်တမ်းတင်ကြောင်း၊ အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)မှ(ည)အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝင်းခိုင်၊ သိန္နီမဲဆန္ဒနယ်က တင်ပြရန် ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာပါစေလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ထပ်မံဖြည့်စွက်မယ့်အဆိုကတော့ ကျွန်တော်တို့ ပုဒ်မ ၅ တွင် အပိုဒ်ခွဲ(ဋ)ဖြင့် လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်းဆိုသည့်စကားရပ်ကို ဖြည့်စွက်ပေးပါရန်တင်ပြအပ်ပါတယ်။ ရည်ရွယ်ချက်ဆိုလိုရင်းအဓိပ္ပါယ်ကတော့ မြန်မာနိုင်ငံအတွင်း အချို့သောပြည်နယ်ဒေသများတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများခန့်အပ်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းနဲ့ပတ်သက်နေသောပုဂ္ဂိုလ်၊ လက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များ ဥပမာ ပြည်သူ့စစ်ခေါင်းဆောင်များကို ခန့်အပ်တာဝန်ပေးခြင်းကြောင့် ရပ်ကျေးလုပ်ငန်းများဆောင်ရွက်ရာတွင် ၎င်းရရှိထားသောလုပ်ပိုင်ခွင့်ထက် ပိုမိုပြီးအာဏာကိုအလွဲသုံးစားပြုတဲ့ဆောင်ရွက်တတ်သဖြင့်မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာပြဿနာများ ပေါ်ပေါက်ခဲ့ပါသည်။ ဤသို့ကြောင့် ဤအဆိုကို တင်သွင်းခွင့်ပြုပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။ ကျေးရွာအုပ်ချုပ်ရေးမှူးများခန့်အပ်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ပတ်သက်နေသောပုဂ္ဂိုလ်၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ဥပမာ- ပြည်သူ့စစ်ခေါင်းဆောင်များကို ခန့်အပ်တာဝန်ပေးခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာလုပ်ငန်းများဆောင်ရွက်ရာတွင် ၎င်းရရှိထားသောလုပ်ပိုင်ခွင့်ထက်ပိုမိုပြီး အာဏာကိုအလွဲသုံးစားပြုတတ်၊ ဆောင်ရွက်တတ်သဖြင့် မလိုလားအပ်သောအုပ်ချုပ်မှုဆိုင်ရာ ပြဿနာများ ပေါ်ပေါက်ခဲ့ပါသည်။ ထို့ကြောင့် ဤအဆိုကို တင်သွင်းခွင့်ပြုပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်ရှိပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ဖြည့်စွက်ပြင်ဆင်တဲ့ (၄) လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်းဆိုတဲ့ အပိုဒ်ကိုထောက်ခံအပ်ပါတယ်။ သူဆိုလိုတဲ့အဓိပ္ပာယ် ကတာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းမဟုတ်ခြင်းဆိုတဲ့စည်းကမ်းချက်ကို ဆိုလိုခြင်းမဟုတ်ဘဲ အစိုးရဝန်ထမ်းမဟုတ်ဘဲ လက်နက်ကိုင်အဖွဲ့အစည်းဝင်ဖြစ်တဲ့ ပုဂ္ဂိုလ်တချို့ ကျွန်တော်တို့ ဒေသတွေ မှာရှိပါတယ်။ အဲဒီပုဂ္ဂိုလ်များကိုဆိုလိုခြင်းဖြစ်ကြောင်း ရှင်းလင်းပြရင်းနဲ့ထောက်ခံအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဒီအဆိုဟာထပ်မံဖြည့်တယ်။ မူလဥပဒေထဲမှာ ဥပဒေကြမ်းထဲ မှာမပါပါဘူး။ အဆိုမှာ အပိုဒ် ၅ တွင် (၄) လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်းဟူသောအပိုဒ်ခွဲ တစ်ခုထပ်မံဖြည့်စွက်ရန်ဖြစ်သည် ။ ပြည်ထောင်စုအစိုးရ၏ သဘောထားသိလိုပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန )**။ ။ တင်ပြရန် မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက သီးခြားဆွေးနွေးရန်မရှိတဲ့အတွက် သဘောတူတယ် လို့အဓိပ္ပာယ်သက်ရောက်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်များဘက်ကရော ဘာများ တင်ပြစရာရှိပါသလဲ။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ဘက်က သီးခြားတင်ပြရန်မရှိတဲ့အတွက် အဆိုမှာ အပိုဒ် ၅ ၊ အပိုဒ်ခွဲ(က)မှ(ည)အထိမဟုတ်တော့ဘဲနဲ့ အပိုဒ်ခွဲ(က)မှနောက်ထပ်တိုးတဲ့ (၄) အထိ ဤ ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ အခန်း (၄) ခေါင်းစဉ်နှင့် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ပြင်ဆင်ချက်တင်ပြထားတဲ့ ဦးသိန်းညွန့် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ အဆိုတင်သွင်းရန်ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းထားတဲ့ ရွေးချယ်မှုစနစ်အရေးနိမ့်ပြီးဖြစ်တဲ့အတွက် အခုပြင်ဆင်ချက်အားလုံးဟာ ဆက်လက်ပြီးဆောင်ရွက် စရာမလိုတော့ပါ။ ကျွန်တော်ခုနကထောက်ပြတဲ့ ဧည့်စာရင်းအခကြေးငွေမယူရေးကိစ္စမှတစ်ပါး ကျန်အချက်အလက်များအားလုံးကို ကျွန်တော်တစ်ဆက်တစ်စပ်တည်းပဲ ဆက်လက်ဆောင်ရွက်ရန် မလိုကြောင်းထပ်မံတင်ပြပါရစေ။ လေးစားပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒီအပိုင်းကိုကျော်သွားပါမယ်။ အဆိုမှာအပိုဒ် ၆ မူလပြဋ္ဌာန်းချက် အစား မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင်ကြီးကြပ်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ခဏကျော်ပါတယ်။ ဦးအောင်သိန်း၊ ရွှာင်မဲဆန္ဒနယ်ကအပိုဒ် ၆ကို ပြင်ဆင်ချက်အဆိုတင်သွင်းရန်ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွှာင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး လေးစားပါတယ်ခင်ဗျား။ ကျွန်တော်ပြင်ဆင်ချက် တင်မယ့်အပိုဒ်က မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများက ကြည်ညိုလေးစားပြီး၊ သင့်လျော်သည့်ရပ်မိရပ်ဖငါးဦးကို မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ် များနှင့်ညှိနှိုင်းတိုင်ပင်ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်ဆိုတဲ့ အပိုဒ်ဖြစ်ပါ တယ်။ ဒါနဲ့ပတ်သက်လို့ အကျိုးအကြောင်းဖော်ပြချက်ကို ကျွန်တော် ဖတ်ကြားတင်ပြပါမယ်။ ပထမ တစ်ချက်က လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်း အစဉ်အဆက် နေထိုင်ခဲ့သူများဖြစ်ကြခြင်းကြောင့် မိမိတို့နယ်မြေအတွင်း နေထိုင်သူတော်တော်များများကိုသိရှိပြီး သူများဖြစ်ခြင်း၊ နံပါတ်(၂)အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များသည် အများစု ထောက်ခံဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ခံထားရကြသူများဖြစ်သည့်အလျောက် အများ၏ကြည်ညိုလေးစားခံထားရသူ များဖြစ်ခြင်း၊ နောက်တစ်ချက်က မြို့နယ်အုပ်ချုပ်ရေးမှူးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အား လျော်စွာ နေရာရွှေ့ပြောင်းတာဝန်ထမ်းဆောင်ကြရခြင်းကြောင့် မြို့နယ်တစ်ခုတွင် တာဝန်ထမ်းဆောင် ချိန်နည်းလျှင်နည်းသည့်အလျောက် မြို့နယ်အတွင်းနေလူတော်တော်များများနှင့် အကျွမ်းဝင်ရင်းနှီးမှု ရှိနိုင်ခြင်း၊ ရှိလျှင်လည်းနည်းပါးနိုင်ခြင်း မြို့နယ်အုပ်ချုပ်ရေးမှူးများသည် နယ်မြေဒေသတစ်ခု၌ ငါးနှစ် တစ်ဆက်တည်းအမှုထမ်းရန်မလွယ်ကူခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးကောက်တာဝန်ပေးအပ်ခါနီးမှ ပြောင်းရွှေ့ရောက်ရှိလာသော မြို့နယ်အုပ်ချုပ်ရေးမှူးများအဖို့ တိုတောင်းသော တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း နယ်မြေဒေသအကြောင်းကို နှိုက်နှိုက် ချွတ်ချွတ်သိရှိရန်မလွယ်ကူခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးတည်းသဘောနှင့် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်စေခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ရပ်မိရပ်ဖငါးဦး ကိုကြီးကြပ်စေခြင်းများပြုလုပ်ဆောင်ရွက်စေမည်ဆိုပါက အချိန်ကြာလာသည်နှင့်အမျှ အဂတိတရား လိုက်စားခြင်း၊ ဖောက်လွဲဖောက်ပြန်ပြုလုပ်လာနိုင်ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးပြောသမျှ ခိုင်းသမျှ ဖြစ်လာနိုင်ခြင်း၊ ဆရာမွေး၊ တပည့်မွေးဖြစ်လာနိုင်ခြင်း၊ နောက်ဆုံးအနေနဲ့ကတော့ လွှတ်တော်

ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းတိုင်ပင်ခြင်းအားဖြင့် Check and Balance အသွင်သဏ္ဍာန်ပီပြင်လာခြင်းကြောင့် ကျွန်တော် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူလည်းရှိပါသလား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းတင်ပြတဲ့ ပြင်ဆင်ချက်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်အပ်သည့်စနစ်နှင့် ဆက်စပ်ပေးသောကြောင့် ဦးအောင်သိန်းရဲ့ ပြင်ဆင်ချက်ကို ထောက်ခံကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၆၊ မူလပြဋ္ဌာန်းချက်အစား မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများကကြည်ညိုလေးစားပြီး သင့်လျော်သည့်ရပ်မိရပ်ဖငါးဦးကို မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်ဟူသော စာပိုဒ်အစားထိုးရန်ဖြစ်သည်။ ဒီအဆိုနဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကို (ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပါတီစုံက ကိုယ်စားလှယ်များပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်မယ့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့တဲ့အခါမှာ ပါတီဘက်လိုက်မှု ကင်းရှင်းဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ သန့်ရှင်းတဲ့ ကြီးကြပ်ရေးအဖွဲ့ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း ဖြေရှင်းတင်ပြပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းရဲ့ သဘောထားထပ်မံသိလိုပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ မြို့နယ်အုပ်ချုပ်ရေးမှူးဟာ နယ်မြေကျွမ်းကျင်မှုနည်းပါးတဲ့အတွက် ၎င်းရဲ့တစ်ဦးတည်းသဘောနဲ့လုပ်မယ်ဆိုရင် ခုနက အခက်အခဲရှိလာနိုင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာကလည်း ဒီ လွှတ်တော်အစည်းအဝေးတက်နေသလိုပဲ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ၊ အဖွဲ့အစည်းစွဲမထားဘဲနဲ့ ကိုယ့်မြို့နယ်ကိုယ့်ဒေသကောင်းစားရေးအတွက် ဆွေးနွေးမယ်ဆိုရင် ခုပြောတဲ့ပါတီစွဲတွေဟာလည်းထားစရာမလိုဘူးလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ရှောင်မဲဆန္ဒနယ်က ဦးအောင်သိန်းရဲ့အဆိုကိုထောက်ခံတဲ့ ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးပါ။ ၅၉ ယောက်၊ ထိုင်နိုင်ပါပြီခင်ဗျား။ ကြားနေမဲပုဂ္ဂိုလ်များ မတ်တပ်ရပ်ပေးပါခင်ဗျား။ ကြားနေတစ်ယောက်၊ ကန့်ကွက်သူများတဲ့အတွက် ဦးအောင်သိန်း ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ်(၆)ကို အတည်ပြုနိုင်ရန် ထပ်မံတင်ပြပါမယ့်။ အဆိုမှာ အပိုဒ်(၆)သည် မူလပြဋ္ဌာန်းသည့်အတိုင်း ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကိုလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဒီအပိုဒ်တွေဟာ မလိုဘဲနဲ့ထပ်ထည့်ထားတယ်။ နောက်ဆိုရင်ပယ်တယ်။ အဆိုဆက်လက်တင်သွင်းပါမယ်။ အဆိုမှာအပိုဒ် ၇ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ဒါလည်း ဦးသိန်းညွန့်က လက်မြှောက်ထားတဲ့အဆိုဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်လည်း ကျော်ပါတယ်။ ဦးသိန်းညွန့်ဟုတ်တယ်နော်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မလိုအပ်တော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပါပြီ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒါခုန ကျွန်တော်အဆိုပေါ်မှာ အရေးနိမ့်တဲ့အတွက် ဒါလုပ်ဟန်ကိစ္စပါ။

**ဥက္ကဋ္ဌ**။ ။ တကယ်လို့ ကျွန်တော်ကျော်သွားတယ်ဆိုရင် လက်ထောင်အုန်းနော် ဆက်လက်ပြီး အပိုဒ် ၇ အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးအောင်သိန်း ရှောင်မဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရှောင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီ ပြင်ဆင်ချက်အဆိုကို တင်ပြထားတဲ့အဓိပ္ပာယ်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေကို ရွေးတဲ့နေရာမှာ ဆယ်အိမ်စုခေါင်းဆောင်နေရာရွေးမယ့်အစား အဲဒီ အုပ်စုထဲမှာ၊ အဲဒီရပ်ကွက်ထဲမှာရှိတဲ့ မဲဆန္ဒပေးပိုင် ခွင့်ရှိတဲ့ လူတွေအကုန်လုံးကို မဲထည့်ဖို့လိုတယ်ဆိုတဲ့သဘောနဲ့ ကျွန်တော်ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အဲဒီလို မဲဆန္ဒပေးပိုင်ခွင့်ရှိတဲ့သူတွေအကုန်လုံးကို ဘာကြောင့် မဲပေးခွင့်ပေးစေတုန်းဆိုတဲ့ကိစ္စ ကျွန်တော်အနည်း

အကျဉ်းတင်ပြလိုပါတယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ ပြည်သူတို့ထံမှဆင်းသက်တာဖြစ်တာတစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ မှာ နိုင်ငံတော်သည်စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတယ်လို့ပြဋ္ဌာန်း ထားတာတစ်ကြောင်း၊ အဲဒါကြောင့်မို့လို့ မဲဆန္ဒပေးနိုင်တဲ့သူတွေအကုန်လုံးကို လျှို့ဝှက်မဲနဲ့တိုက်ရိုက် ရွေးချယ်ခံခြင်းသာလျှင် ဒီမိုကရေစီပို၍ကျမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဆယ်အိမ်စု ကိုယ်စားလှယ်များက ရွေးချယ်ပေးလိုက်တဲ့ အုပ်ချုပ်ရေးမှူးများဟာ ၎င်းဆယ်အိမ်စုအတွင်းမှာရှိတဲ့ ရွာသူ၊ ရွာသားများက သဘောတူလက်ခံပေးမယ်ဆိုပါက သဘာဝမကျနိုင်ပါ။ ဆယ်အိမ်စု ကိုယ်စားလှယ်သဘောနဲ့လည်း တစ်ထပ်တည်းမကျနိုင်ပါဘူး။ နောက်ဆုံး လူနည်းစုရွေးပေးလိုက်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသာဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒီနေရာမှာ လူနည်း စုရွေးချယ်ပေးလိုက်တဲ့ အတွက် နောက်တစ်နေ့ကျလို့ရှိရင် လာဘ်ပေးလာဘ်ယူစနစ်ဖြင့် လက်သိပ်ထိုး ပြီးတော့ ဆောင်ရွက်တဲ့အနေအထားလည်း ဖြစ်လာနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်ထဲမှာရှိတဲ့ မဲဆန္ဒရှင်ပြည်သူများအားလုံးရဲ့ အများစုဆန္ဒ၊ လျှို့ဝှက်မဲပေးတဲ့စနစ်နဲ့ ရွေးချယ်တင်မြှောက်ခြင်းသာလျှင် အံဝင်ခွင်ကျဖြစ်မှာဖြစ်တဲ့ အတွက် ကျွန်တော် ဒီပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ပြင်ဆင်ချက်က ကြီးကြပ်ရေးအဖွဲ့သည် အပိုဒ်ခွဲ(က) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကျေးရွာတွင် နေထိုင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံပိုင်ခွင့် အရည်အချင်းနှင့်ပြည့်စုံသူများအား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ရန် အဆိုပြုလွှာများ တင်သွင်းစေပြီး အဆိုပြုသူများ၏ အမည်စာရင်းကိုတင်ပြရမည်။ အပိုဒ်ခွဲ(ခ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင်နေထိုင်ပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်းနည်းဥပဒေများနှင့် အညီဆန္ဒမဲပေးပိုင်ခွင့်ရှိစေရမည်။ အပိုဒ်ခွဲ(ဂ) အထက်အပိုဒ်ခွဲ(က)ပါအမည်စာရင်းတင်သွင်းသူများထဲမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို နည်းဥပဒေများနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်စေရမည်။ အပိုဒ်ခွဲ(ဃ) ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အရေးကိစ္စများကို နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးသည့်အတိုင်း ဆောင်ရွက်ရမည်။ အပိုဒ်ခွဲ(င)၊ ပုဒ်မခွဲ(စ)ရွေးချယ်ရန်ရှိသော ဦးစားပေးအစီအစဉ်ကို ပြုစုပြီး လျှို့ဝှက်ဆန္ဒမဲအများဆုံးရရှိသောပုဂ္ဂိုလ်၏အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြရမည်ဆိုတဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ် ဖိတ်ခေါ်ပါတယ်။

**ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ(ကျောက်မဲမဲဆန္ဒနယ်)** ။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်သိန်း၊ ရှာင်တင်သွင်းတဲ့အဆိုမှာ ဒီမိုကရေစီအငွေ့အသက်တွေ လွှမ်းခြုံပြီးတော့ လျှို့ဝှက်ဆန္ဒမဲအဖြစ် ရွေးချယ်ရမယ်ဆိုတဲ့ မူပါတဲ့အတွက် ကျွန်တော်ထောက်ခံကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤပြည်သူ့လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုပဲ ဒီအပိုဒ်ကိုပဲ ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဦးဆောင်ဆီက တင်ပြထားတာရှိပါတယ်။ ဒါကြောင့်အဆိုကို ဦးဆောင်ဆီက တင်ပြပေးပါ။

**ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ(ကျောက်မဲ မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်ဆီ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေး တင်ပြအကြံပြုရမယ့်ကိစ္စကတော့ ရပ်ကွက်နဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း အခန်း(၄) ဖြစ်ပါတယ်။ ဤဥပဒေကြမ်းထဲမှာ ရပ်ကွက်နဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရွေးချယ်ခန့်ထားဖို့တစ်ပိုင်းနဲ့ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်ဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ရွေးချယ်ခန့်ထားမှု အခန်းက စိတ်ဝင်စားစရာအလွန်ကောင်းပြီး တာဝန်လည်းအလွန်ကြီးမားတယ်လို့ ယူဆပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ လေ့လာပြီးတဲ့အတိုင်း ရပ်ကွက်နဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရွေးချယ်တဲ့အခါ မူလပြဋ္ဌာန်းချက်က ယေဘုယျအားဖြင့် သက်ဆိုင်ရာရွာမှာရွေးချယ်တဲ့အခါ ဆယ်အိမ်စု အသီးသီးက ဆယ်အိမ်မှူးများကို ဆန္ဒပြုရပါတယ်။ ပြီးမှ ဆယ်အိမ်မှူးများအနက် အချင်းချင်း လျှို့ဝှက်မဲနဲ့ ရပ်ကွက်နဲ့ကျေးရွာအုပ်ချုပ်ရေးမှူးကို ရွေးချယ်ကြမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စကိုပြင်ဆင် အဆိုပြုလိုတဲ့အကြောင်းက ရွေးချယ်တဲ့စနစ်မှာ ပြည်သူလူထုက ပြည်သူ့ရေးရာမှာ အပြည့်အဝပါဝင်ခွင့် မရဘူးလို့ယူဆပါတယ်။ ပြည်သူလူထုဟာ နိုင်ငံရေးမှာ သူတို့ဆန္ဒကို အပြည့်အဝဖော်ထုတ်ပါဝင်ခွင့်ရစေခြင်းဟာသိပ်ပြီးလေးနက်တယ်။ တန်ဖိုးလည်းအလွန်ကြီးပါတယ်။ ပြည်သူလူထုတွေရဲ့ ဆန္ဒအပြည့်အဝနဲ့ ပါဝင်စေဖို့အတွက် ဥပဒေပြုရာမှာ ဥပဒေပြုတာဝန်ရှိတဲ့သူတွေက စေတနာနဲ့ ဖြူစင်မှုရှိဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။ ပြည်သူလူထုကို အပြည့်အဝမပါဝင်စေခြင်းဟာ ပြည်သူလူထုကရွေးချယ်ပြီး ဥပဒေပြုဖို့ တာဝန်ပေးခံလိုက်ရတဲ့ ကိုယ်စားလှယ်တွေမှာ လူထုအပေါ် စေတနာနဲ့ ဖြူစင်မှု ရှိခြင်း၊ မရှိခြင်းဆိုတာတွေနဲ့ လူထုကဆုံးဖြတ်ပါလိမ့်မယ်။ တာဝန်အလွန်ကြီးမားပါတယ်။ ဒါကြောင့် ရပ်ကွက်နဲ့ကျေးရွာအုပ်စု ဥပဒေကြမ်း၊ ဥပဒေကြမ်းအခန်း(၄)ကို ပြင်ဆင်ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဘယ်လိုပြင်ဆင် ဆွေးနွေးမလဲ

ဆိုတော့ ပြည်သူလူထုမဲပေးပိုင်ခွင့် အရည်အချင်းပြည့်စုံသူတိုင်းက အရွေးချယ်ခံလိုသူတွေကို လျှို့ဝှက်မဲပေးတဲ့စနစ်နဲ့ ရွေးချယ်တင်မြှောက်ခြင်းပဲဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြမယ့်ဆွေးနွေးချက်ကို ကျွန်တော်ရယ်၊ အလုံမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာတို့က ဆွေးနွေးကြမှာဖြစ်ပါတယ်။ အခန်း(၄)နဲ့ပတ်သက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၃၅ ဦးနီးပါး လက်မှတ်ရေးထိုးပြင်ဆင်ဆွေးနွေးတဲ့ တင်ပြချက်လည်းဖြစ်ပါတယ်။ ဒီတင်ပြချက်ကို လွှတ်တော်ကိုယ်စားလှယ်များဆုံးဖြတ်တဲ့အခါမှာလည်း လွှတ်တော်ရဲ့လန်းဆန်းတက်ကြွတဲ့ ဆောင်ပုဒ်အတိုင်း ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက် ဆိုတဲ့အတိုင်း ပြည်သူ့လိုအင်ဆန္ဒကို ဖော်ဆောင်ခြင်းပေးကြပါလို့ တိုက်တွန်းဆွေးနွေးလိုပါတယ်။ မဟုတ်ရင်တော့ ဆယ်အိမ်မှူးအသံ၊ လွှတ်တော်အသံ၊ ဆယ်အိမ်မှူးဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ဆယ်အိမ်မှူးမျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်ဆိုပြီး သမိုင်းကိုရေးမိမှာကို ကျွန်တော်စိုးရိမ်မိလို့ ကျွန်တော် ဒီလိုအကြံပြုရပါတယ်ခင်ဗျား။ ဒါပေမယ့် အခု ကျွန်တော်တို့ တင်သွားတဲ့ကိစ္စမှာ ဒီရွေးကောက်ပွဲကိုရွေးချယ်တဲ့နည်းနဲ့ ခုနက ဦးသိန်းညွှန့်အဆိုလည်း အရေးနိမ့်သွားပြီဆိုတော့ ကျွန်တော်တို့ရဲ့ ၃၅ ဦး ဆွေးနွေးချက်ကလည်း ရပ်ကျေး ဥက္ကဋ္ဌကို ကျွန်တော်တို့ ရွေးကောက်ပွဲနည်းနဲ့ ကျွန်တော်တို့ ဖော်ဆောင်ချင်တယ်ဆိုတဲ့သဘောတူညီချက်နဲ့ ကျွန်တော်တို့က အစုအဖွဲ့လိုက်အကြံပြုထားတဲ့အတွက် ဦးသိန်းညွှန့်ရဲ့အဆိုအတိုင်းပဲ ကျွန်တော်တို့ရဲ့ အနှစ်သာရတူနေပါတယ်။ အဲတော့ အချိန်ကို ငဲ့ညှာသောအားဖြင့် ဒီရပ်ကျေးအုပ်ချုပ်ရေးမှူးကိစ္စကို ပြင်ဆင်ချက်ကို ကျွန်တော်ရုပ်သိမ်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌကတော့ အခု ဒီအပိုဒ်တွေပေါ်မူတည်ပြီးတော့ တစ်ဦးက ဦးဆောင်ဆီ၊ တစ်ဦးက ဦးအောင်သိန်း ဒီအဆိုနှစ်ခုကို ထောက်ခံမှုများတဲ့ဟာကို ပထမရွေးလိုက်မယ်။ ပြီးတဲ့အခါမှာ ဆက်ပြီးတော့ ကျန်တဲ့ ပြည်ထောင်စုကိုယ်စားလှယ်နဲ့ ဆက်ပြီးတော့မေးမယ်၊ ဖြေမယ်ဆိုတဲ့အနေအထား ရှိခဲ့ပါတယ်။ သို့ရာတွင် ဦးဆောင်ဆီကတော့ ဒါကို ရုပ်သိမ်းလိုက်ပြီဖြစ်တဲ့အတွက် ကျန်တာကတော့ ဦးအောင်သိန်း ကျန်တဲ့သဘောပါရှိတယ်။ ဦးအောင်သိန်းရဲ့ ဒီနှစ်ယောက်မှာတော့ ဦးအောင်သိန်းဘက်ကတော့ ဟိုဘက်ကပြန်ပြီးရုပ်သိမ်းသွားတဲ့ အလိုအလျောက်အဆိုကကျန်နေပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်သိန်း အနေနဲ့ ကောဘာများပြောစရာရှိပါသလဲ။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ ကျွန်တော်လည်း ဒီခုနက ပြောတဲ့အတိုင်းပဲ။ ဒါ ကျွန်တော်တို့ ဦးသိန်းညွှန့်တင်တာရယ်၊ ဦးစိုင်းဆောင်ဆီတင်တာရယ်၊ ကျွန်တော်တို့တင်တာရယ် က

သဘောသဘာဝတစ်ခုတည်းပဲဖြစ်ပါတယ်။ တစ်ခုတည်းပဲဖြစ်တဲ့အတွက် ဒီကိစ္စကို ခုနက ပြောနေကျ စကားအတိုင်းပဲပြောရင်တော့ အချိန်ကိုလေးစားသောအားဖြင့် အဲဒါကိုကျွန်တော်လည်း ကျွန်တော့် အဆိုကိုလည်း ပြန်ရုပ်သိမ်းရမယ့်သဘောဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဟာနဲ့ပတ်သက်လို့ အခြား အဆိုတင်ပြစရာရှိသေးလား။ မရှိတော့ဘူးနော်။ အပိုဒ်အားလုံးဒါပဲ။ ဦးဆောင်ဆီအားလုံး သူတစ်ယောက်၊ နှစ်ယောက်ပဲရှိတယ်။ ရှိပြီးတဲ့အခါမှာ တစ်ပိုဒ်ပဲကျန်တယ်။ ကဲဒါကြောင့်မို့လို့ ဒီအဆိုနှစ်ခု ရုပ်သိမ်းသွားတဲ့အတွက် ဘာမှအထူး ကျွန်တော်တို့ ဆောင်ရွက်စရာမလိုဘဲနဲ့ ဒီအဆိုထဲက စာပိုဒ် ၇(ဂ)နဲ့ပတ်သက်ပြီးတော့ ဦးတင်ထွန်း၊ ရွှေကျင်မဲဆန္ဒ နယ်က အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွန်း(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြဌာန်းပြင်ဆင်တင်ပြချက် အပိုဒ်ကို အပိုဒ်ခွဲ(ဈ)လို့ ပေးထားပါတယ်။ သို့သော်လည်း ဒီမှာ (ဂ)လို့ အရေးအသားဖြစ်တဲ့အတွက် ကြောင့် ကျွန်တော့်အပိုဒ်ကို အပိုဒ်(ဈ)အဖြစ် ပြောင်းလဲပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ အဲလိုဆို ခဏလေး။ ဦးတင်ထွန်း ခဏလေးထိုင်လိုက်ပါနော်။ ကျွန်တော်တို့က အပိုဒ်ခွဲ (၇)ထဲက (ဂ)ထင်လို့။ မဟုတ်ဘူးဆိုတဲ့အတွက် အပိုဒ် ဈ ဆိုရင် အပိုဒ် ဈ ပုံစံနဲ့သွားမယ်။ ပြန်ထိုင်ပါခင်ဗျား။ ဒါကြောင့်မို့လို့ ခုနက ဦးဆောင်ဆီနဲ့ ဦးအောင်သိန်း တင်ပြတဲ့အဆိုတွေဟာ အလိုအလျောက်ရုပ်သိမ်းသွားတဲ့အတွက် မူလဥပဒေကြမ်းမှာ အစိုးရအဖွဲ့ရဲ့ တင်ပြထားတဲ့တင်ပြချက် ကအတည်ဖြစ်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**ဦးတင်ထွန်း(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အပိုဒ် ဈ အနေနဲ့ တင်ပြချင်တဲ့အချက်က သက်ဆိုင်ရာပြည်နယ်/တိုင်းအစိုးရအဖွဲ့ကဖွဲ့စည်းထားသော မြို့နယ်ရွေးချယ်စိစစ်ရေးအဖွဲ့နဲ့စိစစ်ရွေးချယ်ပြီး ပြည့်စုံပါက မြို့နယ်အုပ်ချုပ်ရေးမှူးမှ ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြကြရမည်ဆိုပြီးတော့ ကျွန်တော်တို့ အပိုဒ် ဈ မှာ ပြင်ဆင်လိုပါတယ်။ ဒါကဘာကြောင့်လည်း ဆိုတော့ ကျွန်တော်တို့ သက်ဆိုင်ရာပြည်နယ်/တိုင်းအစိုးရအဖွဲ့တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများရဲ့ ဒီ Check and Balance စောင့်ကြည့်ထိန်းညှိကူညီတဲ့ အဆက်အသွယ်ပြတ်နေတယ်လို့ ကျွန်တော်ယူဆချက်ကြောင့် ပြည်နယ်/ တိုင်းအစိုးရ အဖွဲ့ကဖွဲ့စည်းပေးထားတဲ့ မြို့နယ်ရွေးချယ်စိစစ်ရေးအဖွဲ့ကနေပြီးတော့ ရွေးချယ်စိစစ်ပြီးတော့မှ

မြို့နယ်အုပ်ချုပ်ရေးမှူးက၊ ခရိုင်အုပ်ချုပ်ရေးမှူးကြီးထံ တင်ပြရမယ်လို့ အဲဒီလို ဖြည့်စွက်တင်ပြခြင်း ဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွန်း၊ ရွှေကျင်မဲဆန္ဒနယ်ရဲ့အဆိုမှာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က တင်ပြသောအမည်စာရင်းပုဂ္ဂိုလ်ကို သက်ဆိုင်ရာပြည်နယ်/တိုင်းအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော မြို့နယ်ရွေးချယ်စိစစ်ရေးအဖွဲ့နှင့် စိစစ်ရွေးချယ်ပြီး ပြည့်စုံပါက ခရိုင် အုပ်ချုပ်ရေးမှူးထံတင်ပြရမည်။ ဒါမှန်ပါသလား။ ဒါနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ သဘောထားကို သိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပုဒ်မ ၈ မှာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့ကတင်ပြသော အမည်စာရင်းပါပုဂ္ဂိုလ်ကိုစိစစ်၍ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်လို့ ဖော်ပြထားပါတယ်ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်ကြီးအဆင့် မြို့နယ်ကိုယ်စားလှယ်တော်ကြီး ဦးတင်ထွန်းရဲ့ တင်ပြချက်ကတော့ သက်ဆိုင်ရာ ပြည်နယ်၊တိုင်းအစိုးရအဖွဲ့မှဖွဲ့စည်းပေးသော ဖွဲ့စည်းရေးအဖွဲ့နှင့်စိစစ်၍ ခရိုင်အုပ်ချုပ် ရေးမှူးထံတင်ပြရမည်ဆိုပြီးတော့ ဖော်ပြထားတယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပဒေကြမ်းမှာ ရေးဆွဲထားတာနေရာမှာ ကြီးကြပ်ရေးအဖွဲ့ကို မြို့နယ်ကပဲရေးဆွဲထား တာဖြစ်ပါတယ်ခင်ဗျား။ အဲတော့ နောက်တစ်ခါ ဒီအတည်ပြုချက်ကိုတော့ မြို့နယ်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူးဆီကို တင်ပြအတည်ပြုပြီးတော့မှ ခန့်အပ်ဖို့ဆိုပြီးတော့ ရည်ရွယ်ထား တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အုပ်ချုပ်ရေးစနစ်အရ ကျွန်တော်တို့ ပြည်နယ်နဲ့တိုင်း ဒေသကြီးတွေကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါဘူးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ အထက် နှစ်ဆင့်ကိုပဲယူထားခြင်းဖြစ်ပါတယ်။ ယူရတဲ့ရည်ရွယ်ချက်ကတော့ လုပ်ငန်းပမာဏများပြားမှာဖြစ်တဲ့ အတွက် ဒီအထက်အဆင့်နှစ်ဆင့်၊ မြို့နယ်နဲ့ခရိုင်အဆင့်နှစ်ဆင့်နဲ့တင် လုံလောက်မှုရှိတဲ့အတွက် လုပ်ငန်းသဘောသဘာဝအရ ကြီးမားကျယ်ပြန့်မှုမရှိစေရန် ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ခရိုင်အဆင့် ထိပဲတင်ပြဆုံးဖြတ်အတည်ပြုချက်ရယူရေးဆွဲထားခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွန်းရဲ့သဘောထားကို သိလိုပါတယ်။

**ဦးတင်ထွန်း(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ ဒီစဖွဲ့ကတည်းက မြို့နယ်စိစစ်ရွေးချယ်ရေးအဖွဲ့ကို ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်နေအောင် ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့ကနေပြီးတော့ ဖွဲ့စည်းပြီးတော့မှ မြို့နယ်စိစစ်ရွေးချယ်ရေးအဖွဲ့ကနေ ဖွဲ့စည်းစေချင်တဲ့ ဒီမိုကရေစီနဲ့ Check and Balance သဘောကိုပါဝင်စေချင်တဲ့သဘောဖြစ်ပါတယ်။ အဲတော့ အပြန်အလှန်စောင့်ကြည့်ကူညီတဲ့အနေအထားလည်းဖြစ်တယ်လို့ ကျွန်တော် ယူဆချက်ကြောင့်တင်ပြရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ အဆိုကိုမရုပ်သိမ်းဘူးဆိုတဲ့သဘော။

**ဦးတင်ထွန်း(ရွှေကျင်မဲဆန္ဒနယ်)**။ ။ မရုပ်သိမ်းပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင် ကျွန်တော် မဲခွဲပါမယ်။ ဦးတင်ထွန်း အဆိုကိုထောက်ခံတဲ့ကိုယ်စားလှယ်များမတ်တပ်ရပ်ပေးကြပါ။ တစ်ယောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကြားနေတဲ့ပုဂ္ဂိုလ်များရှိရင်မတ်တပ်ရပ်ပေးပါ။ မရှိပါဘူး။ ဒါကြောင့်မို့လို့ ဦးတင်ထွန်းအဆိုကို ထောက်ခံတစ်ယောက်။ ကြားနေမရှိ။ ကျန်တာ ကန့်ကွက်။ ဒါကြောင့်မို့လို့ ဦးတင်ထွန်းရဲ့အဆို ရှုံးသွားကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ အပိုဒ် ၇ မှာ ကိုယ်စားလှယ်အချင်းချင်း ယှဉ်ပြိုင်စေဖို့ ကိစ္စကနှစ်ယောက်လုံး ရုပ်သိမ်းသွားတဲ့အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက်တစ်ခုရှိပါတယ်။ ဒါကတော့ ပြင်ဆင်ချက်အနေနဲ့ ဆယ်အိမ်စုတစ်စုတွင်ပါဝင်သော သက်ဆိုင်ရာအိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို တင်ပြစေရမည်ဟု ဒီလိုဖော်ပြထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်း ကော်မတီကအခု မိမိဖတ်ပြသွားတဲ့အတိုင်း တင်ပြထားခြင်း ရှိ၊ မရှိ အတည်ပြုပြောကြားပေးပါ။ မကြားလိုက်ဘူးနော်။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ဖို့ တင်ပြထားတာရှိတယ်။ ပြင်ဆင်လိုတဲ့ အဆိုမှာဆယ်အိမ်စုတစ်စုတွင်ပါဝင်သော သက်ဆိုင်ရာအိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွင်နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ရွေးချယ်ခံရသူ၏ အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်တို့ကို တင်ပြစေရမည်။ ဒီလိုရေးသားတင်ပြထားတာမှန်သလား။ မှန်တယ်ဆိုရင်တော့ ပြီးခဲ့တဲ့သီးခြား ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်နဲ့လည်းတွေ့ဆုံတဲ့အခါမှာ ဒါနဲ့ပတ်သက်လို့ဖော်ပြစရာမရှိဘူးလို့ ပြောခဲ့ပါတယ်။ ဒါ

အတည်ဖြစ်တယ်ဆိုလို့ရှိရင် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ဟာ အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အစည်းအဝေးကို ရပ်နားပါမယ်။ နက်ဖြန်မှာ ဒီပြည်သူ့လွှတ်တော် အစည်းအဝေးမရှိပါဘူး။ နောင်လာမယ့် သောကြာနေ့ နံနက် ၁၀း၀၀ နာရီမှာ အစည်းအဝေး ဆောင်ရွက်မှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို နာရီ အချိန်တွင်ရပ်နားပါသည်။**]**